www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၆ ဧပြီလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ချယ်ရီမေ(အင်းစိန်) |
| ကွန်ပျူတာ | - | ထက်အောင်ဇော်(ကညွတ်ကွင်း) |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (၀၀၃၇၄) ဇင်ရတနာစာပေ ၂၀၅၊ က/၄ လမ်း၊ မြို့သစ် (က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြ-၀၀၄၅၉) စိုးမေတ္တာပုံနှိပ်တိုက် အမှတ်(၁၇)၊ ၅၆ လမ်း ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

မောင်မှိုင်းညို့(ချောင်းဦး) ၃၉၈.၂
သချိုင်းရွှေ့တဲ့နေ့နှင့်နာနာဘာဝဖြစ်ရပ်မှန်များ/မောင်မှိုင်းညို့(ချောင်းဦး)
ရန်ကုန်၊
ဇင်ရတနာစောစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၁၄-စာ၊ ၁၂ × ၁၈ စင်တီ

# သချိုင်းရွှေ့တဲ့နေ့
# နှင့်
# နာနာဘာဝဖြစ်ရပ်မှန်များ

## မောင်မှိုင်းညို့(ချောင်းဦး)

www.burmeseclassic.com

www.burmeseclassic.com



"မင်းကသာ နားမလည်နိုင်ဘူးပြောနေတယ်၊

သူကတော့ မင်းကိုကောင်းကောင်းသိနေပုံပဲ.......၊

ရှင်းရှင်းလင်းလင်းသိရအောင် မင်းကိုယ်တိုင်မေးကြည့်

စမ်းပါဦး...."

ဆရာကြီးဦးကြာညွန့်ဟာ မောင်ခင်မောင်လွင်ကို မေး

ခွင့်ပြုလိုက်တယ်......၊

"ကျုပ်မိန်းမ အုန်းခင်မြင့်ဟာ ရိုးသားအေးဆေးတဲ့

မိန်းမတစ်ယောက်ပါ။

ဘယ်သူနဲ့မှ ရန်မဖြစ်ဖူးပါဘူး၊

သူ့ကြောင့် ခင်ဗျားရဲ့သမီးသေရတယ်ဆိုတာ မဖြစ်နိုင်

ဘူး...."

"နင်.....နင်.....တော်တော်ရက်စက်တဲ့ ကောင်

ပဲ.....၊ အခုမှ မသိချင်ဟန်ဆောင်မနေနဲ့..."

"ကျုပ်တကယ်နားမလည်လို့ပါ။

ဒီလိုဆိုရင် ကျုပ်မိန်းမကြောင့် သေရတယ်ဆိုတဲ့ ခင်ဗျား

သမီးရဲ့နာမည် ဘယ်သူလဲ....."

"အေး.......၊ နင်နားမလည်ဘူးဆိုတော့လည်း

ပြောရတော့မှာပေါ့......၊





နင့်မိန်းမကြောင့် သေသွားတဲ့ငါ့သမီး နာမည်

က မငွေကြိုင်လေ၊ ကဲ....သိပြီလား"

"ဗျာ.....မငွေကြိုင်......"

ခင်မောင်လွင် ထိတ်လန့်အံ့ဩသွားတယ်.....၊

"ဒီဆို......ဒီဆို.....အခုပူးကပ်နေတာ......

အမေ......အမေအေးရွှေပေါ့....."လို့ အထစ်ထစ်အငေါ့ငေါ့နဲ့

မေးလိုက်တယ်.....၊

ကဝေပျံဆိုက ဘာသံမှထွက်မလာတော့ဘူး.....၊

ပါးစပ်ကို တင်းတင်းစေ့ပိတ်ထားတယ်။

ကြီးမားတဲ့အမုန်း၊ မပြေနိုင်တဲ့ရန်ငြိုးကြောင့် မျက်လုံး

တွေထဲမှာတော့ ဒေါသမီးတွေက တဟုန်းဟုန်းတောက်လောင်

နေတုန်းပါပဲ......။

(နှစ်)

"ခင်မောင်လွင်ရန်ကုန်မှာ မိန်းမရသွားပြီတဲ့....."

ဒီသတင်းက ရွာကိုရောက်လာတယ်.....၊

မငွေကြိုင်မျက်နှာ ဘယ်မှာသွားထားရမယ်မှန်း မသိ

တော့ဘူး၊ ရှက်စိတ်၊ နာကြည်းစိတ်က ငယ်ထိပ်ထိတက်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

တစ်ရွာလုံးရဲ့အကြည့်ကလည်း မငွေကြိုင်ဆီကိုပဲ ရောက်နေတယ်။

ရေအိုးစင်တစ်ရွာလုံး ခင်မောင်လွင်နဲ့ သူ့အကြောင်းပဲ ပြောနေလိမ့်မယ်လို့ မငွေကြိုင်ထင်တယ်......၊

ဟုတ်တော့လည်းဟုတ်တယ်၊ တစ်နေ့နေ့မှာ သူတို့နှစ်ယောက် ယူကြလိမ့်မယ်လို့ တစ်ရွာလုံးသိထားကြတယ်။

ဘာ့ကြောင့်လဲဆိုတော့ ငယ်စဉ်ကတည်းက အပျိုလူပျို အရွယ်ထိ တစ်ပူးတွဲတွဲရှိနေလို့ပဲ။

တစ်ပူးတွဲတွဲရှိတဲ့အလျောက်လည်း ခင်မောင်လွင်က မငွေကြိုင်ကို စွဲလမ်းနှစ်ခြိုက်တယ်။

မငွေကြိုင်ကလည်း ခင်မောင်လွင့်အပေါ် ချစ်ခင်နှစ်သက်တယ်......၊

နှစ်ယောက်စလုံးဟာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်နေ့မမြင်ရရင် တစ်နေ့မနေနိုင်တဲ့ အချစ်စိတ်တွေနဲ့ ရှိခဲ့ကြတယ်။

ဒါ့ကြောင့် တစ်ရွာလုံးက သူတို့နှစ်ယောက်ချစ်နေကြပြီ တစ်နေ့နေ့မှာတော့ သူတို့နှစ်ယောက်မလွဲမသွေ လက်ထပ်ကြမှာ အမှန်ပဲလို့ ယူဆနေကြတာဖြစ်တယ်။





ခင်မောင်လွင်ရန်ကုန်ကို အလုပ်သွားလုပ်တော့လည်း မငွေကြိုင်နဲ့ လက်ထပ်ဖို့ငွေရှာသွားတာ၊

အလုပ်လုပ်ပြီးငွေစုမယ်၊ ငွေစုပြီးရင် မငွေကြိုင်ကို ဆောင်းရမ်းလက်ထပ်မယ်လို့ တစ်ထစ်ချတွက်ဆခဲ့ကြတယ်....၊

ဒီလို တစ်ထစ်ချတွက်ဆတဲ့အထဲမှာ မငွေကြိုင်ရဲ့အမေ ဒေါ်ရွှေလည်းပါတယ်။

ဒေါ်ရွှေကလည်း ခင်မောင်လွင်ကို ငယ်စဉ်ကတည်းက ခင်ဆင်ခဲ့တဲ့ သံယောဇဉ်ရယ်၊ ရိုးသားမှုနဲ့ သိမ်မွေ့ယဉ်ကျေးတဲ့အပြုအမူတွေကြောင့်ရယ် သားတစ်ယောက်နဲ့မခြား ချစ်တယ်။

နောက်ပြီး ခင်မောင်လွင့်မိဘများက ဥစ္စာဓနအချမ်းသာကြီး မဟုတ်ပေမဲ့ အဆင်းရဲကြီးလည်းမဟုတ်ဘူး၊ သူတို့လိုပဲ စားနိုင်သောက်နိုင်ထဲက ဖြစ်တယ်၊

မြင်ရတွေ့ရသလောက်ဆို သမီးမငွေကြိုင်အပေါ်မှာ အနွံ့ အတာခံတာ တွေ့ရတယ်။

သမီးရဲ့အရိပ်အကဲကို သတိထားကြည့်တော့လည်း မောင်ခင်မောင်လွင့် အပေါ်မှာ သံယောဇဉ်ကြီးနေတာကို အကဲ ခတ်မိတယ်......၊

ဒါ့ကြောင့် မဖြစ်သင့်တာမဖြစ်အောင် တစ်ခါတစ်ရံဆုံး



www.burmeseclassic.com

www.burmeseclassic.com



တာကလွဲပြီး သူတို့နှစ်ယောက် တစ်ပူးတွဲတွဲရှိနေကြတာကို မကန့်ကွက်ခဲ့ဘူး။

ဒေါ်ရွှေကိုယ်တိုင်လည်း ခင်မောင်လွင်ကို "သား"လို့ ခေါ်ပြီး ကြည်ကြည်ဖြူဖြူရှိခဲ့တယ်။

ဒါပေမဲ့ ဒေါ်ရွှေရော၊ ရေအိုးစင်တစ်ရွာလုံးပါ မသိသေးတဲ့ အချက်တစ်ချက်ရှိခဲ့တယ်....၊

အဲ့ဒီအချက်ကတော့ ခင်မောင်လွင်နဲ့ မငွေကြိုင်တို့နှစ်ယောက် တရားဝင်ချစ်သူရည်းစားမဖြစ်သေးဘူးဆိုတဲ့ အချက်ပါ။

ဟုတ်တယ်၊ ခင်မောင်လွင်က မငွေကြိုင်ကို ချစ်နေတယ်၊ မငွေကြိုင်ကလည်း ခင်မောင်လွင်ကို နှစ်သက်တယ်၊

တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ကြိုးတွေနဲ့ ရစ်ပတ်နှောင်တွယ်ထားကြတယ်၊

ဒါပေမဲ့ ခင်မောင်လွင်ဟာ မငွေကြိုင်ကိုချစ်ပါတယ်ဆိုတဲ့ အကြောင်း ပွင့်ပွင့်လင်းလင်းမဖွင့်ဟာသေးဘူး။

ရှက်တာလား။ ကြောက်တာလား။ ရိုးလွန်းလို့ပဲ 'အ' သွားတာလားမသိဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ခင်မောင်လွင်သူ့ကိုချစ်တယ်ဆိုတာ မငွေကြိုင်သိတယ်၊ ဒီလိုပဲ မငွေကြိုင်သူ့ကို ချစ်နေတယ်ဆိုတာ





လည်း ခင်မောင်လွင်သိတယ်၊

ဒါဆိုရင် ပြည့်စုံလုံလောက်ပြီလို့များ ယူဆထားကြသလား မပြောတတ်ဘူး။

ခင်မောင်လွင်ကလည်း ပွင့်ပွင့်လင်းလင်း ဖွင့်မပြောဘူး။

မငွေကြိုင်ကလည်း ခင်မောင်လွင်ပြောမယ့် ချစ်တယ်ဆိုတဲ့ စကားကို မျှော်လင့်မနေဘူး။

ချစ်နေကြဖို့ပဲလိုတယ်လို့ အတွေးရှိခဲ့ကြတယ်......၊

ဒါပေမဲ့ ဒီအကြောင်းအရာလေးတပဲ သူ့အသည်းနှလုံးတွေကို တစ်စစီတစ်စစီ ချေမွပစ်လိုက်မယ်ဆိုတာ အဲဒီတုန်းက မငွေကြိုင်မသိခဲ့ဘူး.....၊

သူ့ဘဝကြီးတစ်ခုလုံး အဆုံးစွန်ထိပျက်စီးသွားမယ်ဆိုတာ မတွေးမိခဲ့ဘူး.....၊

သိတဲ့အချိန်၊ တွေးမိတဲ့အချိန်ကျတော့လည်း နောက်ကျသွားပြီ၊ အရမ်းနောက်ကျသွားပြီ၊

သူအလွန်ချစ်ခဲ့တဲ့ သံယောဇဉ်ကြီးခဲ့တဲ့ ခင်မောင်လွင်ဟာ သူမဟုတ်တဲ့ အခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်သွားခဲ့ပြီလေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(သုံး)

ရေအိုးစင်တစ်ရွာလုံး စိတ်မချမ်းမသာဖြစ်ကြရတဲ့နေ့၊

မချိုတင်ကဲ ဆိုမြည်သံတွေ၊ 'တောက်' ခတ်သံတွေ ညံ သွားရတဲ့နေ့လည်းဖြစ်တယ်၊

အကြောင်းကတော့ မငွေကြိုင်တစ်ယောက် ရုတ်တရက် သေဆုံးသွားတာကြောင့်ပါ။

တုတ်ပါတယ်၊ ဒီနေ့ မနက်မှာပဲ အရှုတ်သည်းတဲ့၊ အရှက်ကြီးတဲ့ မငွေကြိုင်တစ်ယောက် အင်အရင်းပိုးသတ်ဆေး သောက်ပြီး လူ့လောကကြီးကို စွန့်ခွာသွားခဲ့တယ်။

မငွေကြိုင်ဟာ အရှက်ကိုအသက်ထက်ပိုပြီး တန်ဖိုး ထားတဲ့ ကျေးလက်မိန်းမပျိုလေးတစ်ယောက်ပါ။

အရှက်နဲ့ လူလုပ်တဲ့သူဖြစ်တယ်၊

ဒါကြောင့်လည်း ခင်မောင်လွင်မိန်းမယူတဲ့သတင်း အုတ် အုတ်ကျက်ကျက်ဖြစ်တဲ့နေ့ကစပြီး အိမ်ထဲကအိမ်ပြင်မထွက် ရဲတော့ဘူး၊

တစ်ရွာလုံးက သူ့အပေါ်ကြည့်နေကြမယ့် အကြည့်ဆုး တွေကို သူရင်မဆိုင်ရဲဘူး၊ ခင်မောင်လွင်နဲ့ပတ်သက်ပြီး ပြောနေ ကြမယ့် သူ့အကြောင်းတွေကို သူနားမထောင်ရဲဘူး၊





ဒါ့ကြောင့် လုံးဝအိမ်ပြင်မထွက်ဘဲနေခဲ့တယ်၊

ဒါတွေကို ကြည့်ခြင်းအားဖြင့် သူ့ရင်ထဲမှာ ဘယ်လောက် ထိ ဆိုးဆိုးဝါးဝါး၊ နင့်နင့်သည်းသည်း ခံစားနေရတယ်ဆိုတာ သိသာနိုင်တယ်၊

ဒီလိုနဲ့ မငွေကြိုင်တစ်ယောက် အချစ်ကပေးတဲ့ ဒေါသ ရဲ့ဖိစီးမှုကို ခံလိုက်ရတယ်၊

အစားအသောက်မမှန်တော့ဘူး၊ စားချင်မှစားတယ်၊ ထမင်းမစားတဲ့ရက်တွေ များလာတယ်၊

ဒေါ်ရွှေ ညတစ်ရေးနိုးလို့ ကြည့်တိုင်းလည်း မငွေကြိုင်ကို အိပ်ရာထဲမှာ ထိုင်နေတာပဲတွေ့ရတယ်၊

ခင်မောင်လွင်နဲ့ပတ်သက်ပြီး သမီးဖြစ်သူခံစားနေတဲ့ ဝမ်းနည်းမှုတွေကို ဒေါ်ရွှေ မြင်နေတွေ့နေရတယ်၊

သမီးအတွက် စိတ်မချမ်းမသာဖြစ်ရတယ်၊

မငွေကြိုင်ကို အမျိုးမျိုးဖျောင်းဖျပြီး နှစ်သိမ့်ပေးသတယ်၊

ဒါပေမဲ့ သူမရဲ့နှစ်သိမ့်ဖျောင်းဖျပေးမှုတွေက အချည်းနှီး ပါပဲ....၊

မငွေကြိုင်ကတော့ ငူတူတူနဲ့ ထိုင်ငြိမ်ထိုင်နေလျက် ဘာ စကားမှမဆိုဘဲ ကြောင်ငေးငေးနေလျက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ ပါးပြင်မှာတော့ မျက်ရည်စီးကြောင်းတွေ စီးကျနေတယ်၊

သက်ပြင်းချရုံကလွဲပြီး ဒေါ်ရွှေဘာမှ မတတ်နိုင်ခဲ့ဘူး။

ဒီနေ့မနက်မှာတော့ သူ့အသည်းနှလုံးတွေ ကြေမြွကြွ သွားရပြီ၊

သူ့ရွာလယ်ဈေးဆိုင်ကို ခဏလေးသွားနေခိုက်မှာပဲ မငွေကြိုင်တစ်ယောက် ယာခင်းမှာအသုံးပြုဖို့ဝယ်ထားတဲ့ အင်အရင်းပိုးသတ်ဆေးတွေ သောက်လိုက်ပြီ၊

ဒေါ်ရွှေ ဈေးဆိုင်ကပြန်ရောက်လာတော့ သမီးဖြစ်သူဟာ အိပ်ရာထဲမှာလူးလှိမ့်နေတယ်၊ ပါးစပ်ကလည်း 'ပူတယ်၊ ပူတယ်'လို့ ညည်းတွားနေတယ်၊

ဒေါ်ရွှေ့ နှာခေါင်းထဲအင်အရင်းပိုးသတ်ဆေးနံ့ တောင်းခနဲဝင်လာတယ်၊ မငွေကြိုင်ရဲ့ဘေးမှာ အင်အရင်းပုလင်းမြင်လိုက်တယ်၊

ဒေါ်ရွှေ့အော်ဟစ်သံက စူးစူးဝါးဝါးထွက်လာတယ်၊

အိမ်နီးနားချင်းတွေ အပြေးအလွှား ရောက်လာကြတယ်၊

မငွေကြိုင်ကို မြို့ဆေးရုံပို့ဖို့ စီစဉ်ကြတယ်၊



ဒါပေမဲ့၊ မရတော့ပါဘူး။

မနက်ဆယ်နာရီတိတိမှာပဲ မငွေကြိုင်တစ်ယောက် သူနှင့်ဆိုင်ကြုံတွေ့နေရတဲ့ အဖြစ်အပျက်ဆိုးတွေနဲ့ ကင်းဝေးရ၊

သူခံစားနေရတဲ့ ကြေကွဲနာကျင်မှုတွေ ဆိတ်သုဉ်းရာနိဗ္ဗာန်တဲ့ တမလွန်ကိုထွက်ခွါသွားပါတော့တယ်။

## (လေး)

မည်သို့ပင်ဆိုစေ........၊

မည်သို့ပင်ဖြစ်စေ.........၊

သည်အဖြစ်အပျက်အားလုံးရဲ့ တရားခံက ခင်မောင်လွင်ဖြစ်သွားရတယ်၊

"ခင်မောင်လွင် သစ္စာဖောက်လို့....."

"ခင်မောင်လွင် ကတိမတည်လို့....."

"ခင်မောင်လွင် မျက်နှာများလို့....."

စတဲ့....စတဲ့....ပြစ်တင်ရှုတ်ချသံတွေက ခင်မောင်လွင့်ဆီကိုပဲ ဦးတည်သွားကြတယ်။

ချစ်သူရဲ့ စွန့်ပစ်မှုကြောင့် ဘဝတစ်ခုလုံးကို အဆုံးရှုံးခံပြီး လောကကြီးထဲက ထွက်ခွါသွားရတဲ့ မငွေကြိုင်ကို သနား



www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ ကဝေပျို့၏ ကလဲ့စား — ၃

၂။ သရဲဆိုတာ ရှိနိုင်လား — ၅၇

၃။ သချိုင်းရှေ့တဲ့နေ့ — ၈၈

၄။ တစ္ဆေခြောက်ခံရသူများ — ၁၁၃

၅။ ထူးဆန်းသော နတ်ဆရာမ — ၁၅၁

၆။ ဝိညာဉ်ဖော်တဲ့ လူသတ်မှုများ — ၁၈၅


# ကဝေပျို့၏ကလဲ့စား

ကဝေပျို့ပူးဝင်နေတဲ့ မငွေကြိုင်ရဲ့
မျက်နှာဟာ ကြောက်စရာအသွင်ကို
ရုတ်ခြည်းပြောင်းလဲသွားတယ်....၊
အေါ်သတွေနဲ့ ခက်ထန်သွားတယ်.....
အသက်ရှူသံတွေလည်း ပြင်းလာတယ်၊
ပြီးတော့......၊
ငယ်သံပါအောင် အော်ပြီးပြောလိုက်တယ်၊
"သူ့ကြောင့်......သူ့ကြောင့်....
ငါသမီးသေခဲ့ရတာဟဲ့......၊
သိရဲ့လား........"

ဓိုးမာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြလေလေ၊ ခင်မောင်လွင့်အပေါ်ဒေါသတွေ ပုံကျလာလေလေ ဖြစ်တယ်။

ဒီအကျိုးအကြောင်းအစုံအလင်ကို ခင်မောင်လွင့်မိဘတွေက ခင်မောင်လွင်ကိုပြောပြတယ်။

"မဟုတ်ဘူးအမေ၊ သားနဲ့ မငွေကြိုင်နဲ့ ဘာမှမဖြစ်ဘူး။ သမီးရည်းစားတွေလည်းမဟုတ်ဘူး။

ငယ်ငယ်ကတည်းက အတူတူနေလာခဲ့ကြတာမို့ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ကြီးကြတာတော့မှန်တယ်။

ဒါပေမဲ့ သူ့ကိုချစ်တယ်လို့ တစ်ခါမှကျွန်တော်မပြောခဲ့ဖူးဘူး၊

ဒါကြောင့် ကျွန်တော်အုန်းခင်မြင့်ကို ယူတာပေါ့"

ခင်မောင်လွင် သူ့အမေကိုရှင်းပြတယ်။

သူ့အမေက သက်ပြင်းလေးကြီးတစ်ချက်ချရင်း....

"ဒါက သားဘက်ကပြောတာလေ၊

တစ်ရွာလုံးကတော့ ဒီလိုမသိကြဘူး၊ သားတို့နှစ်ယောက်ကို သမီးရည်းစားတွေလို့ပဲ သိကြတယ်၊

သားရန်ကုန်သွားပြီး အလုပ်လုပ်တာတောင် မငွေကြိုင်နဲ့ လက်ထပ်ဖို့ ငွေသွားရှာတာလို့ပဲ ထင်နေကြတယ်၊



ဒီလို ထင်နေကြတဲ့အချိန်မှာ ဖိုးသားက အုန်းခင်မြင့်နဲ့ သတ်ထပ်တယ်၊

ဖိုးသား လက်ထပ်လိုက်တာကို အကြောင်းပြုပြီး မငွေကြိုင်က အင်အရင်းသောက်သွားတယ်၊

သားပြောတဲ့ အကြောင်းအရာတွေကိုတော့ ဘယ်သူမှ သိကြဘူး၊

တစ်ရွာလုံးသိတာက သားကမငွေကြိုင်ကို သစ္စာဖောက်ပြီးစွန့်ပစ်ခဲ့လို့ မငွေကြိုင်သေသွားတယ်ဆိုတာပဲ။

အဲ့ကြောင့် လောလောဆယ်သားတို့ ရွာကိုပြန်မလာကြနဲ့ဦး၊ အားလုံးမေ့မေ့ပျောက်ပျောက်ဖြစ်သွားမှ ပြန်လာကြ"

ခင်မောင်လွင် ဘာမှမပြောတတ်တော့ဘူး၊ ဒီထက်လည်း ရှင်းမပြတတ်တော့ဘူး။

သူရှင်းပြလည်း ဘယ်သူမှယုံမှာမဟုတ်ဘူးဆိုတာ သဘောပေါက်သွားတယ်၊

တကယ်တော့ ခင်မောင်လွင် မငွေကြိုင်ကို ချစ်ခဲ့တယ်၊ ကံအားလျော်စွာ ပွင့်လင်းတဲ့ချစ်သူဘဝကိုတော့ မရောက်ခဲ့ကြဘူး၊

ဒီလိုနဲ့ သူအလုပ်လုပ်ဖို့ ရန်ကုန်ကိုသွားတယ်၊ အစိုးရ

www.burmeseclassic.com

www.burmeseclassic.com



ပိုင် စက်ရုံတစ်ခုမှာ အလုပ်ဝင်လုပ်တယ်၊

အဲဒီမှာ စက်ရုံကအလုပ်သမလေး အုန်းခင်မြင့်နဲ့ ဆုံတွေ့ကြတယ်။

အုန်းခင်မြင့်က ဖွံ့ဖြိုးညှို့စွာ နွမ်းပါးသူဖြစ်ပေမဲ့ သူ့ရဲ့အမူအရာကတော့ ပြောစရာမရှိအောင်ရိုးသားတည်ငြိမ်သူဖြစ်တယ်၊

ဝတ်စားဆင်ယင်ပုံကလည်း စိန်ရွှေငွေ ဝတ်ဆင်မထားပေမယ့် ရန်ကုန်သူပီပီလှအောင်၊ ယဉ်အောင်ဝတ်စားဆင်ယင်တတ်သူပါ။

သူ့ရုပ်ရည်ကလည်း ရှုချင်စဖွယ်ချောမောလှပတင့်တယ်သူဖြစ်တယ်၊ မြင်ရသူ့ရဲ့ဘဝင်ကို ချစ်ခင်စွဲလမ်းစိတ် ဖြစ်ပေါ်လာအောင် စွဲဆောင်နိုင်စွမ်းရှိသူဖြစ်တယ်။

ဒီအချက်တွေက မငွေကြိုင်နဲ့ဝေးလို့ မီးဝေးချိပ်မာဖြစ်နေတဲ့ ခင်မောင်လွင့်အသည်းနှလုံးတွေကို ပျော့ပျောင်းသွားစေခဲ့တယ်၊ နူးညံ့သွားစေခဲ့တယ်။

ခင်မောင်လွင်ဟာ အရင်ကမငွေကြိုင်ကို ချစ်ခင်နှစ်သက်ခဲ့တယ်၊

အခု အုန်းခင်မြင့်ကိုတွေ့တော့လည်း ချစ်စိတ်တွေပေါက်ဖွားလာပြန်တယ်။





ဒါဟာ အချစ်ရဲ့ဆန်းကြယ်မှုလား။ ဒါမှမဟုတ် ခင်မောင်လွင်ရဲ့ ဆန်းကြယ်မှုပဲလား။ ဘယ်သူမှမပြောနိုင်ဘူး။ ခင်မောင်လွင်ကိုယ်တိုင်လည်း မသိဘူး။

ဘယ်လိုပဲဖြစ်ဖြစ် သူအုန်းခင်မြင့်ကို ချစ်နေပြီ၊ ဒီတစ်ကြိမ်တော့ သူမ'အ'တော့ဘူး။

ဘေးကနေဝိုင်းဝန်း တွန်းပို့ပေးနေတဲ့ အပေါင်းအသင်းတွေကြောင့်လည်း ဖြစ်မယ်၊ သူ အုန်းခင်မြင့်ကို ချစ်ရေးဆိုဖြစ်သွားတယ်၊ အချိန်ကာလတစ်ခု ကို စောင့်ဆိုင်းပြီးချိန်မှာ အုန်းခင်မြင့်ဆီက တုံ့ပြန်မေတ္တာကို ရရှိခဲ့တယ်၊

အဲဒီနောက်မှာ သူတို့လက်ထပ်ဖြစ်သွားတယ်၊

ခင်မောင်လွင်ရဲ့မိဘတွေ ရန်ကုန်ကိုလိုက်လာပြီး သင့်တင့်လျောက်ပတ်စွာ မင်္ဂလာအခမ်းအနားကျင်းပပေးတယ်၊

ရန်ကုန်သူ အချောအလှလေးနဲ့ ပေါင်းဖက်ခွင့်ရလို့ ခင်မောင်လွင်အပျော်ကြီးပျော်နေချိန်မှာ......၊

ရွာမှာကျန်ခဲ့တဲ့ မငွေကြိုင်တတော့ အသည်းနှလုံးတွေ မွမွကျေသွားတယ်၊ ချစ်ကမ္ဘာလေး ပျက်စီးသွားတယ်။

နောက် သူ့ဘဝတစ်ခုလုံးကိုပါ ဖျက်သုဉ်းအောင်မြှေုလိုက်တာပဲဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(ငါး)

"ခင်မောင်လွင့်မိန်းမလေးက ချောတယ်တဲ့"

"အေးလေ၊ အရုပ်ကလေးကျနေတာပဲ"

"မှန်သီရိုထဲထည့်ပြီး အလှကြည့်ဖို့တောင် ကောင်းတယ်…"

တစ်နှစ်လောက်ကြာပြီး သူနဲ့ပတ်သက်တဲ့ သတင်းစကားတွေ ပျောက်ကွယ်လောက်တဲ့အချိန်ကျမှ ခင်မောင်လွင် သူ့မိန်းမကိုခေါ်ပြီး ရွာပြန်လာတယ်၊

တုတ်တော့ တုတ်တယ်၊ တိုတုန်းက မငွေကြိုင်သေစက ခင်မောင်လွင့်အပေါ် ဖြစ်တင်ခဲ့၊ မြှူခဲ့၊ ခေါ်သတွက်ခဲ့တဲ့သူတွေ ခုတော့သွေးအေးသွားကြပြီ၊ ခံစားချက်ပြင်းပြင်းထန်ထန် မရှိကြတော့ဘူး။

ခင်မောင်လွင် ရွာပြန်ရောက်ပြီဆိုတာနဲ့ ခင်မောင်လွင့်မိန်းမရန်ကုန်သူ ဘယ်လောက်ချောတယ်ဆိုတာပဲ စိတ်ဝင်တစား သိချင်နေကြတယ်၊

ခင်မောင်လွင့်အိမ်ကို နှုတ်ဆက်သလိုလို၊ ဘာလိုလိုနဲ့ အကြောင်းမရှိ အကြောင်းရှာပြီးသွားကြည့်ကြတယ်၊

အုန်းခင်မြင့်ရဲ့ အလှအပကိုတွေ့တော့ ချီးမွမ်းပြောဆို



ကြတယ်၊ ခင်မောင်လွင် ဝမ်းသာသွားတယ်၊

ရွာသူရွာသားတွေ သူ့အပေါ်ဘယ်လိုဆက်ဆံကြမှာလဲ၊ အပြစ်တွေ၊ အာဃာတတွေ ရှိတုန်းပဲလားဆိုတဲ့ စိုးတထိတ်ထိတ်နဲ့ ရွာပြန်ခဲ့ရတာကိုး……၊

အခုလို အမြင်မကြည်မလင်တာတွေပျောက်ပြီး အေးအေးချမ်းချမ်းဆိုတော့ ခင်မောင်လွင်ဝမ်းသာရတာပေါ့….၊

ဒါပေမဲ့ တစ်ယောက်သောသူကတော့ သူ့အပေါ်မုန်းတီးနေတုန်း၊ အပြစ်တွေ၊ အာဃာတတွေ ကြီးမားပြင်းထန်နေတုန်းဆိုတာလည်း သူကြားသိရတယ်။

အဲဒီသူကတော့ မငွေကြိုင်ရဲ့အမေ ဒေါ်ရွှေပါ။

အဲဒီအတွက် ခင်မောင်လွင်စိတ်မကောင်းဘူး၊ ဒါပေမဲ့ အဖြစ်အပျက်တွေက ဖြစ်ပြီးသွားပြီ၊ ဘာမှပြုပြင်လို့မရတော့ဘူး။

နောက်ပြီး မငွေကြိုင်သေတဲ့ကိစ္စ၊ သူ့ပယောဂ ဘာမှမပါဘူးလို့လည်း ခင်မောင်လွင်ယုံကြည်တယ်။

ဒါ့ကြောင့် အရင်ကအမေတစ်ယောက်လို ဆက်ဆံခဲ့တဲ့ ဒေါ်ရွှေကိုလည်း မတွေ့အောင်ရှောင်တယ်၊ ဒေါ်ရွှေအိမ်လည်း မသွားဘူး။ မငွေကြိုင်နဲ့ ပတ်သက်သမျှအားလုံးကိုလည်း ခေါင်းထဲကထုတ်ပစ်လိုက်တယ်၊ မေ့မေ့ပျောက်ပျောက်နေလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့လှည်းယာဉ်နှစ်ယောက်လုံး စက်ရုံကခွင့် ၁၀ ရက်ယူပြီး လာခဲ့ကြတာဖြစ်တယ်။

အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ ခွင့်ရက်တွေကုန်ဆုံးသွားမယ်လို့ ခင်မောင်လွှင်ယူဆခဲ့တယ်။

ဒါပေမဲ့ အခြေအနေကတော့ သူယူဆသလို ဖြစ်မလာဘူး.....၊

သူတို့ ရွာရောက်ပြီး ငါးရက်မြောက်နေ့မှာပဲ ထူးထူးခြားခြားအဖြစ်အပျက်တစ်ခုကို ဧပြီးကြုံတွေ့လိုက်ရတယ်။

ညသန်းခေါင်လောက်မှာ စူးစူးဝါးဝါး အော်သံတစ်ခုကြောင့် ခင်မောင်လွှင်လန့်နိုးသွားတယ်....၊

သူ့မိန်းမ အုန်းခင်မြင့်ကို အိပ်ရာပေါ်မှာ ထိုင်လျက်တွေ့ရတယ်.....၊

"သရဲ...သရဲ...ကြောက်တယ်.....ကြောက်တယ်....."

အုန်းခင်မြင့်ဟာ ကြောက်လန့်တကြားအော်နေတယ်။

အိပ်ခန်း တံခါးပေါက်ဆီကိုလည်း လက်ညှိုးထိုးပြတယ်.....၊

ခင်မောင်လွှင်ကြည့်လိုက်တယ်.....၊

"ဟာ.....မငွေကြိုင်....."





တုတ်တယ်၊ မငွေကြိုင်မှ မငွေကြိုင်အစစ်၊

ခင်မောင်လွှင်ကို ကြည့်နေတယ်၊ သူ့အကြည့်က စိမ်းစိမ်းဝါးဝါးကြီး။ မငွေကြိုင်ရဲ့ နီရဲနေတဲ့မျက်လုံးတွေထဲမှာ အမုန်းမီးလျှံတွေနဲ့ ပြည့်နေတယ်။

ခင်မောင်လွှင်ကြည့်နေတဲ့ အခိုက်အတန့်မှာပဲ မငွေကြိုင်ဟာ ပိတ်ထားတဲ့တံခါးကို တိုးဝင်ဖောက်ပြီး ပြတ်ထွက်သွားတယ်.....၊

အံ့အားသင့်ခြင်း၊ ထိတ်လန့်ခြင်းတွေနဲ့ ခင်မောင်လွှင်ကြောင်သွားတယ်၊ ဒါပေမဲ့ ချက်ချင်းသတိပြန်ဝင်လာတယ်။ အုန်းခင်မြင့်ကို ချော့မော့ဖျောင်းဖျတယ်၊ အားပေးတယ်။

အဲဒီတုန်းမှာပဲ ခင်မောင်လွှင်ရဲ့အဖေနဲ့ အမေလည်း ရောက်လာတယ်၊ ခင်မောင်လွှင့်အမေက မေးတယ်.....၊

"ဘာဖြစ်တာလဲ သား......"

"သရဲခြောက်တာ အမေ...."

အုန်းခင်မြင့် အော်သံကြားလို့ ကျွန်တော်လန့်နိုးသွားတယ်.....၊

အဲဒီမှာပဲ မငွေကြိုင်ကို တွေ့လိုက်ရတာပဲ၊

သူက အခန်းပေါက်ဝနားမှာ ရပ်နေတယ်....၊



www.burmeseclassic.com

www.burmeseclassic.com



မှန်းတီးတဲ့မျက်လုံးတွေနဲ့ ကျွန်တော့်ကို ကြည့်နေတယ်....၊

ပြီးတော့ တံခါးကိုဖောက်ပြီး ထွက်သွားတယ်......”

“သမီးကရော ဘယ်လိုစပြီးတွေ့တာလဲ....”

ခင်မောင်လွှင့်အမေက ချွေးမဖြစ်တဲ့ အုန်းခင်မြင့်ကို မေးလိုက်ပြန်တယ်.....၊

သမီးအိပ်ပျော်နေတုန်းမှာ ဖ့ခြေထောက်ကိုလာပြီး ဆွဲတာ.....၊

လက်ကြီးက ရေခဲတုန်းကြီးလို အေးစက်နေတယ် အမေ....၊

သမီးလည်းလန့်ပြီး အော်ရင်းရုန်းလိုက်လို့ လွတ်သွားတယ် ....”

တစ်မိသားစုလုံး အိပ်မရကြတော့ဘူး။

ခင်မောင်လွှင့်အဖေက ပရိတ်ရေမန်းပြီး တိုက်တယ်။

ဘုရားခန်းမှာထိုင်ပြီး ဂုဏ်တော်တွေရွတ်၊ ပဋ္ဌာန်းတွေရွတ်ကြတယ်၊ ဒီလိုနဲ့ မိုးလင်းသွားတယ်.....၊

မငွေကြိုင်ရဲ့ဝိညာဉ် မဝင်နိုင်အောင်ဆိုပြီး တစ်အိမ်လုံးတစ်ခြံလုံးကို ပရိတ်ချည်ကြိုးတွေ ရစ်ပတ်တယ်။ ပရိတ်သဲတွေ





ရိတ်ဆန်တွေ ကြဲပက်တယ်။

ဒါပေမဲ့ မငွေကြိုင်ရဲ့ ဝိညာဉ်ကတော့ ခင်မောင်လွှင်တို့ရဲ့အိပ်ခန်းထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာပြန်တယ်။

သူ့ရဲ့ အေးစက်နေတဲ့လက်တွေနဲ့ အုန်းခင်မြင့်ရဲ့ ခြေထောက်တွေကို ဆွဲတယ်....၊

အုန်းခင်မြင့်ရဲ့ စူးစူးဝါးဝါး ငယ်သံပါအောင်အော်လိုက်တဲ့အသံကြောင့် အားလုံးနိုးသွားကြပြန်တယ်.....၊

နောက်ညကျတော့ အခြေအနေကတစ်မျိုးပြောင်းသွားတယ်။

ဒီတစ်ခါ ခင်မောင်လွှင်လန့်နိုးလာတာက အုန်းခင်မြင့်ရဲ့အော်သံကြောင့်မဟုတ်ဘဲ ငိုသံကြောင့်ဖြစ်နေတယ်။

အုန်းခင်မြင့်ဟာ အိပ်ရာပေါ်မှာထိုင်ပြီး တစ်ယောက်တည်း ရှိုက်ကြီးတငင် ငိုကြွေးနေတယ်....၊

“ဘာဖြစ်တာလဲ ခင်.....၊ ဘာဖြစ်လို့လဲ....”

ခင်မောင်လွှင် စိုးရိမ်တကြီး မေးလိုက်တယ်....

အုန်းခင်မြင့်က ဘာမှပြန်မပြောဘူး၊ ငိုရှိုက်မြဲ ငိုရှိုက်နေဆဲပဲ.....၊

ဘာအကြောင်းကြောင့် ငိုနေမှန်းမသိရ၊ မေးလို့လည်း



www.burmeseclassic.com

www.burmeseclassic.com



မရ၊

လေးငါးသယ်ခွန်းမေးပေမယ့် အုန်းခင်မြင့်ဆီက အဖြေမရဘူး၊ အငိုလည်းမတိတ်ဘူး.....၊

အဲဒီညက အုန်းခင်မြင့်ငိုတာ မိုးလင်းတဲ့အထိပဲ၊

မိုးစင်စင်လင်းမှ အငိုရပ်ပြီး အိပ်ပျော်သွားတယ်။

အိပေမဲ့မကြာဘူး၊ ဆယ့်ငါးမိနစ်ယောက်နေတော့ ရုတ်ခနဲထထိုင်တယ်။ စိုးရိမ်တကြီး အတဲခတ်နေတဲ့ ခင်မောင်လွင်ကို စိုက်ကြည့်တယ်။

ခင်မောင်လွင် သူ့မိန်းမရဲ့ မှုမမှန်တဲ့မျက်လုံးတွေကို သတိထားမိလိုက်တယ်.....၊

အုန်းခင်မြင့်ရဲ့ မျက်လုံးတွေဟာ သူ့ရှေ့က ခင်မောင်လွင်ကိုကြည့်နေပေမဲ့ ဘာမှမမြင်သလို့ကြီးဖြစ်နေတယ်။ ကြောင်တောင်ငေးကြည့်နေတယ်.....၊

ဘယ်သူက ဘာမေးမေး မပြောတော့ဘူး၊ သူပြောချင်တဲ့ စကားတွေကိုကျ တောင်စဉ်ရေမရ တတွတ်တွတ်ပြောနေတယ်။

မြင်ရတဲ့အနေအထားပြောရရင် အုန်းခင်မြင့်ရဲ့စိတ်တွေဇယောင်ချောက်ချားဖြစ်နေပြီ၊ စိတ်ရောဂါစွဲကပ်နေပြီလို့ ပြော





လို့ရတယ်.....၊

အကောင်းပကတိကနေ ချက်ချင်းဆိုသလိုဖြစ်သွားရတဲ့ကိစ္စမှာ အကြောင်းပြချက်ကတစ်ခုပဲရှိတယ်.....၊

နှစ်ညဆက်တိုက် ခြေထောက်ကို သရဲဆွဲခံရတယ်၊ ဒီအတွက်ကြောင့် အကြောက်လွန်ပြီး စိတ်ကယောက်ကယက်ဖြစ်သွားတာလို့ပဲ တွေးလို့ရတယ်။ အခြားအကြောင်း စဉ်းစားလို့မရဘူး။

အုန်းခင်မြင့်ရဲ့ ရောဂါအခြေအနေကြောင့် ရန်ကုန်လည်း မပြန်ဖြစ်တော့ဘူး။

ဒီကြားထဲ အုန်းခင်မြင့်ရဲ့ ရောဂါလက္ခဏာက ပိုဆိုးလာတယ်၊ ဘာကျွေးကျွေး မစားဘဲလွှင့်ပစ်လာတယ်။

ညဆိုရင်လည်း မအိပ်ဘဲတစ်ယောက်တည်း စကားတွေပြောတယ်၊ ရယ်တယ်၊ ငိုတယ်၊

အစားမမှန်၊ အအိပ်မမှန်တဲ့ အုန်းခင်မြင့်ရဲ့ခန္ဓာကိုယ်က တစ်လလောက်အတွင်းမှာ ပြိုကျသွားတယ်။

ပိန်ချုံးနေတဲ့ ကိုယ်လုံးသေးသေးလေးဟာ အရေဖုံးထားတဲ့ အရိုးစုလေးလို ဖြစ်နေတယ်။

ထူးခြားတာက အုန်းခင်မြင့်ရဲ့ အသားအရောင်ပဲ။ အရင်



www.burmeseclassic.com

www.burmeseclassic.com



က ဘဲဥခွံလေးလို ဖွေးဖွေးဖြူနေတဲ့ အသားအရေဟာ တဖြည်းဖြည်းနဲ့ ညိုလာတယ်၊ ညိုရာကနေ မည်းတဲ့အဆင့်ထိရောက်သွားတယ်၊

နောက်ပြီး နဖူးပြင်၊ ပါးပြင်တွေမှာ အဘွားအိုတစ်ယောက်လို အရေးအကြောင်းတွေ ပေါ်လာတယ်....၊

အစားအသောက်၊ အအိပ်အနေ မမှန်ရာက သွေးသားပြောင်းလဲပြီး ရုပ်ဆိုးဆိုးအဘွားအိုပုံ ဖြစ်သွားရတာလို့ပြောတယ်၊

လွန်ခဲ့တဲ့တစ်လ၊ အုန်းခင်မြင့်ရှာကို ရောက်လာကာစ ရုပ်ရည်နဲ့ အခုဖြစ်နေတဲ့ ရုပ်ရည်ဟာ မိုးနဲ့မြေလို၊ အမိုက်နဲ့ရွှေလို ကွာခြားသွားပြီဖြစ်တယ်.....၊

ခင်မောင်လွင်ဟာ အုန်းခင်မြင့်ရဲ့ ရောဂါဝေဒနာတွေ ပျောက်ကင်းဖို့ တတ်ကျွမ်းနားလည်တဲ့ ဆေးဆရာ၊ ပယောဂဆရာတွေ၊ ဆေးဝိဇ္ဇာဆရာတွေနဲ့ ပြကြည့်တယ်....၊

"အုန်းခင်မြင့်ရဲ့ ရောဂါလက္ခဏာတွေက သာမန်သွေးရိုးသားရိုးဖြစ်တဲ့ ရောဂါလက္ခဏာမဟုတ်ဘူး၊

တစ်စုံတစ်ယောက်ရဲ့ ပညာနဲ့ပြုစားတာကို ခံနေရတာ" လို့ ဆရာတစ်ချို့ကပြောတယ်။

သူတို့က အုန်းခင်မြင့်ကို ပြုစားနေတဲ့ အောက်လမ်း





ပညာသည်ကို ဖော်ထုတ်နိုင်ဖို့ ကြိုးစားကြတယ်....၊

ဒါပေမဲ့ အောက်လမ်းပညာသည်က ဝင်မလာဘူး၊ သူတို့ဘယ်လိုခေါ်ခေါ် မလာဘူး။

ဒါက အောက်လမ်းရဲ့ပညာအဆင့်ကို ဆရာတွေလိုက်မမီဘူး၊ မနိုင်ဘူးဆိုတာကို ပြနေတယ်....၊

ဖော်ထုတ်ဖို့နေနေသာသာ အောက်လမ်းပညာသည်ဝင်လာအောင်မလုပ်နိုင်တဲ့အဆုံးမှာ ဆရာတွေအရှုံးပေးသွားတယ်၊ လက်လျှော့ပြန်သွားကြရတယ်....။

လက်လျှော့တဲ့ဆရာတွေများလာတော့ ခင်မောင်လွင်အားပျက်လာတယ်....၊

တချို့လူကြီးမိဘတွေပြောတဲ့ "ကံနာ၊ ဝဋ်နာဆိုရင် ကုလို့မရဘူး" ဆိုတဲ့စကားကို လက်ခံရတော့မလို ဖြစ်နေတယ်....၊

ဒီလိုအချိန်မှာပဲ ဆရာတစ်ယောက်ရဲ့သတင်းကို ကြားသိလိုက်တယ်......၊

"မြန်မာတိုင်းရင်းဆေးဆရာကြီး၊ ပယောဂအနှောင့်အယှက်တွေလည်း အထူးနိုင်နင်းတယ်၊ ဆရာကြီးရဲ့နာမည်က ဦးကြာညွန့်" တဲ့၊

ခင်မောင်လွင် ဆရာကြီးရှိတယ်ဆိုတဲ့ ပဲခူးတိုင်း အ



www.burmeseclassic.com

www.burmeseclassic.com



နောက်ခြမ်း၊ မိုးညိုမြို့နယ်ထဲက ရွာလေးတစ်ရွာကို လိုက်သွားတယ်။

အကျိုးအကြောင်းပြောပြီး ဆရာကြီးကို ပင့်လာခဲ့တယ်၊

"ကလေးမရဲ့ရောဂါက ပယောဂနဲ့ ယှဉ်တဲ့ရောဂါပဲ..၊

အောက်လမ်းပညာသည်က ကလေးမရဲ့စိတ်နဲ့ ရုပ်ကို ချုပ်ပြီး ဓာတ်ကြီးလေးပါး ဖောက်ပြန်အောင်၊ ပျက်စီးအောင် လုပ်နေတာ"၊

အိမ်ပေါ်မှာ ထိုင်ထိုင်ချင်း၊

အုန်းခင်မြင့်ကို မြင်မြင်ချင်း၊

ဆရာကြီး ဦးကြာညွန့်က ပြောလိုက်ပါတော့တယ်။

(ခြောက်)

"ကျွန်တော် နားမလည်လို့ မေးပါရစေ ဆရာကြီး။

ကျွန်တော့်ဇနီးဟာ ရွာကိုရောက်လာတဲ့နေ့ကစပြီး ခြံထဲက ခြံပြင်တောင်မထွက်ရသေးပါဘူး၊

မိသားစုနဲ့ ဆွေမျိုးအရင်းအချာအနည်းငယ်ကလွဲပြီး အခြားဘယ်သူနဲ့မှ စကားမပြောခဲ့ဘူး၊

နောက်ပြီး သူတစ်ပါးကျွေးတဲ့အစားအသောက်လည်း



မစားမသောက်ခဲ့ပါဘူး၊

ဒီလိုကင်းကင်းရှင်းရှင်းနေတဲ့သူမျိုးကို အောက်လမ်းနဲ့ လုပ်လို့ရပါသလားခင်ဗျာ..."

ခင်မောင်လွင် ဆရာကြီးဦးကြာညွန့်ကို မေးကြည့်တယ်၊

ဦးကြာညွန့်က သူရဲ့ခရီးဆောင်လွယ်အိတ်ကြီးနဲ့ ယက်ဥ္စတော် ဆေးကြိမ်လုံးကို ခေါင်းရင်းပြတင်းပေါက်အနီးမှာ နေရာချတယ်၊

နောက်ထွေးခံကိုယူတယ်၊ ကွမ်းတွေးထွေးထည့်ပြီး အသင့်ချထားပေးတဲ့ ရေတကောင်းထဲကရေနဲ့ ပလုပ်ကျင်းတယ်၊ ပြီးတော့မှ....

"ဇီတူက အမေးရှိလာတော့၊ ဗဟုသုတအလို့ငှာ ပြောပြရမှာပေါ့....၊

ဒီလိုကွယ့် စုန်းအမျိုးပေါင်း(၆၆) မျိုးရှိတယ်၊

ဒါတွေကို ပယောဂဆရာလုပ်မယ့်သူတိုင်း သိထားရမယ်....၊

ဇီတူအနေနဲ့ကတော့ ဒါတွေသိလည်းအကျိုးမဖြစ်တော့ မို့ ဆရာကြီးမပြောတော့ဘူးကွယ့်၊

လိုအပ်တာလောက်ပဲ ပြောပြမယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ စုန်းတိုင်းလိုလိုဟာ သူတို့အဆင့်အလိုက် တန်ခိုး ကမ္ဘဗိဒ္ဒ ရှိကြတယ်.....၊

သူတို့ပူဇော်တဲ့ ကတော်ကြီးတွေ၊ နတ်ကဝေတွေကြောင့် လည်း တန်ခိုးထက်ကြတယ်၊ သူတစ်ပါးကို ပြုစားနိုင်တယ်။

စုန်းတို့ရဲ့ ပယောဂ (၆) မျိုးရှိတယ်။

အဲဒါတွေက ခြေစုန်းရဲ့ပယောဂ၊ ခေါင်းစုန်းရဲ့ပယောဂ၊ ကိုယ်စုန်းရဲ့ပယောဂ၊ မောက်လုံးနဲ့ မောက်ပြားရဲ့ပယောဂ၊ အိမ့် တလိမ့်စုန်းရဲ့ ပယောဂနဲ့ ကဝေရဲ့ပယောဂတွေပဲ။

ခြေစုန်းက လူတစ်ယောက်ရဲ့ခြေကို ထိကိုင်ရတဲ့အခါ၊ ဒါမှမဟုတ် ခြေရာထင်နေတဲ့ မြေကိုရတဲ့အခါမှာ ပယောဂပတ်ဖွဲ့ ပြီး ဖမ်းစားနိုင်စွမ်းရှိတယ်....၊

ကိုယ်စုန်းလို့ခေါ်တဲ့ ချေးစားစုန်းကတော့ အရိပ်ကိုဖမ်း ခြင်း၊ ကိုယ်ခန္ဓာကို ထိကိုင်ရခြင်းတွေနဲ့ ဖမ်းစားနိုင်တယ်။

ခေါင်းစုန်းက ခြေရာ၊ ဒါမှမဟုတ်၊ အရိပ်ကိုမြင်တွေ့ရရုံ နဲ့ ပယောဂပတ်ဖွဲ့ ပြုစားနိုင်တယ်။

မောက်လုံးနဲ့မောက်ပြားဆိုတဲ့ စုန်းကတော့ အနံ့ အသက်ကို ရှူရှိုက်ရရင်၊ အရာဝတ္ထုကို မြင်ရ၊ ထိကိုင်ရရင် ဖမ်းစားနိုင်တယ်။



တစ်ခုရှိတာက အဲဒီခြေစုန်း၊ ကိုယ်စုန်း၊ ခေါင်းစုန်းနဲ့ မောက်လုံးမောက်ပြားတွေက ကမ္ဘဗိဒ္ဒအနည်းအကျဉ်းပဲ ရှိတယ်၊

ကိုယ့်မှာရှိတဲ့ အစွမ်းလောက်နဲ့ပဲ ပြုစားလို့ရတယ်။

အိမ်တလိမ့်စုန်းနဲ့ ကဝေကျတော့ သူတို့လိုမဟုတ်ဘူး။ ကိုယ်တိုင်ကလည်း တန်ခိုးအစွမ်းရှိတယ်....၊

သူတို့ ပူဇော်အပ်တဲ့ ကတော်ကြီးတွေနဲ့ ကဝေနတ်၊ ဥရုနတ်၊ ဇော်ဂနီ၊ ဇော်ဂနဲ စတာ တွေရဲ့ ကူညီထောက်ပံ့မှုလည်း ရတယ်။

ဒါ့ကြောင့် ကိုယ်ထိလက်ဇရောက်မဟုတ်ဘဲ ပြုစားနိုင် တယ်၊ နာမသညာကို သိရရုံနဲ့ဖမ်းစားနှိပ်စက်နိုင်တယ်၊

အခု မင်းမိန်းမရဲ့ ရောဂါလက္ခဏာက ကဝေဖမ်းစား တာခံရတဲ့ လက္ခဏာဖြစ်နေတယ်....၊

ကဝေမှ ရိုးရိုးကဝေအဆင့်မဟုတ်ဘူး၊

လပြည့်ညတွေမှာ ကောင်းကင်ပေါ်တက်ပျော်ပါး မြူး တူးတောက်ပကြတဲ့ ကဝေပျို့ပဲ”

အဲဒီနောက်မှာတော့ ဆရာကြီးဟာ သူ့ရဲ့ဆရာကိုင်ဆေး ကြိမ်လုံးကိုယူပြီး အုန်းခင်မြင့်ကို ဖမ်းစားနှိပ်စက်လျက်ရှိတဲ့ ကဝေစက်ကို ဖြတ်တောက်ဖယ်ရှားဖို့ စတင်လိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



(ခုနစ်)

"ဒီကောင်မက ဇော်သမီးရဲ့ရည်းစားကို လုယူသွားတယ်၊ အဲ့ကြောင့် ဇော်သမီး သူ့ကိုယ်သူသတ်သေသွားတာ၊

ဒီကောင်မကို ကလဲ့စားပြန်ချေမယ်...၊ ဒီကောင်မသေမှ ဇော်ပညာကို ပြန်သိမ်းမယ်ဟေ့..."

အုန်းခင်မြင့်ကို ဝင်ပူးနေတဲ့ကဝေမက ဒေါသတကြီး အော်ဟစ်တယ်...၊

"အတိတ်ဘဝတုန်းက မကောင်းတဲ့အကျင့်စရိုက်တွေကြောင့် ဒီဘဝမှာလည်းယုတ်ညံ့တဲ့အောက်လမ်းပညာသည် ကဝေလာဖြစ်ရတယ်၊

ဒီဘဝမှာလည်း ခုလိုပဲ တစ်ဖက်သားအပေါ် ယုတ်ယုတ်မာမာဖမ်းစားနှိပ်စက်နေဦးမယ်ဆိုရင် နင်သေရင်အဝီစိချိုးကပ်ဖို့ပဲ ရှိတော့တယ်၊ နင် မကြောက်ဘူးလား....."

ဆရာကြီးဟာ ကဝေမကို အဝီစိငရဲနဲ့ခြောက်လှန့်လိုက်တယ်။

ကဝေမက ဂရုမစိုက်တဲ့အသွင်နဲ့ မျက်နှာကိုရှုံ့မဲ့ပစ်လိုက်တယ်....၊





"အဝီစိချိုးကပ်ရုံမကလို့ ဘာပဲဖြစ်ဖြစ် မကြောက်ဘူး.."

"အေးလေ၊ နင်က နင့်ပညာအားကိုးနဲ့ တင်းခံနေတော့ ငါကလည်း နင်ဇီးမှုန်းသိအောင် အမောက်ထောင်ပြရတော့မှာပေါ့

ကဲ၊ လက်နောက်ပြန် ကြိုးချည်လိုက်စမ်း....."

ဆရာကြီး အမိန့်ပေးလိုက်တာနဲ့ အုန်းခင်မြင့်ရဲ့လက်နှစ်ဖက်၊ အလိုလိုနောက်ဘက်ရောက်သွားတယ်....၊

ဆရာကြီးဟာ ကျောက်ပျဉ်တစ်ချပ်တောင်းပြီး အုန်းခင်မြင့်ရဲ့ရှေ့ကို အုန်းခနဲပစ်ချတယ်....၊

"ကိုင်း....၊ ကျောက်ပျဉ်ကို နဖူးနဲ့ဆောင့်စမ်း" လို့ အမိန့်ပေးလိုက်တယ်။

ဆရာကြီး အမိန့်ဆုံးတာနဲ့တစ်ပြိုင်နက် အုန်းခင်မြင့်ဟာ ဒူးတုပ်၊ လက်ပြန်ကြိုးတုပ်အနေအထားနဲ့ နဖူးကိုကြမ်းပြင်ထိင်ပြီး ကျောက်ပျဉ်နဲ့ဆောင့်ချလိုက်တယ်။

အသံက ခွပ်ခနဲမြည်သွားတယ်၊ နဖူးမှာတစ်လက်မလောက်အရှည် ဟက်တက်ကွဲသွားတယ်၊ သွေးတွေထွက်ကျလာတယ်.....၊

ခေါင်းပြန်မော်လိုက်တော့ သွေးတွေကမျက်နှာပေါ် စီး



www.burmeseclassic.com

www.burmeseclassic.com

# ကဝေပျံ၏ကလဲ့စား

(တစ်)

"ပူးစမ်း.....ပူးစမ်း......

လူစိတ်ပျောက်အောင် ဝင်ပူးစမ်း......"

ဆရာကြီးဦးကြာညွန့် နည်းနည်းစိတ်တိုလာပြီ၊

အဲ့ကြောင့် ခပ်ထန်ထန်ပဲ အမိန့်ပေးလိုက်တယ်။

သူ စိတ်တိုမယ်ဆိုလည်း စိတ်တိုချင်စရာပဲ.....၊

အုန်းခင်မြင့်ကို ပြုစားထားတဲ့ ပညာသည်က သာမန်ရွာသူအဆင့်၊ သာမန်စုန်းမအဆင့် မဟုတ်ဘူး။

အောက်လမ်းပညာနဲ့ ပတ်သက်ရင် တစ်ဖက်ကမ်းခပ်နေပြီဖြစ်တဲ့ ကဝေအဆင့်၊

ကဝေတောင် ရိုးရိုးကဝေမဟုတ်ဘူး၊ ကဝေပျံ.....၊

လပြည့်ညတွေမှာ သူတို့ရဲ့ပညာစွမ်းနဲ့ အလင်းရောင်





တွေထုတ်လွှတ်၊ ကောင်းကင်ပေါ်တက်ပြီး ပျော်ပါးမြူးတူးတောက်ပကြတဲ့ ကဝေမျိုးဖြစ်လို့ ပညာမာန်တက်တယ်။

တော်ရုံတန်ရုံဆရာလောက်တော့ ကဝေပျံက၊ ဖုတ်လေသည်ထိ ရှိလေတယ်တောင် မအောက်မေ့ဘူး။

အခုသူနဲ့ ရင်ဆိုင်တွေ့နေတဲ့ဆရာက ပညာအရာ၊ သမာဓိအရာ၊ အကျင့်စရဏအရာမှာ အားကောင်းလွန်းတယ်။

ပြောရရင် ကဝေပျံထက် နှာတစ်ဖျားမကသာနေတယ်။

အဲ့ကြောင့်လည်း ဆရာကြီးက ဝင်ပူးဖို့ခေါ်တဲ့အခါမှာ မနေသာပဲ လာခဲ့ရတယ်။

သူပြုစားထားတဲ့ အုန်းခင်မြင့်ရဲ့ ကိုယ်ခန္ဓာထဲကို မပူးချင်ဘဲ ဝင်ပူးလိုက်ရတယ်။

ကဝေပျံရဲ့အနေအထားကို ဆရာကြီးဦးကြာညွန့်ကလည်း ရိပ်မိလိုက်တယ်၊

လက်ထဲက ဆေးကြိမ်လုံးကိုမြှောက်ပြီး ရိုက်မည့်ဟန်နဲ့ ချိန်လိုက်တယ်။

ကဝေပျံလန့်သွားတယ်၊ တကယ်ရိုက်မယ်ထင်ပြီး လက်နဲ့ကာလိုက်တယ်။ ခန္ဓာကိုယ်ကလည်း ခြေနှစ်လှမ်းလောက် ဖင်တရွတ်ဆွဲပြီး ဆုတ်သွားတယ်.....၊



www.burmeseclassic.com

www.burmeseclassic.com



ကျလာတယ်....၊

"ကဲ...၊ နင့်ပညာစက်ကို ချက်ချင်းနုတ်တော့မလား..."

"မနုတ်ဘူးဟေ့ မနုတ်ဘူး၊
အသေသာခံလိုက်မယ်၊
ငါ့ပညာကို ဘယ်တော့မှပြန်မနုတ်ဘူး...."

ကဝေမက အာဂ ကဝေမ၊ ဘယ်လောက်ခံရခံရ ပညာကိုပြန်မနုတ်ဘဲ အသက်သာအသေခံမယ်လို့ ကြိမ်းဝါးနေတယ်..၊

"ဒါဆိုရင်လည်း ကျောက်ပျဉ်ကိုနဖူးနဲ့ ထပ်စောင့်လိုက်ဦး...."

ဆရာကြီးက ထပ်ပြီးအမိန့်ပေးလိုက်တယ်.....၊

ကဝေမအနေနဲ့ ဆရာကြီးရဲ့ပညာစရဏနဲ့ ဆေးကြိမ်လုံးတန်ခိုးကို မလှန်နိုင်ဘူး၊ ခိုင်းသမျှလုပ်နေရတယ်၊

နဖူးနဲ့ ကျောက်ပျဉ်ဆောင့်ရတာကလည်း သုံးလေးကြိမ်မကတော့ဘူး၊ သွေးတွေကမျက်နှာပေါ်မှာ ရှပ်ပျက်ဆင်းပျက် စီးကျနေတယ်။

ဘီးစပတ်ထုံးထားတဲ့ ဆံပင်တွေကလည်း ပြေကျပြီးဖရိုဖရဲဖြစ်သွားတယ်၊ မျက်နှာပေါ်မှာ ဖုံးနေတယ်။

ကဝေမရဲ့ မဈ္ဈိမ မလိုမုန်းထားစိတ်နဲ့ ဒေါသမီး





တောက်တွေကြောင့်၊ မျက်နှာပေါ်က သွေးစီးကြောင်းတွေ၊ ဖရိုဖရဲဆံပင်တွေကြောင့် အုန်းခင်မြင့်ရဲ့မျက်နှာဟာ တစ္ဆေသရဲကောင်လို ကြောက်စရာ၊ ထိတ်လန့်စရာ ကောင်းနေတယ်.....၊

ဆရာကြီး ဦးကြာညွန့် ကဝေဖျံရဲ့အမုန်းကလဲ့စားကို အရမ်းအံ့သြသွားတယ်။

ဒီလိုအမြိုးကြီးကာမျိုး၊ ကလဲ့စားချေချင်စိတ် ပြင်းထန်လောင်ကျွမ်းနေတာမျိုး တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးဘူး....၊

လူမှမဟုတ်ဘူး၊ တိရစ္ဆာန်မှ မဟုတ်ဘူး၊ ဘယ်လိုသက်ရှိ သတ္တဝါမျိုးကိုမဆို ကိုယ့်အသက်ကိုယ်တော့ ခင်တွယ်ကြတယ်....၊

ဘယ်လိုအခြေနေမျိုးမှာမဆို ကိုယ့်အသက်မဆုံးရှုံးဖို့၊ ဆက်လက်ရှင်သန်ရပ်တည်ဖို့ နည်းမျိုးစုံသုံးကာကွယ်ကြတယ်။

ခု သူရင်ဆိုင်နေရတဲ့ ကဝေမကတော့ ဒီလိုမဟုတ်ဘူး။

ပြင်းထန်လွန်းတဲ့ အမုန်းတွေကိုရင်တစ်ခုလုံးနဲ့ ပြည့်အောင် ထည့်ထားတယ်၊ ကလဲ့စားချေလိုတဲ့ အာသီသတွေပဲ ပြင်းပြင်းထန်ထန် ချဉ်ခြင်းတပ်နေတာတွေ့ရတယ်.....၊

"အသက်သာအသေခံမယ်၊ ငါ့ပညာကို ဘယ်တော့မှ ပြန်မနုတ်ဘူး"လို့လည်း ကြိမ်းဝါးနေတယ်.....၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် သူလည်းလူပဲ၊

သေရမှာကိုတော့ ကြောက်ရွံ့ထိတ်လန့်မှာပဲ။

ဆရာကြီးက အစီအစဉ်ကို တစ်မျိုးပြောင်းဖို့ ဆုံးဖြတ်လိုက်တယ်။

မောင်ခင်မောင်လွင်ကို အနီးခေါ်တယ်၊ သူ့အကြံက မောင်ခင်မောင်လွင်ကို စုန်းမြင်ဆေးသုတ်လိမ်းပေးပြီး စုန်းကဝေမ ဘယ်သူဘယ်ဝါဆိုတာ ထင်ထင်ရှားရှားသိအောင် လုပ်ပေးဖို့ဖြစ်တယ်။

တစ်ချို့စုန်းတွေက သူတို့ဘယ်သူဘယ်ဝါဆိုတာ အသိမခံချင်ကြဘူး။ ပတ်ဝန်းကျင်က သိမှာအရမ်းကြောက်တယ်၊ ဘာကြောင့်လဲဆိုတော့ တစ်မျိုးလုံးတစ်ဆွေလုံး ဆွေစဉ်မျိုးဆက် စုန်းမျိုး၊ ကဝေမျိုးရယ်လို့ နာမည်ဆိုးတွင်ကျန်ရစ်မှာ၊ နာမည်ပျက်မှာကြောင့်ပါ။

သူ့ကို သိသွားတာနဲ့ ဆရာကိုဝန်ချတောင်းပန်ပြီး သူ့ပညာတွေကို ပြန်နှုတ်သိမ်းပေးလေ့ရှိတယ်။

စုန်းမြင်ဆေးပြုလုပ်နည်းကလည်း သိပ်ခက်ခက်ခဲခဲမဟုတ်ဘူး၊

ဝက်မြီးမှာကပ်ပါလာတဲ့မြေ၊ ကြွက်စုတ်သွေးနဲ့ ဥသျှစ်





ပွင့်ကိုရှာ၊ သုံးမျိုးစလုံးကို အညီအမျှယူပြီးကြိတ်၊ အလိုရှိတဲ့အခါ မျက်စိကိုကွင်းပြီးကြည့်။

ဘယ်လိုရုပ်ဆင်းသဏ္ဌာန် ဖန်ဆင်းထားပါစေ၊ ပူးဝင်နေပါစေ၊ စုန်းကဝေရဲ့ ပင်ကိုယ်ရုပ်ကို မြင်တယ်။

ဆရာကြီးက မောင်ခင်မောင်လွင်ကို အကျိုးအကြောင်းရှင်းပြပြီး စုန်းမြင်ဆေးကွင်းပေးလိုက်တယ်။

ပထမတော့ ခင်မောင်လွင်မျက်လုံးတွေ မှုန်ဝါးသွားတယ်၊ မြူနှင်းတွေ ပိတ်ကာထားသလို ဘာမှမမြင်တော့ဘူး။

ဒါပေမဲ့ တစ်အောင့်လောက်အကြာမှာတော့ မြူနှင်းလိုအရာတွေဟာ တဖြည်းဖြည်းလွင့်ပါးသွားတယ်၊ အမြင်အာရုံတွေ ထင်ရှားလာတယ်။

အဲဒီမှာ ခင်မောင်လွင် ဒေါ်ရွှေကိုမြင်လိုက်တာဖြစ်တယ်၊

သူ့ရှေ့မှာရှိနေတာက အုန်းခင်မြင့်၊ ခုတော့ အုန်းခင်မြင့် ရုပ်ပျောက်ပြီး ဒေါ်ရွှေရဲ့ရုပ်ဆင်းသဏ္ဌာန် ပေါ်လာတယ်....၊

"အမေ......အမေ ဒေါ်ရွှေ....."

ခင်မောင်လွင်က ဟိုတုန်းကခေါ်နေကျအတိုင်း ခေါ်လိုက်တယ်....၊

ဒေါ်ရွှေက မီးထတောက်မတတ် နီရဲနေတဲ့မျက်



www.burmeseclassic.com

www.burmeseclassic.com



လုံးကြီးတွေနဲ့ ခင်မောင်လွင်ကို ကြည့်နေတယ်....၊

စောစောပိုင်းမှာ "အမေ ဒေါ်ရွှေလား" လို့ ခင်မောင်လွင် မေးတုန်းက ပါးဝပ်ကိုတင်းတင်းစေ့ ပိတ်ထားတဲ့ ဒေါ်ရွှေ၊ ဝန်မခံခဲ့တဲ့ ဒေါ်ရွှေ၊

ခုတော့ စုန်းမြင်ဆေးရဲ့အစွမ်းကြောင့် ဖုံးကွယ်လို့မရတော့ဘူး။

ခင်မောင်လွင် အံ့ဩထိတ်လန့်သွားတယ်၊

ဒေါ်ရွှေကို သူခင်တယ်၊ သံယောဇဉ်ရှိတယ်၊ ငယ်ငယ်တုန်းက လက်ပွန်းတတီးနေလာတာကြောင့်လည်း သွေးရင်းသားရင်းလို တွယ်တာတယ်။

ဒေါ်ရွှေ့အိမ်ကို တံခါးမရှိ၊ ဓားမရှိ အချိန်မရွေး ဝင်ထွက်လို့ရတယ်၊ ဆာရင်လည်း မီးဖိုထဲဝင်၊ ကိုယ့်ဘာသာ ခူးခပ်စားလို့ရတယ်။

သူက ဒေါ်ရွှေကို 'အမေ' လို့ခေါ်တယ်။ ဒေါ်ရွှေကလည်း သူ့ကို 'သား' လို့ပဲခေါ်တယ်၊

ဒီလောက်ထိ ရင်းနှီးခင်မင်ခဲ့ပေမဲ့ ဒေါ်ရွှေ စုန်း၊ ကဝေဆိုတာ နည်းနည်းလေးမျှ မသိခဲ့ဘူး၊

သူတင်မဟုတ်ဘူး၊ တစ်ရွာလုံးကလည်း မရိပ်မိကြဘူး။





ဒေါ်ရွှေက ဒီလောက်ထိ ပိပိရိရိ နေနိုင်ခဲ့တယ်....၊

ခုတော့သမီးသေဆုံးတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကြီးမားပြင်းထန်တဲ့အမုန်းကြောင့်၊ ရန်ငြိုးကြောင့်၊ တလဲ့စားချေချင်လွန်းတာကြောင့် သူ့ပညာကို ထုတ်သုံးလိုက်တာ ဖြစ်တယ်....၊

"အမေ.....အမေ ဒေါ်ရွှေ"

"ငါ့ကို အမေလို့မခေါ်နဲ့၊ နားခါးတယ်....."

ဒေါ်ရွှေကတော့ အမုန်းအငြိုးတွေကြီးမားပြင်းထန်နေဆဲပဲ......၊

ဒေါသတကြီး ငယ်သံပါအောင် အော်ဟစ်တယ်....၊

"ပညာတွေကို ပြန်နုတ်ပေးပါ အမေ၊ သားတောင်းပန်ပါတယ်....."

ခင်မောင်လွင်ရဲ့တောင်းပန်စကား အဆုံးမှာ ဒေါ်ရွှေဟာ ကြောက်စရာအသံကြီးနဲ့ ရယ်ရင်းအော်တစ်လိုက်ပြန်တယ်.....၊

"ဟီး....ဟီး......ဟီး.......ဟီး.......

နင်ရော၊ နင့်မယားရော၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဖြစ်စေရမယ်.....၊

ပြီးတော့မှ ငါ့သမီးသေသလို အသေဆိုးနဲ့ သေကြရမယ်ဟဲ့...."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေ့အနေအထားက အရမ်းဆိုးရွားနေတယ်၊ ချော့မရ၊ ခြောက်မရဖြစ်နေတယ်.....၊

ဆရာကြီးဟာ ပြောလေကဲလေဖြစ်နေတဲ့ ဒေါ်ရွှေ့ရဲ့ကျောကုန်းကို ဆေးကြိမ်လုံးနဲ့ အားရှိပါးရှိလှဲရိုက်ချလိုက်တယ်....၊

"ဟုန်း....."

"အမလေး....."

ဒေါ်ရွှေ့ ကျောကော့သွားတယ်၊ ကြောက်လန့်တကြား အော်လိုက်တယ်....၊

ဒါပေမဲ့ မာန်ကိုတော့မချဘူး။

ဆရာကြီးကို မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ ကြည့်နေတယ်၊

"ရိုက်.....ရိုက်.......၊

သေအောင် ရိုက်လိုက်......"

ဆရာကြီးက သူ့ပညာစွမ်းနဲ့ စိတ်ရှိလက်ရှိလုပ်ရင် ဒေါ်ရွှေ့သေသွားနိုင်တယ်ဆိုတာ သိတယ်။

ဒါ့ကြောင့် စိတ်ကိုလျှော့တယ်၊

အချိန်ကိုကြည့်လိုက်တော့ နေက အကျဘက်ကို ရောက်နေပြီ၊ မကြာခင် မှောင်ရိပ်သန်းလာတော့မယ်.....၊





နောက်ပြီး ကဝေပူးကပ်ခံနေရတဲ့ ခန္ဓာပိုင်ရှင် အုန်းခင်မြင့်လည်း တော်တော်လေးပင်ပန်းနေလောက်ပြီ.....၊

"ဟဲ့.....ကဝေမ၊ နင့်ရဲ့ မလောက်လေး မလောက်စား အောက်လမ်းပညာလေးနဲ့ အာခံဖို့စိတ်မကူးနဲ့.....၊

မလုပ်ချင်လို့ ကြည့်နေတာ၊ မာန်တက်မနေနဲ့၊

နင့်အသက် ဇီဝိန်ကိုပါ နှုတ်လိုက်လို့ရတယ်ဆိုတာ နင်သိတယ်မဟုတ်လား.....၊

ဘယ်လိုပဲ ဖြစ်နေဖြစ်နေ၊ ငါကတော့ နင့်ကိုမသတ်ဘူး။

နင့်ကို မနက်ဖြန်ကျရင် ဂိုဏ်းတော်လက်အပ်ပြီး ဆုံးမခိုင်းမယ်.....၊ ခံနိုင်ရင် ခံပေတော့.....၊

အခု အုန်းခင်မြင့်ရဲ့ ခန္ဓာကိုယ်မှာ စွဲထင်နေတဲ့ဒဏ်ရာ ဒဏ်ချက်တွေကို မီးမွှေးတိုင်း ဖမွှေးတိုင်းဖြစ်အောင်လုပ်၊

မြူတစ်မှုန်စာတောင် မကျန်စေနဲ့.....၊

မီးမွှေးတိုင်း ဖမွှေးတိုင်းဖြစ်မှ နင့်ကိုထွက်ခွင့်ပြုမယ်...."

ဆရာကြီးက ကဝေမကို ပြောလိုက်တယ်။

"လက်ဖြန်ကြိုးတုပ်ထားတာကိုလည်း ဖြေစေ" လို့ အမိန့်ပေးလိုက်တယ်.....၊

ကဝေမဟာ အုန်းခင်မြင့် ခန္ဓာကိုယ်မှာစွဲထင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဏ်ရာအဏ်ချက်တွေကို လက်နဲ့သပ်ယူတယ်၊ လွှင့်ပစ်တယ်...၊

ဒီလိုနဲ့ အုန်းခင်မြင့်ရဲ့ နဖူးမှာပေါက်ပြနေတဲ့ အဏ်ရာတွေရော၊ ပူးရောင်နေတဲ့ အဏ်ရာတွေပါ အံ့ဩစရာကောင်းအောင် ပျောက်သွားတယ်။

အုန်းခင်မြင့်ရဲ့ ခန္ဓာကိုယ်မှာ အဏ်ရာတွေကင်းစင်ပြီး ပကတိအတိုင်းဖြစ်သွားတာနဲ့ ကဝေမဟာ အုန်းခင်မြင့်ရဲ့ ကိုယ်ခန္ဓာကနေ ခွါထွက်သွားပါတော့တယ်.....။

❖ ❖ ❖

နောက်နေ့မနက် မိုးလင်းချိန်မှာတော့ဘယ်သူမှ မျှော်လင့်မထားတဲ့ အဖြစ်အပျက်ဆိုးတစ်ခုကို အားလုံးကြုံတွေ့လိုက်ကြရတယ်.....၊

"ဒေါ်ရွှေ ကိုယ့်ကိုယ်ကို ဆွဲကြိုးချပြီး သတ်သေသွားလို့....."

"ဟယ်.....သနားပါတယ်....."

"သမီးလေး အဖြစ်ဆိုးနဲ့သေသွားလို့ စိတ်ထိခိုက်နေတာ၊ စိတ်ဆင်းရဲလွန်းလို့ ဒီလိုမကြံကောင်း မစည်ရာတွေ လုပ်သွားတာဖြစ်မယ်...."





ရေအိုးစင်တစ်ရွာလုံး တစ်ယောက်တစ်မျိုးပြောပြီး ဒေါ်ရွှေကို သနားနေကြတယ်၊

ဒေါ်ရွှေတစ်ယောက် ညဘယ်အချိန်ကတည်းက ဒီလိုကြံစည်သွားတယ်ဆိုတာ ဘယ်သူမှမသိကြဘူး။

မနက် မိုးစင်စင်လင်းမှ သူ့နေအိမ်ထုပ်တန်းမှာ ကြိုးတန်းလန်းနဲ့ သေဆုံးနေတဲ့ ဒေါ်ရွှေကိုတွေ့ကြတာဖြစ်တယ်၊

အဲဒီအချိန်မှာ ဒေါ်ရွှေခန္ဓာကိုယ်က အေးစက်တောင့်တင်းနေပြီ.....၊

ဒီသတင်းက မနက်အစောကြီးမှာပဲ ခင်မောင်လွှင်တို့အိမ်ကိုရောက်လာတယ်.....၊

"သူ့အကြောင်းကိုသိသွားလို့များ ရှက်ပြီးကိုယ့်ကိုယ်ကို သတ်သေသွားတာများလား....."

ခင်မောင်လွှင်က ဆရာကြီးကိုမေးတယ်။

ဆရာကြီးဟာ မေးစေ့ကိုလက်နဲ့ပွတ်ပြီး စဉ်းစားနေဘယ်၊ အတော်ကြာမှ သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင် ချလိုက်တယ်....၊

ပြီးတော့မှ.......

"မဟုတ်ဘူး မောင်ခင်မောင်လွှင်၊ မင်းထင်သလို မ



www.burmeseclassic.com

www.burmeseclassic.com



တုတ်ဘူး....၊

မနေ့က သူ့ရဲ့အနေအထားက အင်မတန်ခက်ထန်တင်းမာနေတယ်၊

ဆရာကြီးအနေနဲ့ သူ့ကိုဘယ်လိုပဲ ဆုံးမဆုံးမ၊ ဘယ်လောက်ပဲ ဖြစ်ဒဏ်ခတ်ခတ် သူကအလျှော့မပေးဘူး၊

အုန်းခင်မြင့်ကို လုပ်ထားတဲ့ သူ့ပညာတွေကို ပြန်နုတ်ပေးမယ့်အစား အသက်ပဲအသေခံမယ်လို့ပြောတယ်......၊

ဆရာကြီးအနေနဲ့လည်း ကိုယ့်ကြောင့် သူတစ်ပါးအသက်သေတဲ့အထိ မဖြစ်စေချင်ဘူး၊

အဲ့ကြောင့် ဒီနေ့မှ ဂိုဏ်းတော်ကိုအပ်ဖို့ စိတ်ကူးပြီးသူ့ကို ပြန်လွှတ်လိုက်တာပါ။

သူ့ကို စောင့်ရှောက်နေတာက ကတော်ကြီးတွေလောက်ပဲ ရှိတယ်၊

ဂိုဏ်းတော်ကို စောင့်ရှောက်ပေးနေတာက ကမ္ဘာစောင့်နတ်မင်းကြီးလေးပါးဖြစ်တယ်....၊

ဂိုဏ်းတော်ကိုအပ်လိုက်ရင် နတ်မင်းကြီးရဲ့ အခြွေအရံတွေက ဆုံးမတယ်....၊

အဲဒီအခါကျရင် ဘယ်လိုစုန်း ကဝေ ပညာသည်မှနေ



လို့မရဘူး၊

အပြစ်တိုဝန်ချတောင်းပန်ပြီး သူတို့ရဲ့ပညာစက်တွေကို ပြန်နုတ်ပေးကြရတယ်.....၊

ဒီအကြောင်းကို ဒေါ်ရွှေကောင်းကောင်းသိတယ်၊ သူလည်း နှယ်နှယ်ရရမှ မတုတ်တာ၊ ကဝေပျံအဆင့်ပေပဲ....”

ဆရာကြီးတာ စကားတွေအရှည်ကြီးပြောလိုက်ရတာကြောင့် မောသွားတာနဲ့တူတယ်၊ ရေတကောင်းထဲက ရေတစ်ခွက်ငှဲ့ပြီး သောက်လိုက်တယ်၊ ပြီးမှ စကားကိုဆက်ပြောတယ်...၊

“ဒီနေ့ သူ့ကိုခေါ်ပြီး ဂိုဏ်းတော်ကိုအပ်လို့.....၊

ဂိုဏ်းတော်ရဲ့ အစောင့်အရှောက်တွေက သူ့ပညာစက်တွေကို နုတ်ခိုင်းရင်၊ သူနုတ်ပေးရတော့မယ်.....၊

အဲ့ကြောင့် သူ့ပညာစက်တွေကို မနုတ်ရအောင် လုပ်လိုက်တာပဲ၊

ကိုယ့်ကိုယ်ကို ကြိုးစည်သွားတာပဲ.....”

“ဗျာ.....ဒေါ်ရွှေရဲ့အမုန်းက ဒီလောက်ထိကြီးမားခဲ့တာလားဗျာ.....”

“ဟုတ်တယ်...မောင်စင်မောင်လွင်၊ ဒေါ်ရွှေရဲ့အမုန်းရှိန်ကြီးက ဘယ်လိုမှ မပြေပျောက်နိုင်တဲ့ ကမ္ဘာမကျေတဲ့အမုန်းမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဲ___။

ဒီအမုန်းတွေကို ဒီဘဝတင်မကဘူး၊

နောက်ဘဝတွေထိပါ သူယူဆောင်သွားလိမ့်မယ် မောင်ခင်မောင်လွင်.....၊

နောက်ဘဝထိပါ ယူဆောင်သွားလိမ့်မယ်.....”

ခင်မောင်လွင် ခေါင်းငိုက်စိုက်ကျသွားတယ်၊

သူ့မျက်လုံးအစုံက မျက်ရည်တွေစီးကျလာတယ်။

ဒီမျက်ရည်တွေက ကဝေပျံရဲ့ပညာစက်ကြောင့် စိတ္တဇဝေဒနာသည် ဖြစ်နေရတဲ့ သူ့ဇနီး အုန်းခင်မြင့်အတွက်လား....၊

ကြီးမားပြင်းထန်တဲ့ အမုန်းအငြိုးတွေနဲ့ ကလဲ့စားချေချင်လို့ ပညာတွေပြန်နှုတ်မပေးရအောင် ကိုယ့်ကိုယ်ကိုသတ်သေသွားတဲ့ ဒေါ်ရွှေအတွက်လား....၊

သူကလွဲပြီး ဘယ်သူမှ မသိနိုင်ပါဘူး။

◆ ◆ ◆

လွန်ခဲ့တဲ့ လအနည်းငယ်က စာရေးသူဆီကို ဖုန်းဝင်လာတယ်။ ဖုန်းဆက်သူက အမျိုးသမီးတစ်ယောက်ပါ။

သူ့နာမည် အုန်းခင်မြင့်ဖြစ်ပြီး နေပြည်တော်လယ်ဝေးမြို့နယ်ထဲမှာ နေထိုင်ကြောင်းပြောပါတယ်။

“ကျွန်မ ဆရာရေးတဲ့ ‘ဖုန်းတွေနေတဲ့ ရွာ’ စာအုပ်ကို ဖတ်ရပါတယ်။

အဲဒီအထဲက ဖုန်းပြုစားခံရတဲ့ ကျောင်းဆရာမလေးရဲ့ အဖြစ်က ကျွန်မကြုံတွေ့ခဲ့ရတဲ့ အဖြစ်နဲ့ဆင်တူပါတယ်။

ကျွန်မလည်း သူ့လိုပဲ ဖုန်းပြုစားတာ ခံခဲ့ရပါတယ်...”

ဒီလိုအစချီပြီး သူ့အဖြစ်အပျက်ကို ပြောပြချင်တဲ့အကြောင်း ပြောပါတယ်။

နေပြည်တော်၊ လယ်ဝေးဆိုတာက ခရီးဝေးတာကြောင့် လာရောက်နိုင်မှာမဟုတ်တဲ့အကြောင်းနဲ့ ဖုန်းနဲ့ပြောလို့ရရင် ပြောပေးဖို့ စာရေးသူက မေတ္တာရပ်ခံတယ်၊

တစ်ဆက်တည်းမှာပဲ ဖုန်းပြောခတွေ ကုန်မှာစိုးလို့ စာရေးသူကပဲ ဖုန်းပြန်ခေါ်မယ်လို့ ပြောလိုက်ပါတယ်....၊

စာရေးသူရဲ့အပြောကို အုန်းခင်မြင့်က “ရပါတယ်ဆရာ၊ ကျွန်မကပြောချင်တဲ့ သူပါ”ဆိုပြီး သူကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်ကို အစအဆုံး ပြောပြပါတော့တယ်....၊

သူ့ဇာတ်လမ်းကို နားထောင်ပြီးတော့ စာရေးသူက....

“ကဝေပျံဒေါ်ရွှေ ကိုယ့်ကိုယ်ကိုကြိုးဆွဲချပြီးသေသွား



www.burmeseclassic.com

www.burmeseclassic.com



တော့ မအုန်းခင်မြင့် ဒီအတိုင်းပဲ ကျန်ခဲ့တာပေါ့ ဟုတ်လား…”

သူ စိတ္တဇဝေဒနာသည်အဖြစ် ကျန်ရစ်ခဲ့တာကို ရည်ညွှန်းပြီး ပြောလိုက်တာပါ…။

“ဟုတ်ပါတယ် ဆရာ၊ ကျွန်မ စိတ်ဝေဒနာသည်အဖြစ် ကျန်ရစ်ခဲ့ပါတယ်၊

ဒါပေမဲ့ ဆရာကြီးဦးကြာညွန့်က တိုင်းရင်းဆေးပညာကို အလွန်တတ်ကျွမ်းနားလည်တဲ့ ဆေးဆရာကြီးပါ။

သူ့ဆီမှာ ဆေးပညာရပ်တွေအကြောင်းရေးထားတဲ့ ရှေးဟောင်းပေစာ အထုပ်တစ်ထုပ်ပါလာတယ်။

အဲဒီရှေးဟောင်းပေစာထုပ်ကို မြန်မာ့သမိုင်းမှာ နာမည်ကျော် မင်းလက်ဝါးကြီးအုပ်ချုပ်ခဲ့တဲ့ ချင်းတွင်းမြစ်အရှေ့ဘက်ကမ်း၊ အမြင့်မြို့က ရရှိခဲ့တာလို့ပြောပါတယ်။

ရှေးဟောင်းပေစာထဲမှာ ရေးထားတဲ့အတိုင်း ဆေးဖော်ပြီး ကျွန်မကိုကုပါတယ်၊

တစ်လလောက်နေတော့ စိတ်ဝေဒနာသက်သာလာတယ်၊

ဆရာကြီးပြန်သွားတော့လည်း ဆေးဖော်ပေးခဲ့တယ်။

အဲဒီဆေးနဲ့ ကျွန်မစိတ်ရောဂါဝေဒနာ ရှင်းရှင်းပျောက်



သွားခဲ့တာပါ”

“ဒါဆိုရင် ကဝေပျံရဲ့ပညာစက်ကို ရှေးဟောင်းဆေးပညာနဲ့ ကုလိုက်နိုင်တာပေါ့…”

“ဒီလိုလည်း ပြောလို့မရပြန်ဘူးဆရာ…”

“ဟုတ်လား၊ ဘာဖြစ်လို့လဲ…”

“ကျွန်မ စိတ်ဝေဒနာတော့ ပျောက်ပါတယ်၊ ဒါပေမဲ့ ကဝေပျံရဲ့ပညာစက်ကတော့ ကျန်နေတုန်းပဲ။

အရင်ကဖွေးဖွေးဖြူတဲ့ ကျွန်မရဲ့အသားအရေကအသားမည်းကုလားမတစ်ယောက်လို မည်းနေတယ်။

နဖူးနဲ့ ပါးတွေမှာ အရေးအကြောင်းတွေထင်နေတုန်းပဲ၊

မသိတဲ့လူတွေဆို ကျွန်မကိုအသက်ခြောက်ဆယ်၊ ခုနစ်ဆယ်လောက် ကုလားမကြီးလို့ ထင်ကြတယ်။

တကယ်တော့ ကျွန်မအသက်က ၃၅ နှစ်ပဲရှိပါသေးတယ်…”

စာရေးသူဟာ ဖုန်းထဲကသူမရဲ့စကားကို နားထောင်နေတုန်းမှာပဲ သူမကမေးခွန်းတစ်ခု မေးလာပြန်တယ်…။

“ကဝေပျံဒေါ်ရွှေက သူ့ရဲ့အမုန်းရန်ငြိုးတွေကို နောင်ဘဝအထိ ယူသွားနိုင်တယ်ဆိုတော့…။

www.burmeseclassic.com

www.burmeseclassic.com



နောင်တမလွန်မှာ သူနဲ့ပြန်ဆုံရမှာ ကျွန်မသိပ်ကြောက်မိပါတယ်.....။

သူနဲ့ ကျွန်မ ပြန်ဆုံနိုင်သလား ဆရာ..."

သူမရဲ့စကားက စာရေးသူရဲ့စိတ်ကို ခေတ္တခဏအလုပ်ရှုပ်သွားစေတယ်.....။

ဖုန်းကိုနားမှာကပ်ထားရင်း စာရေးသူပြေးပြေးလွှားလွှား စဉ်းစားမိတယ်.....။

"သံသရာကလည်း အရှည်ကြီးဆိုတော့.....။

တစ်နေ့မဟုတ် တစ်နေ့.....

တစ်ဘဝမဟုတ် တစ်ဘဝမှာတော့...........။ ။

❖ ❖ ❖ ❖ ❖

# သရဲဆိုတာ ရှိနိုင်လား

"လှေကားခုံမှာ သရဲမတစ်ကောင်နဲ့

သရဲကလေး နှစ်ကောင်ကိုတွေ့ရတယ်....။

သရဲမက အစွယ်တောင်ထွက်နေပြီ.....။

မအေရော ကလေးတွေပါ နီညိုရောင်

အမွေးတွေတစ်ကိုယ်လုံးပေါက်နေတယ်"

....... ....... .........

"အေး......ဟုတ်တယ်ကွ၊

အဲဒီညောင်ပင်မှာ သရဲမတစ်ယောက်

သားတွေ၊ သမီးတွေနဲ့ နေတယ်ကွ.....။

သူတို့ အသိုက်အမြုံ ပျက်သွားမယ်.....။

ဘယ်တော့မှ အဲဒီညောင်ပင်ကို

မခုတ်ကြနဲ့...."



www.burmeseclassic.com

www.burmeseclassic.com

# သရဲဆိုတာ ချိုနဲ့လား

"တစ္ဆေကြောက်သူ"

"တစ္ဆေသရဲစာအုပ်တွေဖတ်ပြီး တစ္ဆေသရဲကြောက်တဲ့စိတ်တွေ ဝင်လာတယ်....."

အထက်ပါစကားကိုပြောသူက တက္ကသိုလ် ဒုတိယနှစ်ကျောင်းသူတစ်ဦးပါ။

မိတ်ဆွေတစ်ဦးရဲ့ မြေးမလေးဖြစ်ပြီး အုံတက္ကသိုလ်မှာ အင်္ဂလိပ်စာအထူးပြုဘာသာရပ်နဲ့ ပညာသင်ယူနေသူဖြစ်ပါတယ်၊

မိတ်ဆွေက အစ်ကိုအရင်းလို ခင်မင်ရင်းနှီးတာကြောင့် စာရေးသူထွက်သမျှစာအုပ်တိုင်း လက်ဆောင်ပေးဖြစ်ပါတယ်၊

စာဖတ်ဝါသနာပါတဲ့ မြေးမလေးကလည်း စာရေးသူပေးသမျှ စာအုပ်တိုင်းကို စိတ်ဝင်တစားဖတ်ရှုတယ်လို့ ဆိုပါ





တယ်.....၊

တစ်နေ့ စာရေးသူ၊ သူတို့အိမ်ကိုအလည်ရောက်စဉ်မှာ "တစ္ဆေသရဲစာအုပ်တွေဖတ်ပြီး တစ္ဆေသရဲကြောက်တဲ့စိတ်တွေ ဝင်လာတယ်" ဆိုတဲ့ မြေးမလေးရဲ့ပြောစကားကို ကြားရပါတယ်။

"မနေ့တစ်နေ့ကကွာ....အိမ်မှာ မြေးလေးနဲ့ သူ့အဒေါ်နှစ်ယောက်ပဲ ကျန်ခဲ့တယ်၊

ကျန်တဲ့ မိသားစုက အလုပ်တာဝန်တွေကြောင့် အိမ်ပြန်နောက်ကျနေတယ်....၊

ညကြောက်နာရီကျော်ကျော် မှောင်ရိပ်သန်းနေတဲ့အချိန်မှာ ကြောင်နက်တစ်ကောင် အိမ်ထဲဝင်လာတယ်....၊

ကြောင်နက်တ အိမ်ကိုတစ်ခါမှမလာဖူးဘူး။ အနီးအနားပတ်ဝန်းကျင်မှာလည်း ဒီလိုကြောင်နက်မျိုး မရှိဘူး။

ကြောင်နက်ကိုတွေ့တော့ အံ့အားသင့်ပြီးကြည့်နေမိတယ်၊

ကြောင်နက်ကလည်း သူ့မျက်လုံးတွေနဲ့ ပြန်ကြည့်တာပေါ့.....၊

အဲဒီမှာတင် ကြောက်စိတ်တွေဝင်လာတယ်တဲ့ သိမ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ဒီဆေးကြိမ်လုံးရဲ့အစွမ်းကို ကဝေပျံဖြစ်တဲ့သူက မြင်တာနဲ့ သိတယ်၊ ဘယ်လိုစီရင်ထားတယ်ဆိုတာလည်းသိတယ်။

တောကြီးတောင်ကြီးတွေထဲမှာ ဝါးပျံဆိုတာရှိတယ်၊ မြေပေါ်မှာမပေါက်ဘူး။ သစ်ပင်ကြီးတွေရဲ့ ခွဆုံခွကြားတွေပေါ်မှာ ပေါက်တာ၊ အဲဒီ ဝါးပျံကို နှစ်တောင်အတိုဖြတ်၊

ပြီးရင် လူသေကောင်မီးသင်္ဂြိုဟ်ရာမှာထိုးတဲ့ တံစူးဝါးအဖြစ်သုံးရတယ်။

အဲဒါကို လင်းတပနီအူစွပ်၊ အဲဒီအပေါ်ကနေ ခွေးနက်အူထပ်ပြီးစွပ်၊

အပေါ်က လူသေအလောင်းခြေမှာချည်တဲ့ ခြေမကြိုးနဲ့ အထပ်ထပ်ရစ်ပတ်၊

အဲဒီအပေါ်ကမှ ဖယောင်းပုဆိုးရစ်ပတ်ပြီး လင်းတတစ်ကောင်လုံးပြာကို သစ်စေးနဲ့နယ်၊ သရိုးလုပ်ပြီး မံရတယ်။

ဒီလိုအဆင့်ဆင့်၊ ခက်ခက်ခဲခဲလုပ်ပြီးတာတောင် မရသေးဘူး။ တန်ခိုးကြီးနတ်မြတ်နတ်ကောင်း၊ နတ်ဒေဝါတွေကို တိုင်တည်ပြီး မန္တန်(၇)အုပ် ရွတ်ရသေးတယ်......

ဒီလိုစီရင်ပြီးမှ ဆရာကိုင်ဆေးကြိမ်လုံးကို ရတာ၊

ဒီဆေးကြိမ်လုံးနဲ့ အရိုက်ခံရလို့ကတော့ ဘယ်လို





ယောဂ၊ စုန်း၊ ကဝေမှ ခံနိုင်မှာမဟုတ်ဘူး၊

တစ်ခုရှိတာက ဒီလိုဆေးကြိမ်လုံးကို သူတို့လိုအောက်လမ်းပညာသည်တွေ စီရင်လို့မရဘူး၊

ဘာကြောင့်လည်းဆိုတော့ နတ်ကောင်းနတ်မြတ်တွေက လက်မခံဘူး။

အောက်လမ်းပညာသည်နဲ့ နတ်မြတ်နတ်ကောင်းဆိုတာက အကြီးဆုံးကမ္ဘာ့ရန်ဘက်တွေ၊ အကျင့်စရိုက်ကလည်း မြေနဲ့တစ်လမ်း၊ သံတစ်လမ်း.....၊

"ကဲ....ပူးစမ်း၊ လူစိတ်ပျောက်အောင် ပူးစမ်း"

ဆရာကြီး ဦးကြာညွန့်၊ ဆေးကြိမ်လုံးကိုဝင့်ပြီး အမိန့်ပေးလိုက်တယ်....၊

ဒီတစ်ကြိမ်တော့ ကဝေပျံမာန်မတင်းရဲတော့ဘူး.....၊

သူဝင်ပူးနေတဲ့ အုန်းခင်မြင့်တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာတယ်၊

နတ်ကြမ်းအပူးခံနေရတဲ့ နတ်ဝင်သည်လို တရကြမ်း ယိမ်းထိုးလာတယ်.....၊

"နင်......၊ တနင်္ဂနွေသမီး အုန်းခင်မြင့်ကို ပြုစားထားတဲ့ အောက်လမ်းပညာသည်မ မဟုတ်လား....."



www.burmeseclassic.com

www.burmeseclassic.com



ပုတီးသုံးကုံးစွပ်ထားတာတောင် ကြောက်နေတုန်းဆိုပဲ၊ မြေးလေးက ကြောက်တာထားပါတော့၊

အသက်ခြောက်ဆယ်ကျော်ပြီဖြစ်တဲ့ အဒေါ်ကလည်း ကြောက်နေတယ်တဲ့ကွာ.....”

ပြဿနာရဲ့အရင်းအမြစ်ကို မိတ်ဆွေကပြန်ပြောပြပါတယ်.....။

ဒီမှာတင် စာရေးသူရဲ့စိတ်ထဲမှာ “အတွေးစအချို့ ဝင်ရောက်လာပါတော့တယ်။

## “တစ္ဆေကြောက်စိတ်”

တကယ်တော့ ကြောက်တဲ့စိတ်က လူတွေရဲ့စိတ်ထဲကို ခုမှရောက်လာတာမဟုတ်ပါဘူး။

လူစတင်ဖြစ်ပေါ်တဲ့ ကမ္ဘာဦးကတည်းက တည်ရှိလာတာပါ။

အဲဒီခေတ်ကတည်းက လူတွေဟာ သူတို့စိတ်ကို ဒုက္ခရောက်စေတဲ့၊ အနှောက်အယှက်ပြုတဲ့၊ ကြောက်ရမယ့်အရာမှန်သမျှကို ကြောက်လန့်ခဲ့ကြတယ်....။

ဒီ့ကြောင့်လည်း လူတွေခံစားရတဲ့ ရသ(၉)မျိုးထဲမှာ





ဘယာနက လို့ခေါ်တဲ့ ထိတ်လန့်ကြောက်ရွံ့မှုရသကို ထည့်သွင်းထားရတာပါ။

ခက်နေတာက လူ့စိတ်၊ လူ့သဘာဝပါ။

ကောင်းပေ့၊ ညွန့်ပေ့ဆိုတာကို သုံးစွဲချင်ပေမယ့် ရံဖန်ရံခါ ကြမ်းတမ်းခက်တရော်မှုကိုလည်း အလိုရှိတတ်တယ်....။

ချိုတဲ့၊ စိမ့်တဲ့ အရသာကိုမှ ကောင်းမွန်တယ်သတ်မှတ်ပေမဲ့ အချို့က ချဉ်မှ၊ အချို့က ငန်မှ၊ အချို့က ခါးမှ၊ အချို့က ပူစပ်နေမှ ကြိုက်နှစ်သက်ကြပြန်တယ်....။

ဒီလိုပါပဲ......။

လူတိုင်းလူတိုင်း ပျော်ပျော်ရွှင်ရွှင်နေချင်ကြတယ်၊ စိတ်နှလုံး ချမ်းချမ်းသာသာနဲ့ ရယ်ရယ်မောမော နေချင်ကြတယ်။

ဒီ့ပေမဲ့ ကြောက်တဲ့၊ ထိတ်လန့်တဲ့ ရသကိုလည်း ခံစားချင်ကြပြန်ရော.......။

ဒီ့ကြောင့်လည်း သရဲတစ္ဆေ ရုပ်ရှင်ဗွီဒီယိုတွေ၊ သရဲတစ္ဆေဇာတ်လမ်းစာအုပ်တွေကို နှစ်နှစ်သက်သက် ဖတ်ရှုကြပါတယ်.....။

နဂိုကတည်းက သနားကြင်နာစိတ်ရှိသူဟာ သနားစရာဇာတ်လမ်းဇာတ်ကွက်ကို ကြည့်ရှုရတဲ့အခါ မျက်ရည်ကျ



www.burmeseclassic.com

www.burmeseclassic.com



သလို.....

ရဲရင့်စိတ်ဓာတ်ခံရှိသူကလည်း ရဲမာန်တက်ကြွစေတဲ့ ရုပ်ရှင်တွေ၊ ဇာတ်လမ်းတွေ ကြည့်ရဖတ်ရတဲ့အခါ ရဲစိတ်၊ ရဲမာန်တွေ ပိုမိုနိုးကြားတက်ကြွလာတတ်ပါတယ်။

ဒီလိုပဲ ကြောက်စိတ်အခံရှိသူတွေဆိုတော့လည်း ထိတ်လန့်ကြောက်ရွံ့ဖွယ်ဖြစ်တဲ့ ဇာတ်လမ်းဇာတ်ကွက်တွေ ကြည့်ရ၊ မြင်ရ၊ ဖတ်ရှုရတဲ့အခါ ထိတ်လန့်တဲ့ ကြောက်ရွံ့တဲ့စိတ်တွေ ပိုမိုဖြစ်ပေါ်လာတတ်တာဟာ သဘာဝပါ။

တစ်ခုသတိပြုဖို့က.....

သရဲတစ္ဆေတွေ တွေ့တဲ့အခါ၊ သရဲတစ္ဆေခြောက်လှန့်မှုခံရတဲ့အခါ ကြောက်လန့်စိတ်ဖြစ်ပေါ်တာဟာ လူတိုင်းမဟုတ်ဘူးဆိုတာပါ။

မှန်ပါတယ်၊ တစ်ချို့က ဘယ်လိုသရဲတစ္ဆေအကောင်ကြီးကိုပဲဖြစ်ဖြစ် မကြောက်တတ်ကြပါဘူး.....။

"သရဲဆိုတာ ချိုနဲ့လား"

ကညွတ်ကွင်းမြို့ ဗိုလ်တဲရပ်မှာ ကိုနိုင်(အမည်ရင်း)ဆိုတဲ့ လူရွယ်တစ်ယောက် ရှိပါတယ်၊





အရပ်အမောင်းကလည်း ကောင်းကောင်း(ခြောက်ပေနီးပါးရှိပါတယ်) ဗလကလည်း ကောင်းကောင်းဖြစ်ပြီး ပင်ကိုယ်စိတ်ကလည်း ကြောက်စိတ်လန့်စိတ် ကင်းမဲ့သူပါ။

စာရေးသူနဲ့လည်း အလွန်ရင်းနှီး ခင်မင်ပါတယ်....၊

သူက "သရဲတစ္ဆေဆိုတာ ချိုနဲ့လားကွဲ့၊ သဘက်ကြီးတောင် ကြောက်ဘူးကွယ်" ဆိုတဲ့ လူစားမျိုးပါ။

တောင်ပေါ်တမ်းပေါ်တက် လုပ်ကိုင်စားသောက်ရင်းတစ္ဆေခြောက်တဲ့နေရာတွေ၊ မြေကြမ်းတဲ့နေရာတွေနဲ့ နာနာဘာဝတွေရှိတဲ့ ကျွတ်ကုန်းမြေတွေမှာ ခဏခဏနေခဲ့ရပါတယ်။

နောက်ပြီး၊ သူက ညတိုင်းလိုလို လေသေနတ်တစ်လက်ဆွဲပြီး ငှက်ပစ်ထွက်တတ်တယ်၊

သူငှက်ပစ်နေကျနေရာက ကွင်းနောက်သုသာန်ထဲကိုပါ။

သုသာန်ထဲဆိုတော့ တော်ရုံတန်ရုံငှက်ပစ်သမား မရောက်ဘူး၊

သစ်ပင်ကြီးတွေကလည်း ကြီးကြီးမားမား အုံ့အုံ့ဆိုင်းဆိုင်းဖြစ်လို့ ငှက်ပေါင်းစုံအိပ်တန်းတက်ကြတယ်။

ဒါကြောင့် သူကကွင်းနောက် သုသာန်ကိုအပိုင်စားရ



www.burmeseclassic.com

www.burmeseclassic.com



ထားသလို ညတိုင်းငှက်ပစ်သွားတယ်….၊

ဒီလို အကြောက်အလန့်မရှိ၊ နေရာမရွေး၊ အချိန်မရွေး သွားတတ်တာကြောင့် သရဲတစ္ဆေတွေ၊ အခြား နာနာဘာဝတွေနဲ့ မကြာခဏ ဆုံရတတ်တယ်….

ဒီလိုတွေ့တဲ့အခါတိုင်း သူကသရဲကို သူ့ရဲ့လက်စွဲတော် လေးသေနတ်နဲ့ တဖောင်းဖောင်းလိုက်ပစ်လို့ သရဲထွက်ပြေးရတဲ့ အကြောင်း၊

လေးသေနတ်မပါတဲ့အခါ တုတ်နဲ့လိုက်ရိုက်ပြီး တစ်ခါ တစ်ရံ သရဲနဲ့နပန်းလုံးရတဲ့အကြောင်း စာရေးသူကိုပြောပြပါ တယ်။

သူပြောပြခဲ့တဲ့ သရဲဇာတ်လမ်းတွေကို စာရေးသူရဲ့ "ညောင်မျိုးပင်က သရဲမ" စာအုပ်မှာ ရေးသားပြီးပါပြီ။

ကိုနိုင်ဘာကြောင့် သရဲတစ္ဆေမကြောက်တာလဲ၊ စာရေး သူစဉ်းစားကြည့်ဖူးပါတယ်….၊ ဒီအခါမှာ………

သူ မကြောက်တာက ရဲရင့်လို့၊ မိုက်လို့မကြောက်တာ၊

ဘယ်သူ့မှ ဗိုလ်မထားဘူးဆိုတဲ့ သတ္တိမျိုးနဲ့ မကြောက် တာလို့တွေ့ရပါတယ်။





"သရဲက ကျွန်တော့်သူငယ်ချင်း"

သရဲ မကြောက်တဲ့ နောက်တစ်ယောက်ကလည်း တ ညွှတ်ကွင်းမြို့ကပါပဲ။

သူ့နာမည်က ကိုသိန်းဝင်း(အမည်ရင်း)ပါ၊ ရွာမရပ်မှာ နေပြီး လယ်လုပ်သူဖြစ်ပါတယ်…..၊

တညွှတ်ကွင်းမြို့မှာတော့သူ့ကို သရဲနိုင်တဲ့သူ၊ သရဲတွေ နဲ့ နေတဲ့သူလို့ နာမည်ကြီးသူပါ။

သူ့မှာမွေးထားတဲ့ သရဲတွေရှိတယ်….၊

ခိုင်းချင်တာ ခိုင်းလို့ရတယ်…..

လယ်တဲတစ်တဲနှင့် တစ်တဲအကူးမှာ သရဲက သူ့ကို ကျောပိုးပြီးလိုက်ပို့ရတာ…..

သရဲကို စေခိုင်းတာတွေကို လူပြောများပါတယ်၊

ဒီသတင်းတွေ ဟုတ်၊ မဟုတ်၊ မှန်ကန်ခြင်း ရှိ၊ မရှိ မေးမြန်းဖို့ ၂၀၁၄၊ မေ ၂၂ ရက်မှာ စာရေးသူ ရန်ကုန်ကနေ တညွှတ်ကွင်းကို သွားရောက်ပြီး ကိုသိန်းဝင်းနဲ့ တွေ့ဆုံခဲ့ပါတယ်၊

"အားလုံး အမှန်တွေပါပဲ…." လို့ ကိုသိန်းဝင်းက ဖြေ ပါတယ်၊

ပြီးတော့ သူ့အကြောင်းအချို့ကို ဆက်ပြောတယ်….၊



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သရဲမွေးတယ်ဆိုတာကတော့ မဟုတ်ပါဘူး။

သရဲမနှစ်ကောင်က ကျွန်တော့်လယ်တဲမှာ ဟိုးအရင်ကတည်းက ရှိနေတာပါ။

နောက်သရဲမတစ်ကောင်က လူ့ဘဝတုန်းက ကျွန်တော်နဲ့အရမ်းခင်တဲ့ သူငယ်ချင်းမောင်ဝင်း၏။

သူနဲ့ ကျွန်တော်က သူမသေခင်က စားအတူ၊ သွားအတူ၊ အိပ်တော့လည်း ကျွန်တော့်လယ်တဲမှာ အတူတူပါပဲ၊

တစ်နေ့ပေါက်ပင်ကွေ့မှာ သူကင်းကိုက်ခံရတယ်။

ကင်းက တင်းခြေများကြီး၊ လူကြီး လက်တစ်ထွာကျော်လောက်ရှည်ပြီး၊ လက်မအရွယ်လောက် တုတ်တယ်။

သိပ် အဆိပ်ပြင်းတဲ့ နှစ်ချို့ကင်းခြေများကြီး၊

ကင်းကိုက်တာခံရပြီး သူဖျားတယ်၊ တစ်ပတ်၊ ဆယ်ရက်လောက်အကြာမှာပဲ သူဆုံးသွားတယ်။

တစ်နေ့ ညဘက်ကြီး ကျွန်တော်တောင်ခြေကိုသွားပြီး ပြန်အလာ၊ ခွေးနက်ကြီးတစ်ကောင် နောက်ကနေလိုက်လာတယ်။

ကျွန်တော့်လက်ထဲမှာ လောက်လေးခွပါလာတယ်၊



ပြောရဦးမယ်၊ ကျွန်တော့် လောက်လေးခွအကြောင်း၊

ကျွန်တော့်လောက်လေးခွက သားရေပင်နှစ်ပင်ထပ်ထားတာ၊ တော်ရုံယောက်ျားတောင်မဆွဲနိုင်ဘူး၊

လောက်စာလုံးကလည်း ရွှံ့နဲ့လုံးထားတဲ့ လောက်စာလုံးမဟုတ်ဘူး၊ သံဘောသီးလုံးတွေပါ။

ဒီ လောက်လေးခွနဲ့ တောဝက်ရအောင် ပစ်ခဲ့ဖူးတယ်။

လောက်လေးခွပါလာရင် သေနတ်တစ်လက်ပါလာသလောက် အားရှိတယ်.....၊

ပထမတော့ နောက်ကလိုက်လာတဲ့ ခွေးနက်ကြီးကို လောက်လေးခွနဲ့ ပစ်ဖို့စိတ်ကူးသေးတယ်။

ဒါပေမဲ့ ပစ်ချင်စိတ်မရှိတာကြောင့် မပစ်မိဘူး၊

ဒီလိုအချိန်ကြီးမှာ ခွေးနက်ကြီးတစ်ကောင်လိုက်လာတာ ရိုးရိုးမဟုတ်နိုင်ဘူး၊ နာနာဘာဝတစ်ကောင် ဖြစ်မယ်လို့လည်းတွေးမိတယ်၊

တစ်ခုရှိတာက ခွေးနက်ကြီးဟာ ကျွန်တော့်ကိုရန်ပြုမယ့်အရိပ်အရောင်မရှိဘူး၊

ကျွန်တော်မွေးထားတဲ့ အိမ်မွေးခွေးတစ်ကောင်လိုပြုမူနေတယ်၊ အနီးကပ်လာလိုက်၊ အဝေးထွက်သွားလိုက်၊ ပြန်

www.burmeseclassic.com

www.burmeseclassic.com



မြေးသွားလိုက်၊ ပွတ်သီးပွတ်သပ် လုပ်လိုက်နဲ့ပေါ့.....၊

ဒီလိုနဲ့ သူငယ်ချင်းမောင်ဝင်း ကင်းကိုက်ခံရတဲ့ ပေါက်ပင်ကွေ့ကို ရောက်လာတယ်။

အဲဒီနေရာရောက်တော့ ခွေးနက်ကြီးက ကျွန်တော့်ကို ကျော်ပြီးပြေးသွားတယ်၊ ပြီးတော့ လဲကျနေတဲ့ ပေါက်ပင်သစ်တုံးပေါ် စောင့်ကြောင့်ထိုင်နေတယ်။

ကျွန်တော်ကြည့်နေတုန်းမှာပဲ ခွေးနက်ကြီးပျောက်သွားတယ်၊

ခွေးနက်ကြီးနေရာမှာ ပိန်ပိန်ရှည်ရှည် လူတစ်ယောက် ထိုင်နေတယ်....၊

သူဟာ ကျွန်တော့်သူငယ်ချင်း မောင်ဝင်းပါပဲ၊

မကြာခင်.လအနည်းငယ်ကမှ သေသွားတဲ့ ကျွန်တော့် သူငယ်ချင်းမောင်ဝင်းပဲ ဖြစ်ပါတယ်။

သူနဲ့ ကျွန်တော် စကားပြောဖြစ်ကြတယ်၊

ကျွန်တော် တောင်ခြေသွားတာကိုသိလို့ ကွင်းချောင်းကမ်းပါးကစောင့်ပြီး လိုက်လာခဲ့တာလို့ သူပြောပြတယ်။

"မင်းဘယ်မှာနေတာလဲ...."ကျွန်တော်မေးတော့...၊

"နေစရာအတည်တကျ မရှိသေးဘူး"လို့ သူက ပြန်





ပြောတယ်။

နောက်ပြီး ကျွန်တော်နဲ့နီးနီးမှာပဲ နေချင်တယ်လို့ ပြောတယ်။

လူ့ဘဝတုန်းကလည်း မခွဲအတူနေလာကြတာမို့ ကျွန်တော်ဝမ်းသာသွားတယ်၊

"ဒို့လယ်တဲမှာ လိုက်နေဆိုပြီး ခေါ်လာခဲ့တယ်။

ကျွန်တော့်လယ်ထဲက ထိန်ပင်မှာ သူ့ကိုနေရာပေးထားတယ်......၊

သူရောက်လာပြီးနောက်ပိုင်းမှ လယ်ထဲမှာရှိတဲ့ အခြားနာနာဘာဝတွေနဲ့ ကျွန်တော်သိကျွမ်းရတာပါ"

"သူတို့က ကိုသိန်းဝင်းကို အကျိုးပြုပေးကြသလား.."

"အကျိုးပြုကြပါတယ်၊

အဓိကကတော့ ကျွန်တော့်လယ်၊ ကျွန်တော့်ယာကို စောင့်ရှောက်ပေးပါတယ်။

ကျွန်တော့်လယ်ကန်သင်းပေါ် ကျွန်တော်ခွင့်မပြုဘဲ ဘယ်သူမှလာလို့မရဘူး။

ကျွန်တော့်လယ်မြေထဲကို ကျွန်တော်မသိအောင် [illegible]လာ များတာ၊ သီးနှံလာခိုးတာ၊ မြက်လာရိတ်တာနဲ့ သူ[illegible]တွေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ....၊

ခြောက်လှန့်ပြီး ဖျားအောင်၊ နာအောင် လုပ်ပစ်လိုက်တယ်......၊

ကျွန်တော် သိတယ်၊ သူတို့တားချင် သောက်ချင်လို့လုပ်တယ်ဆိုတာ၊

အဲ့ကြောင့် ဖျားတဲ့ နာတဲ့သူကို သွားပြောရတယ်။

"သူတို့ကို ကြက်သားဟင်းနဲ့ ထမင်းကျွေးလိုက်ပါ"လို့

သွားကျွေးပြီး တောင်းပန်လိုက်တာနဲ့ ဖျားတာ၊ နာတာ အားလုံး ယူပစ်သလိုပျောက်ကင်းသွားကြတယ်...."

အဲဒီနောက်မှာ ကိုသိန်းဝင်းက စာရေးသူကို သူတို့လယ်တဲဆီ ခေါ်သွားတယ်။

သူ့သူငယ်ချင်း မောင်ဝင်းနေတဲ့ ထိန်ပင်နဲ့ သရဲမ နှစ်ကောင်နေတယ်ဆိုတဲ့ လယ်တဲကိုလိုက်ပြပါတယ်....၊

ရှိတယ်ဆိုတဲ့အသိစိတ်ကြောင့်လား။ ပတ်ဝန်းကျင်ရဲ့ တိတ်ဆိတ်ငြိမ်သက်လွန်းမှုကြောင့်လား မသိဘူး။

ကြောက်တာလန့်တာမဟုတ်ပေမဲ့ စိတ်ထဲမှာတစ်မျိုးတစ်ဖုံခံစားနေရတယ်....၊

ထူးခြားတာက ကိုသိန်းဝင်းရဲ့ သူငယ်ချင်း မောင်ဝင်း



(နာနာဘာဝ)ဟာ ကိုသိန်းဝင်းသေးအန္တရာယ်တစ်ခုခုဖြစ်မှာကို ကြိုသိနေခြင်းပါ။

အဲ့ကြောင့် ကိုသိန်းဝင်းကို "ဒီလမ်းမသွားနဲ့၊ ဟိုလမ်းသွားနဲ့"လို့ တားတယ်၊

သူငယ်ချင်းရဲ့ စကားကိုနားမထောင်ဘဲ ကိုသိန်းဝင်း ငွတ်တိုးသွားလို့ မြွေနှစ်ခါတိတိ အကိုက်ခံခဲ့ရပါတယ်၊

ကိုက်တဲ့မြွေတွေကလည်း မြွေပွေးကြီးတွေချည်းပဲတဲ့၊

ဒါက သရဲတွေနဲ့နေတဲ့၊ သရဲမကြောက်တဲ့ ကိုသိန်းဝင်းရဲ့ အဖြစ်မှန်တွေပါ။

သူဘာ့ကြောင့် သရဲမကြောက်တာလဲ၊

စာရေးသူ စဉ်းစားကြည့်မိပါတယ်၊ ရတဲ့အဖြေကတော့ သရဲနဲ့ ခင်မင်ရင်းနှီးလို့၊ သရဲက သူ့ရဲ့သူငယ်ချင်း ဖြစ်နေလို့ဆိုတာပါပဲ။

"သရဲဆိုတာ သနားစရာ"

"အဲဒီအကောင်ကြီးက သူတော်ကောင်းကြီးပါကွာ....၊

ဘယ်သူ့ကိုမှ ရန်မလုပ်တတ်ပါဘူး......၊

အခုလည်း အစာရှာထွက်ပြီး ပက်ပင်းတိုးမိတာ ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်.....”

ဒီစကားကို အသိန့်ရှိတာက ကညွှတ်ကွင်းမြို့ ဝါးတော ရပ်မှာတည်ရှိတဲ့ ပုသိမ်ကျောင်းဆရာတော်ကြီးပဲ ဖြစ်ပါတယ်။

တစ်ခါတုန်းက ကညွှတ်ကွင်းရဲ့စခန်းက စာရေးသူရဲ့ မိတ်ဆွေဖြစ်တဲ့ ရဲတပ်ကြပ်ကြီးကျော်မြင့်တို့ လင်မယားတာ သူတို့ရဲ့ တစ်ဦးတည်းသောသားလေးကို ပုသိမ်ကျောင်းဆရာ တော်ကြီးထံ အပ်နှံပြီးရှင်ပြုပေးပါတယ်....။

အရုဏ်ဆွမ်းဘုဉ်းပေးပြီး ဆက်ကပ်ရမယ့် အချိုပွဲမုန့် တွေမေ့ကျန်နေတာကို အလူအဝင်နေ့ ညဦးပိုင်းမှ သတိရ ကြတယ်။

နောက်နေ့မနက် အရုဏ်မှာကပ်ရမှာမို့ သတိရရချင်း ကိုကျော်မြင့်ရဲ့ဇနီး မအေးမြိုင်က အိမ်ပြန်ပြီးအချိုပွဲမုန့်တွေ ပြန် ယူတယ်။

ဘုန်းကြီးကျောင်းနဲ့ ရဲစခန်းက မိနစ်နှစ်ဆယ်လောက် သာ ဝေးတဲ့ခရီးဖြစ်လို့ ဓာတ်မီးတစ်လက်အားကိုးပြီး တစ် ယောက်တည်းထွက်ခဲ့တာပါ။

သွားရတဲ့လမ်းက သိပ်မဝေးပေမယ့် အုတ်လမ်းကျဉ်း ကျဉ်းလေးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ သစ်ပင်ကြီးတွေ၊ ဝါး



ပင်ကြီးတွေ အုံ့မှိုင်းပြီးအေးစိမ့်နေတယ်။

နေ့ဘက်တောင်လူသွားလူလာပြတ်တဲ့နေရာမို့ ညဆို တော့ ပိုဆိုးတာပေါ့....။

မှောင်မည်းတိတ်ဆိတ်နေတဲ့ဒီလမ်းက မအေးမြိုင်လို မိန်းမသားတစ်ယောက်အဖို့ အသည်းငယ်စရာပါ။

ဘယ်လိုပဲဖြစ်ဖြစ်၊ အသွားမှာတော့အေးအေးဆေးဆေး ပါပဲ.....။

အိမ်ကနေ မုန့်တွေယူပြီးပြန်လာမှ အဲဒီသရဲကောင်ကြီး နဲ့ မအေးမြိုင်တို့ လမ်းကြားလေးထဲမှာ ပက်ပင်းတိုးမိတာဖြစ် တယ်....။

ဓာတ်မီးထိုးလာတဲ့ မအေးမြိုင်ဟာ သူ့ရှေ့ ဝါးတစ်ရိုက် လောက်အကွာမှာ သရဲကောင်ကြီးကို တွေ့လိုက်တယ်......။

သရဲကောင်ကြီးရဲ့အရပ်က ထန်းပင်တစ်ပင်လိုမြင့်ပြီး တစ်ကိုယ်လုံးမှာလည်း အမွေးအမျှင်တွေနဲ့၊

နီရဲနေတဲ့မျက်လုံးကြီးနှစ်လုံးက ရုပ်ပျက်ဆင်းပျက် မျက်နှာကြီးထဲကနေ ပြူးထွက်နေတယ်......။

ဘာပြောကောင်းမလဲ၊ မအေးမြိုင် နောက်ပြန်လှည့်ပြီး ပြေးခဲ့တာ ရဲစခန်းပြန်ရောက်တဲ့အထိပဲ၊

www.burmeseclassic.com

www.burmeseclassic.com



စခန်းရောက်မှ တပ်ဖွဲ့ဝင်နှစ်ဦး အကူအညီတောင်းပြီး တခြားလမ်းကနေ ပုသိမ်ကျောင်းကို လိုက်ပို့ခိုင်းရတယ်။

မအေးမြိုင်က ကျောင်းပြန်ရောက်တာနဲ့ ဝေယျာဝစ္စကူညီလုပ်ကိုင်ပေးတဲ့ ဒေါ်လှကြည်၊ ဒေါ်စန်းကြီးနဲ့ ဒေါ်အေးသိန်းတို့ကို သရဲကောင်ကြီးနဲ့ တွေ့တဲ့အကြောင်းပြောပြတယ်။

ဒေါ်လှကြည်တို့အဖွဲ့က ပုသိမ်ကျောင်းဆရာတော်ကြီးကို လျှောက်ထားတယ်။

ဆရာတော်ကြီးရဲ့ ပြောပကားအရဆိုလျှင် ဆရာတော်ကြီးအနေနဲ့ ဒီသရဲကောင်နဲ့ မကြာခဏဆိုသလို တွေ့နေကြုံနေရတယ်ဆိုတာထင်ရှားနေပါတယ်.....၊

စာရေးသူ စဉ်းစားကြည့်မိတယ်.....

"ဆရာတော်ကြီးမှာ သရဲတစ္ဆေကြောက်လန့်တဲ့စိတ်ဘာကြောင့်မရှိတာလဲ" လို့ပါ။

ဆရာတော်ကြီးဟာ သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသူအဖြစ် ထင်ရှားပါတယ်၊

သရဲတစ္ဆေတွေရဲ့ ဆင်းရဲပင်ပန်းလှတဲ့ ဘဝကိုသိတယ်။ သူတို့ရဲ့ ခက်ခဲကြမ်းတမ်းလှတဲ့ အသက်မွေးမှုကို နားလည်တယ်။





ဒါကြောင့် သရဲကောင်ကြီးကို သနားနေတယ်။

သရဲ၊ တစ္ဆေ၊ နာနာဘာဝအားလုံးကိုလည်း သနားစရာသတ္တဝါတွေအဖြစ် သတ်မှတ်ထားတယ်။

မေတ္တာစိတ်နဲ့ သနားကြင်နာစိတ်တွေ အားကောင်းလာတဲ့အခါ ကြောက်လန့်စိတ်တွေ လွင့်ပါးပျောက်ကွယ်သွားတာလို့ပဲ ထင်ပါတယ်......။

"သရဲတစ္ဆေကို မေတ္တာထားသူ"

ကညွတ်ပင်တွေ ကွင်းလုံးပြည့် ပေါက်ရောက်နေတဲ့ ဒေသဖြစ်လို့ "ကညွတ်ကွင်း" လို့ အမည်တွင်ခဲ့တယ်လို့ ဆိုပါတယ်။

ကညွတ်ကွင်းကို နေ့သင့်နံသင့်တွက်ချက်ကြည့်ရင်....

ကညွတ်ကွင်း = တနင်္လာ+အင်္ဂါ+တနင်္လာ ဖြစ်ပါတယ်၊

ကညွတ်ကွင်းမြို့ရဲ့ တောင်ဘက်စွန်းတည့်တည့်မှာရှိတဲ့ ငါးထပ်ကြီးဘုရားကို နေ့သင့်နံသင့် တွက်ချက်ကြည့်ရင်လည်း

ငါးထပ်ကြီး = တနင်္လာ+စနေ+တနင်္လာ ဖြစ်နေပြန်တယ်.....၊

ဒီလိုပဲ မြောက်ဘက်စွန်း တည့်တည့်က ကျွန်းတော



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကို နေ့သင့်နံ့သင့် တွက်ချက်ကြည့်တော့လည်း....

တနင်္လာ+စနေ+တနင်္လာ ဖြစ်နေတာ တွေ့ရပြန်ပါတယ်။

မြမ်းငါးထပ်ဆင့်ပြီးတည်ခဲ့တဲ့ ရုပ်ပွားတော်ကြီးဖြစ်လို့ ငါးထပ်ကြီးဘုရားလို့ နာမည်မှည့်ခဲ့တာ ဖြစ်ပေမယ့်......၊

ကျွန်းပင်တွေ အများအပြား ပေါက်ရောက်နေတဲ့ ကျောင်းကြီးမို့ ကျွန်းတောကျောင်းလို့ နာမည်မှည့်ခဲ့တာ ဖြစ်ပေမယ့်......၊

နေ့တွေနံတွေ တူညီနေမှုက တိုက်ဆိုင်မှုထက်ပိုတယ်လို့ ထင်ပါတယ်။

ဘာ့ကြောင့် ဒီလိုပြောနိုင်ရတာလဲဆိုတော့.......

ကညွတ်ကွင်း = ၂+၃+၂ = ၇

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ ဆိုတဲ့...

သူတော်ကောင်းတရား (၇) ပါးနဲ့ ပြည့်စုံတဲ့မြို့လို့ ယူဆလို့ရသလို.....၊

ငါးထပ်ကြီးနဲ့ ကျွန်းတောကျောင်းကိုလည်း......

(၂+၇+၂=၁၁)၊

ရာဂ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတဲ့ မီး(၁၁)မီး ငြိမ်းတဲ့ မြို့လို့လည်း ယူလို့ရပြန်ပါတယ်။

ဒါကို ကြည့်ခြင်းအားဖြင့် ရှေးလူကြီးသူမတွေဟာ ကညွတ်ကွင်းမြို့ကို သူတော်ကောင်းတရား (၇) ပါးနဲ့ပြည့်စုံပြီး မီး (၁၁) မီးငြိမ်းတဲ့ မြို့ ဖြစ်အောင် အမည်နာမတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ တမင်ရွေးချယ်ပေးခဲ့တယ်လို့ပဲ စာရေးသူ ထင်မြင်သုံးသပ်မိပါတယ်။

ဒါက အကြောင်းဆိုလို့ တင်ပြတဲ့ထူးခြားမှုပါ၊

စာရေးသူအဓိကတင်ပြချင်တာက ကညွတ်ကွင်းမြို့ မြောက်ဘက်စွန်မှ ကျွန်းတောကျောင်းက နာနာဘာဝတွေနဲ့ အဲဒီနာနာဘာဝတွေကို မေတ္တာ၊ ကရုဏာတရားနဲ့ ငြိမ်းအေးစေခဲ့တဲ့ ကျွန်းတောကျောင်းဆရာတော်ကြီး ဦးသုရိယရဲ့ အကြောင်းပဲဖြစ်ပါတယ်၊

စာရေးသူ ကညွတ်ကွင်းမြို့ကို စတင်ရောက်ရှိတဲ့ လွန်ခဲ့သောနှစ်ပေါင်း (၄၀) နီးပါးခန့် (ဒီဇင်ဘာ၊ ၁၉၇၈)က ကျွန်းတောကျောင်းဟာ ကျောင်းပျက်ကြီးပါ။

ကျောင်းဝင်းကြီးတစ်ခုလုံးကို သစ်ပင်ကြီးငယ်တွေ ချုံတွေ၊ နွယ်တွေ အပြည့်ပုံးအုပ်လွှမ်းခြုံထားပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



ချုံတွေ၊ သစ်ပင်တွေကြားမှာ ကျောင်းတိုင်အဟောင်း အဆွေး သုံးလေးတိုင်သာထိုးထိုးထောင်ထောင်ရှိတဲ့ ကျောင်းဆောင်ပျက်တစ်ခု ရှိပါတယ်။

မြေပြင်အထက်မှာ ဆယ်ပေနီးပါးမြင့်တဲ့ ကြေးဆင်းတုတော်ကြီးတစ်ဆူကလည်း ရောင်တော်မှေးမှိန် ပျက်စီးပြီး ချုံတွေ နွယ်ပင်တွေဖုံးလွှမ်းတာကို ခံနေရပါတယ်။

ကျောင်းကြီးဟာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက စာသင်သားငါးဆယ်လောက်ရှိတဲ့ စာသင်တိုက်ကြီးလို့ ဆိုပါတယ်၊

နှစ်ပေါင်းများစွာ စည်ပင်ဖွံ့ဖြိုးခဲ့တဲ့ကျောင်းကြီး ပျက်စီးချိန်တန်တဲ့ တစ်နေ့မှာတော့ နာနာဘာဝမိစ္ဆာကောင်ကြီးတစ်ကောင်ရောက်လာတယ်။

အဲဒီမိစ္ဆာကောင်ကြီးရဲ့ ခြောက်လှန့်ပမ်းစားမှုကြောင့် ကျောင်းတိုက်က ရဟန်း၊ သာမဏေတွေ တစ်ပါးပြီးတစ်ပါး ပျံလွန်တော်မူခဲ့တယ်၊

ရဟန်းသာမဏေ အများအပြားကလည်း ကျောင်းတိုက်ကြီးကို စွန့်ခွာသွားကြတယ်၊

နောက်ဆုံးမှာ ရဟန်းသံဃာကင်းမဲ့ပြီး စောင့်ရှောက်မည့်သူမရှိတဲ့ ကျောင်းတိုက်ကြီးဟာ တစ်စတစ်စ ယိုယွင်းလာ





ရာက မြို့ကျပျက်စီးသွားတယ်။

အဲဒီနောက်မှာ မေ့ပျောက်ခံဘဝ ကျရောက်ပြီး ချုံနွယ်၊ သစ်ပင်တွေ ဖုံးလွှမ်းတာခံလိုက်ရခြင်းဖြစ်ပါတယ်။

ဒီလိုနဲ့ အလွန်စည်ကားသိုက်မြိုက်ခဲ့တဲ့ ကျောင်းတိုက်ကြီးတာ ဥစ္စာစောင့်တွေ၊ တစ္ဆေသရဲတွေ၊ နာနာဘာဝတွေ ပျော်မွေ့နေထိုင်တယ်ဆိုတဲ့ သတင်းဆိုးနဲ့ နာမည်ကြီးပြီး....

လူအများကြောက်ရွံ့ ရှောင်ရှားကြတဲ့ နေရာဒေသ တစ်ခုဖြစ်လာပါတော့တယ်......၊

## “ကျောင်းဝင်းထဲက နာနာဘာဝများ”

(၁၉၇၉–၈၀) လောက်ကလို့ ထင်ပါတယ်။

နာနာဘာဝတွေ သောင်းကျန်းလှတယ်ဆိုတဲ့ ကျွန်းတောကျောင်းပျက်ကြီးထဲကို တောထွက်ရဟန်းတစ်ပါး ရောက်ခဲ့လာပါတယ်။

ရဟန်းတွဲ့အမည်က ဦးသုရိယဖြစ်ပြီး၊ တောကျွဲအင်းမြို့ကနေလာတာပါ။

ဦးသုရိယဟာ ကျောင်းပျက်ကြီးထဲမှာ တစ်နေရာတာ ရှင်းလင်းတယ်၊ တဲကျောင်းခေါင်လေးဆောက်ပြီး တစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..........။
ငါလုပ်တာ........။ ဘာဖြစ်တုန်း........"

ဆရာကြီးဦးကြာညွန့်ရဲ့အမေးကို ကဝေပျံကမာမာထန်ထန် အော်ဟစ်ပြီးတုံ့ပြန်တယ်......။

"အံမာ.....ကဝေပျံဆိုပြီး မာန်တက်နေတာပေါ့လေ...။
ဒို့ကိုများ ရာရာစစ၊

ဆေးကြိမ်လုံးစာကျွေးလိုက်လို့ ကြောဝဋ္ဋာအပြင်ဘက် လွင့်စင်သွားရော့မယ်.....။

ပြောစမ်း၊ နင်နဲ့အုန်းခင်မြင့်က ရန်သူတွေလား...."

"သိပ်ဟုတ်တာပေါ့၊ ရန်သူမှ ကမ္ဘာ့ရန်......"

"အုန်းခင်မြင့်က နင့်နစ်နာအောင် ဘာတွေလုပ်ခဲ့လို့ လဲ......"

ကဝေပျံဝင်ပူးနေတဲ့ အုန်းခင်မြင့်ရဲ့မျက်နှာဟာ ကြောက်စရာအသွင်ကို ရုတ်ခြည်းပြောင်းလဲသွားတယ်။

ဒေါသတွေနဲ့ ခက်ထန်သွားတယ်။

အသက်ရှူသံတွေလည်း ပြင်းလာတယ်.....။

"သူ့ကြောင့်၊ သူ့ကြောင့်......။
ငါ့သမီးသေခဲ့ရတာပဲ၊ သိရဲ့လား...."





ကဝေပျံရဲ့စကားကြောင့် ဆရာကြီးဦးကြာညွန့် အံ့ဩသွားတယ်...။

သူ့ရှေ့မလှမ်းမကမ်းမှာထိုင်နေတဲ့ အုန်းခင်မြင့်ရဲ့ခင်ပွန်း မောင်ခင်မောင်လွင်ကို လှမ်းကြည့်လိုက်တယ်....။

ပြီးမှ ကဝေပျံကိုပြောလိုက်တယ်.....။

"နင်ပြောတာ ငါနားမလည်ဘူး၊
ငါသိအောင် ရှင်းရှင်းလင်းလင်းပြောပြစမ်း......"

"မသိတဲ့သူကတော့ မသိဘူးပေါ့......။
အကြောင်းစုံကိုသိတာ၊ ဟိုကောင်......။
ဟိုကောင် အကုန်လုံးသိတယ်........"

လေသံပျော့သွားတဲ့ ကဝေပျံဟာ၊ ရုတ်တရက်စိတ်ဖောက်သွားသလို ခင်မောင်လွင်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး အော်ပြောလိုက်တယ်.......။

"မောင်ခင်မောင်လွ င်ရေ၊ ပြဿနာကတော့ မင်းဘက်လှည့်လာပြီတော့၊
မင်းအကုန်လုံးသိတယ် ဆိုပါလား....."

"ကျွန်တော်လည်း နားမလည်နိုင်အောင် ဖြစ်နေပါတယ် ဆရာကြီး...."



www.burmeseclassic.com

www.burmeseclassic.com



တည်း သီတင်းသုံးပါတယ်။

ဒီလိုအဓိကာရ နေရာကိုမှ သီတင်းသုံးဖို့ရောက်လာတဲ့ ရဟန်းကိုတွေ့တော့ အားလုံးအံ့အားသင့်နေကြတယ်။ အထူး အဆန်းလည်းဖြစ်နေတယ်။

တစ်နှစ်ထက်ပိုပြီးနေလို့မရအောင် နာနာဘာဝတွေ နှောင့်ယှက်တယ်ဆိုတဲ့ သတင်းစကားကြောင့် ဆရာတော်ကို လည်း တစ်နှစ်အတွင်းပျံလွန်တော်မူမလား၊ ထွက်ခွါသွားရမ လားဆိုတာ တထိတ်ထိတ်စောင့်ကြည့်နေခဲ့ရတယ်။

ဒါပေမဲ့ ဆရာတော်ရဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်တွေ ကြောင့် ကျွန်းတောကျောင်းတိုက်ကြီးဟာ ဒုတိယအကြိမ် ပြန်လည်ထွန်းလင်း၊ စည်ကားသိုက်မြိုက်လာပါတယ်။

ဆရာတော်ဦးသုရိယ ရောက်လာကာစနှစ်တွေက သိမ် တည်ဖို့၊ ကျောင်းဆောက်ဖို့ သစ်ပင်တွေ၊ ချုံတွေရှင်းလင်းတဲ့ အခါမှာ ရှင်းလို့မရတဲ့နေရာတွေ ရှိခဲ့တယ်လို့ ဆိုပါတယ်။

ရေနံဆီလောင်းပြီး မီးရှို့တာတောင် မီးမလောင်ဘူး သိရပါတယ်။

ဆရာတော်က အဲဒီခြုံနွယ်သစ်ပင်မှာ မှီခိုနေထိုင်တဲ့ နာနာဘာဝကို လွတ်ကင်းတဲ့ အခြားနေရာသို့ ရွှေ့ပေးပြီးမှ လွ





လွယ်ကူကူ ရှင်းလို့ရတဲ့အကြောင်း၊ ဝေယျာဝစ္စလုပ်ကိုင်ရာမှာ ပါဝင်ခဲ့တဲ့ လက်သမားဆရာကြီးဦးဖြူလေး (ဗိုလ်တဲရပ်) က စာရေးသူကို ပြောခဲ့ဖူးပါတယ်။

စာရေးသူဟာ ကျွန်းတောကျောင်းက နာနာဘာဝတွေ အကြောင်း ဆက်လက်စုံစမ်းမေးမြန်းခဲ့ပါတယ်....၊

"ဦးဇင်းက ဘုရားကြီးရှေ့မှာ တရားထိုင်နေတုန်း သရဲ နှစ်ကောင်ရောက်လာတယ်။

ဦးဇင်းကို တစ်ဖက်တစ်ကောင်စီ၊ ချိုင်းကနေမြှောက်ပြီး သွားတယ်၊

ဦးဇင်းလည်း တရားမှတ်ပြီးလိုက်သွားတယ်။

ပြီးတော့ ရထားလမ်းပေါ်အတက်၊ ကျောင်းပေါက်ဝမှာ ထားခဲ့တယ်။

လူကို ဘာအန္တရာယ်မှတော့ မပြုဘူး၊

ကြောက်တတ်ရင်တော့ လိပ်ပြာလွင့်သွားနိုင်တာပေါ့ ကွာ..."

ဒီစကားကိုပြောသူက ကျွန်းတောကျောင်းက ဦးဇင်း ကြီး ဦးစက္ကိန္ဒ (ဦးဇင်းဉာဏ်) ပါ။

တစ်ခါတုန်းကလည်း ဦးဇင်းနဲ့ဆရာတော် ကျောင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာရှိနေတုန်း အပြင်ကလူသံကြားလို့ တံခါးဖွင့်ကြည့်မိတယ်။

လှေကားခုံမှာ သရဲမတစ်ကောင်နဲ့ သရဲကလေး နှစ်ကောင်ကိုတွေ့ရတယ်၊ သရဲမက အစွယ်တောင် ထွက်နေပြီ၊

မအေရော ကလေးတွေပါ နီညိုရောင်အမွေးတွေ တစ်ကိုယ်လုံးပေါက်နေတယ်....၊

အဲဒီအကြောင်း ဆရာတော်ကိုပြောပြတော့........

"မုဆိုးမသားအမိတွေပါကွာ.....၊မေတ္တာထားပြီး ကျွေးမွေးစောင့်ရှောက်ပါ"လို့ ဆရာတော်ကြီးအမိန့်ရှိတဲ့အကြောင်းလည်း ပြောပြပါတယ်။

ကျောင်းတောင်ဘက်မှာ ညောင်ပင်ကြီးတစ်ပင်ရှိတယ်၊

အဲဒီညောင်ပင်ကြီးက အကိုင်းအခက်တွေပြန့်ပြီး အုပ်မိုးနေတာကြောင့် ကျောင်းဝင်းထဲကို နေရောင်ခြည်ကောင်းကောင်း မကျရောက်ဘူး၊ မှောင်လည်းမှောင်နေတယ်။

ဒါကြောင့် ဦးဇင်းကြီးဦးဖိုးဆယ်က ညောင်ပင်ကိုခုတ်ဖို့ စီစဉ်လိုက်တယ်....၊

ညကျတော့ သရဲမက ဦးဇင်းဦးဖိုးဆယ်ကို အိပ်မက်လာပေးတယ်.....၊

ဒီညောင်ပင်မှာသူတို့နေတာမို့ မခုတ်ဖို့တောင်းပန်တယ်၊



ဦးဇင်းဦးဖိုးဆယ်က ဆရာတော်ကြီးကို အိပ်မက်အကြောင်း လျှောက်ထားတယ်။

"အေးဒ့ ဟုတ်တယ်ကွ၊ အဲဒီညောင်ပင်မှာ သရဲမတစ်ယောက် သားသမီးတွေနဲ့ နေတယ်ကွ.....၊

သူတို့အသိုက်အမြုံပျက်သွားမယ်၊

ဘယ်တော့မှ အဲဒီညောင်ပင်ကို မခုတ်ကြနဲ့"လို့ ဆရာတော်က အမိန့်ရှိပါတယ်.....၊

တစ်ခါကျတော့လည်း ညောင်ပင်မှာနေတဲ့ တစ္ဆေတလေးတွေက ညအချိန်ဆရာတော်ကြီးဆီလာပြီး မုန့်ကျွေးဖို့ ပူစာကြတယ်၊

ဆရာတော်ကြီးက ဦးဇင်းဦးဖိုးဆယ်ကိုခေါ်ပြီး.....

"ဖိုးဆယ်ရေ၊ ကလေးတွေကို စားပွဲပေါ်ကမုန့်တွေ ယူကျွေးလိုက်ပါဦး၊

ဒီမှာလာပြီး ပူစာနေကြတယ်" ပြောလို့ ဦးဇင်းဦးဖိုးဆယ်က မုန့်တွေယူပြီး ညောင်ပင်အောက်မှာ ချကျွေးခဲ့ရတဲ့အကြောင်း ဦးဇင်းဦးဖိုးဆယ် ပျံလွန်တော်မမူခင်က ငါ့ရေးသူကို ပြောခဲ့ဖူးပါတယ်.....၊

ကျောင်းတိုက်ထဲမှာ ဥစ္စာစောင့်ရှိတဲ့ အကြောင်းက



www.burmeseclassic.com

www.burmeseclassic.com



လည်း လူပြောသူပြောများတဲ့ ကိစ္စတစ်ခုပါ။

ဥစ္စာစောင့်ရဲ့နာမည်က နန်းစောမွန်ညီအစ်မလို့ ဆိုပါတယ်။

နန်းစောမွန်ညီအစ်မက ဆရာတော်ကိုကိုးကွယ်တဲ့ ဒကာ၊ ဒကာမ ဇနီးမောင်နှံကို နတ်နန်းဆောက်ပေးဖို့ အိပ်မက်ပေးတဲ့အတွက် ဆရာတော်ဆီခွင့်တောင်းပြီး နန်းစောမွန်သိုက်နန်းကို ကျောင်းဝင်းထဲမှာ ဆောက်လုပ်ပေးထားရတယ်....၊

ကျောင်းမှာအသံမစဲ ပဌာန်းပွဲကျင်းပတုန်းက ညနက်သန်းခေါင်အမျိုးသမီးနှစ်ယောက်ရောက်လာပြီး အလှူငွေထည့်ဝင်ပါတယ်။

အဲဒီ အမျိုးသမီးနှစ်ယောက် ဘယ်ကနေရောက်လာပြီး၊ ဘယ်လိုပြန်ထွက်သွားတယ်ဆိုတာကို တစ်စုံတစ်ယောက်ကမှ မြင်ခြင်း၊ တွေ့ခြင်းမရှိခဲ့တဲ့ ထူးထူးခြားခြား ဖြစ်ရပ်တွေလည်း ရှိခဲ့တယ်။

ဒီအမျိုးသမီးနှစ်ယောက်ဟာ နန်းစောမွန်တို့ ညီအစ်မနှစ်ယောက်ပဲလို့ အားလုံးကတထစ်ချ ယုံကြည်သတ်မှတ်ထားကြတယ်.....၊

ရံဖန်ရံခါ အရက်ဆွမ်းခံကြွဖို့အတွက် ကျောင်းရှိရဟန်း





သံဃာအချို့ကိုလည်း အပြင်ကနေနှိုးတတ်ပါကြောင်း။

တံခါးဖွင့်ကြည့်တော့ ဘယ်သူမှမတွေ့ရဘူးလို့ ဦးဇင်းဉာဏ် ပြောဖူးပါသေးတယ်.....၊

ကျွန်းတောကျောင်းတိုက်နဲ့ နာနာဘာဝတွေရဲ့ အကြောင်းကရေးပြရင် ကုန်နိုင်မယ်မထင်ပါဘူး၊ အများအပြားရှိပါသေးတယ်။

ဒီကြောင့်လည်း ဆရာတော်ဦးသုရိယရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် ပြန်လည်ပွင့်လန်းပြီး ပွံ့ဖြိုးထင်ရှားလာတာတောင် ဟိုးတုန်းကသတင်းအကြားနဲ့ ကျောင်းကိုမလာရဲကြသူတွေ ရှိခဲ့ပါတယ်.....၊

နာနာဘာဝတွေဟာ ဟိုတုန်းကတော့ ရဟန်းသံဃာတွေ၊ လူသားတွေ ကျောင်းဝင်းထဲရောက်လာရင် သူတို့ထွက်ပေးရမယ်၊ လူတွေက နှင်ထုတ်လိမ့်မယ်အထင်နဲ့ ဘယ်သူမှ မနေရဲ၊ မလာရဲအောင် ခြောက်လှန့်ဆိုးသွမ်းခဲ့ကြပုံရပါတယ်။

နောက်ပိုင်းမှာတော့ ဆရာတော်ကြီးရဲ့ ကြီးမားရင့်သန်တဲ့ မေတ္တာတရားကို ခံယူရရှိပြီး လိမ္မာယဉ်ကျေးသွားကြတာ ဖြစ်ပါမယ်.....၊

ကျောင်းတိုက်မှာ အမြဲတမ်းလိုလို အလှူအတန်းတွေပြု



www.burmeseclassic.com

www.burmeseclassic.com



လုပ်၊ အမှုအတန်းဝေလို့ ကုသိုလ်အဖို့ဘာဂတွေရပြီး ကောင်းမွန်မြင့်မြတ်တဲ့ ဘုံဘဝတွေဆီ တက်လှမ်းသွားသူတွေရှိမယ်။

ကျွတ်လွတ်သွားသူနဲ့ လိမ်မှာသွားကြတဲ့သူတွေလည်း ရှိမှာအမှန်ပါပဲ၊ ဒါကြောင့်လည်း.....

ဘယ်သူတစ်ဝိုတစ်ယောက်ကိုမျှ ကြောက်အောင်၊ လန့်အောင်၊ ခြောက်တာလှန့်တာ မလုပ်ကြွတော့ပါဘူး။

ဒီအကြောင်းအရာတွေကို ကြည့်ခြင်းအားဖြင့် မေတ္တာနဲ့ ဆက်ဆံခြင်းဟာ တဖွဲ့သရဲကြောက်လန့်စိတ်တွေ ပျောက်စေနိုင်တယ်ဆိုတာ ထင်ရှားနေပါတယ်။

အမှန်တကယ်လည်း သူတို့ဘဝတွေက သနားစရာကောင်းလွန်းလှပါတယ်.....၊

ခန္ဓာကိုယ်ကြီးတွေက လူမြင်လို့မတင့်တယ်တဲ့ ရုပ်ပျက်ဆင်းပျက်ကြီးတွေ........၊

ကိုယ်ကတွက်နေတဲ့ အနံ့တွေကလည်း မကောင်းဘူး၊

ဒီကြားထဲ ဘဝရှင်သန်ရပ်တည်ဖို့အတွက် အစာရေစာကို ဆင်းရဲခြင်းကြီးစွာ၊ ပင်ပန်းခက်ခဲခြင်းကြီးစွာ မဝရေစာရှာဖွေစားသောက်နေကြရသူတွေပါ.....၊

ကြောက်လန့်ရွံ့ရှာစိတ်မထားဘဲ၊ သနားကရုဏာစိတ်၊





မေတ္တာစိတ်သာထားမယ်ဆိုရင်......၊

အားလုံးရဲ့ရင်ထဲမှာ တစ္ဆေသရဲ ကြောက်စိတ်လန့်စိတ်တွေ ပပျောက်သွားမှာ အမှန်ပဲဖြစ်ပါတယ်။ ။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# သချိုင်းရွှေ့တဲ့နေ့

ယခုတင်ပြမယ့် အဖြစ်အပျက်တွေက
ပဲခူးတိုင်းအနောက်ခြမ်း၊ သဲကုန်းမြို့နယ်၊
အင်းမသချိုင်းကုန်း ရွှေ့ပြောင်းစဉ်က
ကြုံတွေ့ရသော အဖြစ်အပျက်များဖြစ်ပြီး၊
သချိုင်းရွှေ့ပြောင်းရာမှာဦးဆောင်
တာဝန်ယူခဲ့သူအင်းမရဲစခန်းမှူး
ဦးခင်ကျော်ကိုယ်တိုင်ပြောပြတဲ့........
အဖြစ်အပျက်တွေကို ဇာတ်လမ်းဆင်
ရေးဖွဲ့ထားခြင်းဖြစ်ပါတယ်......

(စာရေးသူ)



# သချိုင်းရွှေ့တဲ့နေ့

"ဘုရားရေ......သချိုင်းရွှေ့တာလည်း ရဲတာဝန်ပဲလား တာ......"

လက်ထဲက စာရွက်နှစ်ရွက်ကိုကြည့်ပြီး စခန်းမှူးဦးခင်ကျော် စိတ်ပျက်လက်ပျက် ညည်းညူလိုက်တယ်........

စာရွက်နှစ်ရွက်က သချိုင်းရွှေ့ရာမှာ ရှုတ်ဖတ်အမိန့်ပြန် ရမယ့် အမိန့်စာရွက်နှစ်ရွက်၊

မကြာခင်အချိန်ကလေးကမှ သဲကုန်း မ.ဝ.တ ဥက္ကဋ္ဌ မိုလ်မှူးကိုယ်တိုင် သူ့လက်ထဲထည့်ပေးလိုက်တာပါ။

ပြီးတော့...

"ကဲ....၊ စခန်းမှူးကြီးရေ ခင်ဗျားကိုပဲ တာဝန်ပေးလိုက်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ အင်းမမြို့ကို တိုးချဲ့သတ်မှတ်မယ်ဗျာ၊ သင်္ချိုင်းကုန်းနေရာမှာ လူနေရပ်ကွက်တွေ ဖြစ်လာမယ်။

ဒါကြောင့် သင်္ချိုင်းကို အင်းမရဲ့အနောက်တောင်ဘက်က သတ်မှတ်ထားတဲ့ နေရာကိုရွှေ့မယ်.....၊

အဲဒါ ရွှေ့ဖို့၊ ပြောင်းဖို့ ကိစ္စကို စခန်းမှူးကြီး တာဝန်ယူပြီး လုပ်ဆောင်ပါ....”လို့လည်း ပြောလိုက်တယ်....၊

သင်္ချိုင်းဆိုတာ သီးသန့်သတ်မှတ်ထားတဲ့ နေရာ၊

လူတွေက သင်္ချိုင်းကိုနာရေးကိစ္စရှိမှလာတယ်။ ကိစ္စမရှိလို့ကတော့ ခြေဦးတောင်မလှည့်ကြဘူး၊

ဒီတော့ လူတွေနဲ့ကင်းကင်းနေချင်တဲ့ သရဲတစ္ဆေ၊ နာနာဘာဝတွေအတွက် သင်္ချိုင်းကုန်းက နေရာဌာနတစ်ခုဖြစ်တာ မဆန်းပါဘူး။

အခု သူတို့ကို နေရာပြောင်းရွှေ့ပေးရမယ်။

သင်္ချိုင်းဟောင်းက ပြောင်းချင်သလား၊ မပြောင်းချင်ဘူးလား၊ ဆန္ဒတောင်းဖို့မလိုဘူး။

သင်္ချိုင်းကုန်းအသစ်မှာ နေချင်သလား၊ မနေချင်ဘူးလား၊ အဖက်လုပ်ပြီး မေးစရာအကြောင်းမရှိဘူး။

ဒါက အစိုးရမင်းရဲ့ အမိန့်ပဲ။





စာရွက်ပေါ်မှာရေးထားတဲ့ အမိန့်ကိုဖတ်ပြရုံနဲ့ နာနာဘာဝတွေ ပြောင်းမလား၊ မပြောင်းဘူးလား ဦးခင်ကျော်မသိဘူး။

နောက်ပြီး သရဲတစ္ဆေတွေကို ကြီးမှူးအုပ်ချုပ်တာက သင်္ချိုင်းရှင်မ မဖဲဝါတဲ့။

မြို့နယ်မှာ အုပ်ချုပ်တဲ့အစိုးရမင်းက မဖဲဝါနဲ့စေ့စပ်ညှိနှိုင်းခဲ့တာလည်း မကြားမိဘူး၊

ဘယ်လိုပဲဖြစ်ဖြစ် ရဲလက်စွဲမှာပြဋ္ဌာန်းမထားတဲ့၊ ရဲအက်ဥပဒေမှာ ရဲ့အလုပ်လို့ သတ်မှတ်မထားတဲ့ သင်္ချိုင်းရွှေ့တဲ့အလုပ်ကတော့ စခန်းမှူးဦးခင်ကျော်ရဲ့ ပုခုံးပေါ်ကျလာပြီဖြစ်တယ်....၊

“ဒါလည်း အတွေ့အကြုံသစ် တစ်ခုပဲလေ.....”

နောက်ဆုံးမှာ စခန်းမှူးဦးခင်ကျော်စိတ်ကို ဖြေလျှော့လိုက်တယ်.....၊

သင်္ချိုင်းရွှေ့ဖို့ကိစ္စကို ခေါင်းထဲထည့်စဉ်းစားရတယ်.....၊

“သင်္ချိုင်းနဲ့ပတ်သက်ရင် သင်္ချိုင်းရှင်မ မဖဲဝါကိုအသိပေးရတယ်နော် ဗိုလ်ကြီး.....၊

ဒီကိစ္စအတွက် တတ်ကျွမ်းနားလည်တဲ့သူတွေနဲ့ တိုင်ပင်သင့်ပါတယ်.....၊

အမှားအယွင်းဖြစ်တာတို့၊ မဖဲဝါမကြိုက်တာတို့ ဖြစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှာခိုက်တယ်လို့ကြားဖူးပါတယ် ဗိုလ်ကြီး....”

စခန်းမှူးဦးခင်ကျော်ကို ဂဝ်စာရေးတပ်ကြပ်ကြီးက အကြံပေးတင်ပြတယ်.....။

“နေပါဦး ဂဝ်စာရေးကြီးရဲ့ ရှာခိုက်တယ်ဆိုတာ ဘယ်လိုဖြစ်မှာလဲ.....”

“မဖြစ်သင့်တာတွေ ဖြစ်တာပေါ့ ဗိုလ်ကြီးရယ်၊

သူ့အလိုလိုနေရင်း တစ်မြို့လုံးထိတ်လန့်ချောက်ချားနေမယ်။

ညညဆိုရင် ခွေးတွေအူမယ်၊ ခွေးတွေဟောင်မယ်၊ ငှက်ဆိုးတွေထိုးမယ်.....။

အဲဒီကနေ တစ်မြို့လုံးလိုလို နာဖျားမကျန်းဖြစ်ပြီး၊ လူတွေတစ်ယောက်ပြီး တစ်ယောက်သေမယ်ပေါ့ခင်ဗျာ......”

“တ.....သချိုင်းပြောင်းတဲ့ကိစ္စက ဒီလောက်တောင်ကြီးကျယ်သလားဗျ....”

“ဒါကတော့ ဗိုလ်ကြီးပဲစဉ်းစားကြည့်လေ၊

လူ့လောကမှာ အုပ်ချုပ်သူအာဏာပိုင်ရှိသလို သူတို့ရဲ့ တစ္ဆေလောကမှာလည်း အုပ်ချုပ်တဲ့အကြီးအကဲရှိမှာပဲ။

သူ့ကိုအလေးထားပြီး အသိပေးတော့ကောင်းတာပေါ့”





“ဟုတ်ပါပြီဗျာ၊ သချိုင်းရွှေ့ရင် ဒီအချက်ကိုလည်း စဉ်းစားပါ့မယ်.....”

“နောက်ပြီး ကျန်သေးတယ်ဗိုလ်ကြီး.....”

“ဘာများလဲဗျ.....”

“သချိုင်းပြောင်းတဲ့အခါ သချိုင်းတောင်းက သရဲတစ္ဆေ နာနာဘာဝတွေ တစ်ကောင်တစ်မြီးမှ မကျန်ဖို့လည်းအရေးကြီးတယ်။

တစ်ကောင်ကျန်နေရင်တောင် သချိုင်းမပျက်ဘူးတဲ့၊

ဒါကြောင့် မဖဲဝါကို အလေးထားတိုင်တည်ရမယ် ပြောတာပေါ့.....။

တစ်ကောင်မှမကျန်အောင်ပြောင်းဖို့ဆိုတာက မဖဲဝါမှ လုပ်နိုင်မှာလေ.....။

ကျွန်တော်တို့က နာနာဘာဝတွေကို မမြင်ရတော့ ဘယ်သူကျန်တယ်၊ မကျန်ဘူး၊ ဘယ်လိုလုပ်သိနိုင်မှာလဲ.....”

“အင်း.....ဒီကောင်တွေက ညနေ နေဝင်ရီတရောအချိန်ကနေ တစ်ညလုံးအစာရှာထွက်တာဆိုတော့......

သချိုင်းရွှေ့တဲ့အခါ သူတို့အစာထွက်မရှာတဲ့ နေ့လယ်ဘက်မှာ လုပ်ရမယ်.....။



www.burmeseclassic.com

www.burmeseclassic.com



“သင်္ချိုင်းရွှေ့မယ့်အကြောင်းကို ကြိုတင်ပြီးအကြောင်းကြားပေးထားဖို့လည်း လိုမယ်....”

ဂတ်စာရေးကြီးရဲ့ အကြံပေးမှုနဲ့ သိသင့်သိထိုက်တာအချို့ သိလိုက်ရတယ်.....၊

အဲဒီနောက်မှာတော့ သင်္ချိုင်းနေရာရွှေ့ဖို့ကိစ္စကို စတင်စီစဉ်တယ်.....၊

အင်းမသင်္ချိုင်းကို လူတစ်ယောက်လွှတ်တယ်.....၊

မဖဲဝါကို စားမြိန်တာလုပ်နဲ့ကျွေးမွေးပြီး မနက်ဖြန်နေ့လယ်မှာ သင်္ချိုင်းရွှေ့မယ့်အကြောင်းနဲ့၊

သင်္ချိုင်းမှာနေထိုင်တဲ့ ဥရဲတစ္ဆေ၊ နာနာဘာဝအားလုံးကို အသင့်ရှိနေအောင် စုစည်းပေးထားဖို့ မေတ္တာရပ်ခံနိုင်းလိုက်ပါတော့တယ်။

❖ ❖ ❖

“ဒီသင်္ချိုင်းအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ နာနာဘာဝ၊ ဝိနာဘာဝ၊ ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့ ခင်ဗျား......၊

ဒီသင်္ချိုင်းနေရာကို လူအများနေထိုင်ရန် မြို့ကွက်တိုးချဲ့တော့မှာ ဖြစ်တဲ့အတွက် ဒီနေရာမှာသင်တို့နှင့် ရောယှက်နေထိုင်ရန် မဖြစ်နိုင်ပါ။

သို့ပါ၍ သင်တို့နေထိုင်ရန် သတ်မှတ်ထားသောနေရာသစ်သို့ ကျွန်ုပ်ကိုယ်တိုင် ပို့ဆောင်ပေးမည်ဖြစ်သည်။

ထို့ကြောင့် ဤသင်္ချိုင်း၏အပြင်ဘက်ဘွင် ရပ်ထားသောလော်ရီကားပေါ်သို့ တက်ကြပါရန် မေတ္တာရပ်ခံပါသည်”

စခန်းမှူးဦးခင်ကျော်တာ အမိန့်အမှတ်(၁)ကို အသံနေအသံထား၊ အမိန့်သံပါပါနှင့် သုံးခေါက်တိတိဖတ်လိုက်တယ်၊

“သင်္ချိုင်းရှင်မ မဖဲဝါအနေနဲ့လည်း သင်္ချိုင်းရွှေ့တဲ့ အစီအစဉ် ချောချောမောမောဖြစ်အောင် စောင့်ရှောက်ပေးပါ”လို့လည်းထပ်ပြီးပြောလိုက်တယ်၊

ပြောပြီးတာနဲ့ သင်္ချိုင်းဇရပ်ဘေး အုတ်ဂူတစ်လုံးပေါ်တာ မဖဲဝါအတွက် တင်ထားတဲ့အမဲသားဟင်းနဲ့ ထမင်းထုပ်ကို ကြည့်လိုက်တယ်၊

ထမင်းထုပ်ပေါ်မှာ ယင်မမည်းရိုင်းကြီးတစ်ကောင်တာ ဝဲလိုက်နားလိုက် လုပ်နေတယ်။

ဒီအချိန်မှာပဲ ဦးခင်ကျော်ရဲ့တစ်သက်တာမှာ တစ်ကြိမ်တစ်ခါမျှမကြုံဖူးတဲ့ ထူးထူးဆန်းဆန်းအဖြစ်အပျက်ကို ကြုံတွေ့လိုက်ရတယ်။




စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မထင်မရှား ရောထွေးနေတဲ့ စကားပြောသံတွေကြား လိုက်ရတယ်၊

စကားသံတွေက ရပ်ထားတဲ့လော်ရီကားကြီးဆီကပါ။

ကားက ဘော်ဒီကြီးကြီးတောင့်တောင့်၊ အပေါ်မှာ သံကိုင်းတွေရှိတယ်၊ ယာဉ်(၅)တန်၊ ကုန်(၅)တန်၊ ပေါင်း(၁၀)တန် ဆိုတဲ့ ကားကြီး။

နောက်တစ်ခါ ကျွီ...ကျွီ...ကျွီ...ကျွီ ဆိုတဲ့ မြည်သံကို လည်း ကြားရပြန်တယ်။

ဒီအသံက လူတစ်ယောက်ကားပေါ်တက်တိုင်း လူ့ရဲ့ ကိုယ်ခန္ဓာအလေးချိန်ကြောင့် ကားဘော်ဒီလှုပ်ရှားရာက ထွက် ပေါ်လာတဲ့အသံမျိုး။

ဒီလိုတိုစွမျိုး ဦးခင်ကျော်တစ်ခါမှ မကြားဖူးဘူး။

တိတ်ဆိတ်ငြိမ်သက်နေတဲ့ နေ့ခင်းကြောင်တောင်ကြီး မှာ သရဲတစ္ဆေ၊ နာနာဘာဝတွေ ကားပေါ်တက်နေကြတယ် ဆိုတဲ့ အသိနဲ့ ကားဆီကထွက်ပေါ်နေတဲ့ မသဲမကွဲစကားပြောသံတွေ၊ တကျွီကျွီမြည်သံတွေကြောင့် ချောက်ချားစရာကောင်းနေတယ်။

ရုတ်တရက် သူ့ဘေးကလူတစ်ယောက်ပြတ်သွားသလို ခံစားလိုက်ရတယ်၊ သူ့ကို လေဟပ်သွားတယ်။





သူ၊ ဘေးဘီဘယ်ညာကို ကြည့်လိုက်တယ်၊ ဘယ်သူ့ကို မှ မတွေ့ရဘူး၊

မမြင်ရတဲ့ နာနာဘာဝတစ်ကောင် သူ့ဘေးကကပ်ပြီး ကားဆီကိုသွားနေတာဖြစ်မယ်လို့ သူနားလည်လိုက်တယ်။

ဒီအချိန်မှာပဲ ကားသမားဆီက လှမ်းအော်ပြောသံကို ကြားရတယ်။

ကားသမားက ခေါင်းခန်းထဲမှာ စတီယာရင်ကိုင်ပြီး ထိုင်နေတာ၊

"ဗိုလ်ကြီးရေ...ဒီမှာ လာလုပ်ပါဦး၊
ခေါင်းခန်းထဲ ဝင်ထိုင်နေကြတယ်....."

ဦးခင်ကျော် ခေါင်းခန်းတံခါးပွင့်သွားတာ တွေ့လိုက်မိတယ်။

ဒါပေမဲ့ 'ချက်'ချတာ မမိလိုက်ဘူးထင်မိတယ်၊ ခဏနေတော့ ခေါင်းခန်းတံခါး ပြန်ပိတ်သွားတာတွေ့ရတယ်၊ ဒါလည်း ဒရိုင်ဘာ က ပြန်ပိတ်လိုက်တာလို့ ထင်မိတယ်။

အမှန်က ဒီလိုမဟုတ်ဘူး၊ ခေါင်းခန်းတံခါးက သူ့အလို လို 'ချက်'ပြုတ်ပြီး ရုတ်တရက်ပွင့်သွားတာ၊

ပြီးတော့ သူ့အလိုလိုပြန်ပိတ်သွားတာ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဒရိုင်ဘာကသိလိုက်တယ်၊ နောက်ပြီး သူ့ဘေးက ထိုင်ခုံကုရှင်ပေါ်ကို တစ်ယောက်ယောက်ဝင်ထိုင်လိုက်သလို ဖြစ်သွားတယ်၊

အဲ့ကြောင့် စခန်းမှူးဦးခင်ကျော်ကို လှမ်းအော်ပြောလိုက်တာဖြစ်တယ်။

ဦးခင်ကျော် ကားခေါင်းခန်းဆီကို သွားတယ်၊ ဒရိုင်ဘာကို အကျိုးအကြောင်းမေးတယ်.....၊

ဒရိုင်ဘာက ဖြစ်ပုံပျက်ပုံ အကြောင်းစုံကိုရှင်းပြတယ်။ နာနာဘာဝတစ်ကောင် ခေါင်းခန်းထဲဝင်ထိုင်နေပြီဆိုတာ ဦးခင်ကျော်သဘောပေါက်သွားတယ်။

"ကားခေါင်းခန်းထဲမှာ ဝင်ထိုင်နေတဲ့ နာနာဘာဝ ပုဂ္ဂိုလ် ခင်ဗျား........

ကားခေါင်းခန်းထဲမှာက ကားမောင်းတဲ့ဒရိုင်ဘာနဲ့ သင်တို့ကို နေရာသစ်ဆီလိုက်လံပို့ဆောင်ပေးမယ့် ကျွန်ုပ်တို့နှစ်ဦးသာ ထိုင်ရမှာဖြစ်ပါတယ်။

အဲ့ကြောင့် ခေါင်းခန်းထဲကဆင်းပြီး နောက်ဘက်ကားအပေါ်မှာ သွားရောက်နေရာယူပေးဖို့ မေတ္တာရပ်ခံပါတယ်"

စခန်းမှူးဦးခင်ကျော်ပြောပြီးလို့ ခဏပဲကြာတယ်၊





ခေါင်းခန်းတံခါး 'ချက်' ဖြုတ်သံကြားရပြီး ပွင့်သွားတယ်၊

တစ်စုံတစ်ယောက် ဆင်းသွားသလိုဖြစ်ပြီး တံခါးပြန်ပိတ်သွားတယ်။

ဒီလိုနဲ့ နာရီဝက်နီးပါးလောက်ကြာတော့ ဘာသံမှ မကြားရတော့ဘူး၊

နာနာဘာဝတွေ ကားပေါ်ကို အားလုံးရောက်နေပြီ၊ သချိုင်းထဲမှာ မကျန်လောက်တော့ဘူးလို့ ဦးခင်ကျော်တွက်ဆတယ်။

အဲ့ကြောင့် လော်ရီကားခေါင်းထဲ တက်ထိုင်ပြီး ကားသမားကို မောင်းဖို့ပြောလိုက်တယ်။

ကားသမားက ကားကိုစက်နှိုးတယ်၊

စက်နိုးတာနဲ့ ဂီယာထိုးပြီးကားကိုထွက်တယ်။

အဲဒီအချိန်မှာ ကားစက်ရပ်သွားတယ်၊

ကားသမားက ဂီယာပြန်ဖြုတ်ပြီး စက်ပြန်နှိုးတယ်။

စက်နိုးတာနဲ့ ဂီယာထိုးပြီး ကားထွက်တယ်၊ ကားစက်ရပ်သွားပြန်တယ်။

သုံးကြိမ်၊ သုံးခါတိတိ စက်နှိုးလိုက်၊ ဂီယာထိုးလိုက်၊ ကားစက်ရပ်သွားလိုက် ဖြစ်နေတယ်။

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတင် ကားသမားကပြောတယ်.....၊

"ဗိုလ်ကြီး.....စိတ်အရမ်းများလွန်းတယ်၊ တချို့တစ်ဝက်ပြန်ဆင်းခိုင်းပေးပါဦး"

အရိုင်ဘာရဲ့စကားကြောင့် စခန်းမှူးဦးခင်ကျော် ကားဘော်ဒီထဲကို ကြည့်လိုက်တယ်။

ကားပေါ်မှာ ဘာမှမရှိဘူး၊ သက်ရှိသတ္တဝါ တစ်ကောင်တစ်မြီးမှမမြင်ရဘူး။

"ကားပေါ်ကို သူတို့တက်တယ်ဆိုတာတော့ ဝံလက်ခံတယ်၊

စိတ်များလွန်းနေတယ်ဆိုတာတတော့ ဟုတ်ပါ့မလားကွာ၊ ကားဘော်ဒီကလည်း အခွံကြီး၊ အထဲမှာဘာမှမရှိဘူး"

"ဘယ်လိုကြောင့်ဆိုတာတော့ ကျွန်တော်လည်းမသိဘူး၊

ကားကတော့ ထွက်လို့မရတာ အမှန်ပဲဗိုလ်ကြီး"

ကားအရိုင်ဘာက စခန်းမှူးဦးခင်ကျော်ကိုပြောပြီး စိတ်ပျက်လက်ပျက်နဲ့ တံခါးဖွင့်၊ အောက်ဆင်းသွားတယ်။

စခန်းမှူးဦးခင်ကျော်လည်း အောက်ကိုဆင်းလိုက်တယ်၊



ခဏနေတော့ ကားအရိုင်ဘာက "ဗိုလ်ကြီး.....ဗိုလ်ကြီး၊ ဒီမှာလာကြည့်ပါဦး" လို့ လှမ်းခေါ်တယ်၊

ဦးခင်ကျော်ရောက်သွားတော့ ကားအရိုင်ဘာက လေးထုပ်ကိုပြတယ်၊

လေးထုပ်ဆိုတာက ဝန်ဖိအားကိုထိန်းပင့်ဖို့အတွက် ကားဝင်ရိုးမှာ တပ်ဆင်ထားတဲ့ လေးကိုင်းပုံသံမဏိပြားတွေပါ။

သူ့ရဲ့သဘာဝက ဝန်ဖိအားမရှိဘူးဆိုရင် လေးကိုင်းပုံကွေးနေတယ်.....၊

အပေါ်က ဝန်ဖိထားရင်တော့ ကွေးနေတဲ့လေးပြားတွေဟာ ဆန့်ပြီးတန်းမတ်သွားတာ ဖြစ်တယ်။

အခုလည်း လေး တွေက တန်းဆန့်နေတာတွေ့ရတယ်။

'မိန်းလေး' တင်မကဘူး 'ဟက်လ်ပါ' လို့ခေါ်တဲ့ 'အကူလေး' ပါ ဝန်ပိနေတာ တွေ့ရတယ်။

ဦးခင်ကျော်တာ အရင်က တစ္ဆေသရဲ၊ နာနာဘာဝဆိုတာတွေကို သိပ်အယုံအကြည်ရှိလှတာ မဟုတ်ဘူး၊

ခုလည်း တာဝန်အရလုပ်ရတာမို့ အများအယွင်းမဖြစ်အောင်၊ ကိုယ့်အပြစ်မဖြစ်အောင်သာ မဖဲ့ဝါတင်တာ မြေ...တာ၊ ပြောဆိုတောင်းပန်တာတွေ လုပ်နေရတာဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကိုယ်တွေ့မျက်မြင်ဖြစ်နေတာမို့ မယုံလို့မရဘဲ လက်ခံလိုက်ရတယ်၊

"တချို့တစ်ဝက် ပြန်ဆင်းခိုင်းမှ ကားထွက်လို့ရမယ် ထင်ပါတယ်ကြီး"

ကားအရှင်သခင်ရဲ့ ဒုတိယမြောက်သတိပေးစကားကြောင့် ကားပေါ်က နာနာဘာဝအချို့ကို ပြန်ဆင်းခိုင်းဖို့ ဦးခင်ကျော် သတိရသွားတယ်။

ဒါကြောင့် ကားဘော်ဒီအိမ်အလယ်လောက်က သံတန်း တိုင်ကိုကိုင်တယ်၊

"ကားပေါ်မှာတက်ရောက်နေကြတဲ့ နာနာဘာဝပုဂ္ဂိုလ် သတ္တဝါအားလုံးတို့ခင်ဗျား....."

ကားပေါ်မှာ တက်ရောက်နေသူတွေ များလွန်းတာ ကြောင့်ဝန်လေးပြီး ကားကထွက်လို့မရဘူး ဖြစ်နေပါတယ်၊

ဒါကြောင့် ဒီသံတန်းရဲ့ အရှေ့ဘက်မှာရောက်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေက ကားပေါ်မှာနေမြဲအတိုင်းနေပြီး၊

ဒီသံတန်းရဲ့ အနောက်ဘက်မှာရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါအား လုံးက ကားအောက်ကိုခေတ္တခဏဆင်းပေးကြပါ။

ဘယ်ကိုမှမသွားမလာဘဲ ဒီနေရာမှာပဲ စောင့်ဆိုင်းပေး



ကြပါ၊

ကားပေါ်က ပုဂ္ဂိုလ်သတ္တဝါတွေကို နေရာသစ်သို့ ပို့ ဆောင်ပေးပြီးတာနဲ့တစ်မြို့နက် သင်တို့ကိုတစ်ခေါက်ပြန်လာ ခေါ်ပါ့မယ်၊ နေရာသစ်ကို ပို့ဆောင်ပေးပါ့မယ်"လို့ ပြောလိုက် တယ်....၊

ပြောပြီးတာနဲ့ ဘာကိုမှမကြည့်ဘဲ 'လေး'တစ်ခုတည်း ကိုပဲ စူးစိုက်ပြီးကြည့်တယ်။

နာနာဘာဝတွေကားပေါ်တက်ကြတုန်းက တကျွိကျွိ မြည်နေသလိုပဲ၊ သူတို့ပြန်ဆင်းတဲ့အခါမှာလည်း ကားကလှုပ် ခါနေတယ်၊ အသံတွေမြည်နေတယ်။

နောက်ပြီး ဝန်ကိုထမ်းနေရတဲ့ 'လေး'တွေကလည်း တဖြည်းဖြည်းလျော့လာတာကို အံ့ဩဖွယ်တွေ့နေရတယ်။

ဆယ်မိနစ်လောက်ကြာတော့ ဆင်းတဲ့အသံတွေရပ် သွားတယ်....၊

ကား'လေး'ကလည်း ပုံမှန်အတိုင်းပြန်ဖြစ်သွားဟယ်၊

"ကဲ.....ကားဆရာရေ၊ 'လေး'တွေကတော့ ပုံမှန်အ တိုင်း ပြန်ဖြစ်သွားပြီ၊ ကားစက်နှိုးပေတော့"

စခန်းမှူးဦးခင်ကျော်ပြောတာနဲ့ ကားဆရာက စက်ကို

www.burmeseclassic.com

www.burmeseclassic.com



နိုးလိုက်တယ်၊

ပြီးတော့ ဂီယာထိုးပြီးမောင်းထွက်လိုက်တယ်၊

ဒီတစ်ခါတော့ စောစောတုန်းကလို အနှောင့်အယှက်မဖြစ်တော့ဘူး၊ ချောချောမွေ့မွေ့ပဲ မောင်းလို့ရသွားတယ်၊

သူတို့ကား သချိုင်းကနေထွက်လာတယ်၊

ခ.လ.ရ (၁၀) နှင့် ဆေးရုံကိုကျော်တယ်၊

ဆေးရုံနဲ့ ရေပြာစားသောက်ဆိုင်တွေကြားမှာ လက်ဝဲဘက်ကွေ့တဲ့ လမ်းချိုးတစ်ခုရှိတယ်၊

သူတို့ကားက အဲဒီလမ်းချိုးလေးအတိုင်း ဝင်သွားတယ်၊

မိုင်ဝက်နီးပါး ဝင်ပြီးတော့မှ ကျောက်ကုန်းတစ်ခုကို တွေ့ရတယ်၊

ကျောက်ကုန်းလွင်ပြင်တစ်နေရာမှာ ထောင့်လေးထောင့်၊ တိုင်လေးတိုင်စိုက်ပြီး ဧရိယာသတ်မှတ်ထားတဲ့ နေရာတစ်ခုကိုတွေ့တယ်။

တောချုံပုတ်အချို့နဲ့ သစ်ပင်ငယ်တွေလည်း အဲဒီကျောက်ကုန်းလွင်ပြင်ထဲမှာ ပေါက်ရောက်နေကြတယ်၊

"ဒီသချိုင်းကုန်းအသစ်အဖြစ် သတ်မှတ်ထားတဲ့နေရာပဲ"





စခန်းမှူးဦးခင်ကျော်ကားကို ရပ်ခိုင်းလိုက်တယ်၊

ပြီးတော့ အမိန့်စာရွက်အမှတ်(၂)ကို ထုတ်ပြီး အမိန့်ပြန်တယ်၊

"ကားပေါ်မှာလိုက်ပါလာတဲ့ နာနာဘာဝပုဂ္ဂိုလ်သတ္တဝါအားလုံးတို့ ခင်ဗျား......

ယခုအသင်တို့နေထိုင်ရမယ့် နေရာဌာနအသစ်သို့ ရောက်ရှိပါပြီ၊

ထောင့်လေးထောင့်မှာ တိုင်စိုက်ထားတဲ့ ဧရိယာအကျယ်အဝန်းတာ သင်တို့နေထိုင်ရမယ့် နေရာသစ်ဖြစ်ပါတယ်။

အသင်တို့အားလုံး ကားပေါ်ကဆင်းပြီး နေရာသစ်မှာ နေရာယူကြပါ၊

သင်တို့အထဲမှ အကြီးအမှူးပြုသူအနေနဲ့လည်း ယခုပါလာသော ပုဂ္ဂိုလ်သတ္တဝါများနှင့် နောက်ထပ်ရောက်လာမယ့် ပုဂ္ဂိုလ် သတ္တဝါအားလုံးကို သာတူညီမျှနေရာထိုင်ခင်းခွဲဝေပြီး နေရာချထားပေးဖို့ မေတ္တာရပ်ခံပါတယ်"

အမိန့်စာကို သုံးခေါက်တိတိဖတ်ပြပြီး သူတို့အားလုံး ကားပေါ်ကဆင်းဖို့ မိနစ်နှစ်ဆယ်လောက် အချိန်ပေးလိုက်တယ်၊

ပြီးမှ "ကျန်တဲ့သူတွေကို ထပ်မံခေါ်ရမှာဖြစ်တဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကားပေါ်က ဆင်းကြပါ၊

တစ်ဦးတစ်ယောက်မျှ ကားပေါ်ပြန်လိုက်မလာကြပါနဲ့” လို့ပြောလိုက်တယ်။

ဟုတ်တယ်၊ သူတို့ကိုမြင်ရတာမှ မဟုတ်တာ၊

ကားပေါ်ပြန်လိုက်လာရင် ဘယ်လိုလုပ်မလဲ၊ အဲ့ကြောင့် လိုလေသေးမရှိအောင် ပြောရတာဖြစ်တယ်။

အဲဒီနောက်မှာ ကားကိုပြန်လှည့်ပြီး သချိုင်းဟောင်းဆီ မောင်းလာခဲ့တယ်၊

ကားမနိုင်လို့ ချန်ထားခဲ့တဲ့သူတွေကို ပြန်ခေါ်ရတယ်၊

ဒီလိုခေါ်တော့လည်း “ခုနက ကားမနိုင်လို့ ပြန်ဆင်းနေခဲ့ရတဲ့ ပုဂ္ဂိုလ်သတ္တဝါအားလုံး ကားပေါ်ပြန်တက်ကြပါ” လို့ ပြောရုံနဲ့မပြီးဘူး၊

“ခုနက ကားမနိုင်လို့ ပြန်ဆင်းနေခဲ့ရဘဲ့သူများ......

အကြောင်းအမျိုးမျိုးကြောင့် ခရီးလွန်နေပြီး ခုမှပြန် ရောက်လာသူများအားလုံး ကားပေါ်ကိုတက်ကြပါ၊

သင်တို့နေထိုင်ရမယ့် နေရာသစ်ကို ကျွန်ုပ်ကိုယ်တိုင် လိုက်လံပို့ဆောင်ပေးမှာဖြစ်ပါတယ်” လို့ သုံးခေါက်တိတိပြောပြီး ကားပေါ်တက်ချိန် မိနစ်နှစ်ဆယ်လောက် စောင့်ပေးတယ်။





ပြီးမှ သချိုင်းနေရာသစ်ကို မောင်းလာခဲ့တယ်၊

ဒီတစ်ကြိမ်မှာတော့ ပထမအခေါက်တုန်းကလို ကား စက်ရပ်သွားတာ၊ ကားထွက်မရတာ စတဲ့အနှောင့်အယှက်တွေ မရှိဘဲ ချောချောမွေ့မွေ့ ကားထွက်နိုင်ခဲ့တယ်။

သချိုင်းနေရာသစ်ကိုရောက်တော့ ပထမအခေါက်တုန်း ကပြောသလိုပြောပြီး ကားပေါ်ကဆင်းခိုင်းရတယ်။

အားလုံးပြီးမှ အမိန့်စာရွက် နှစ်ရွက်ကို အပေါက် ဖောက်၊ သစ်ပင်တစ်ပင်မှာ ချိတ်ထားပေးခဲ့ရတယ်.....။

သချိုင်းရှေ့တဲ့ကိစ္စ အောင်အောင်မြင်မြင်ပြီးဆုံးမှပဲ စခန်း မှူးဦးခင်ကျော်တစ်ယောက် စိတ်လက်ပေါ့ပါး လွတ်လပ်သွား ပါတော့တယ်။

❖ ❖ ❖

“သချိုင်းရှေ့တာ၊ ပြောင်းတာတွေ ကျွန်တော်မကြာ ခဏ ဆိုသလိုကြားဖူးခဲ့တယ်....၊

အစ်ကိုကြီးပြောသလိုပဲ ကားမနိုင်လို့ပြန်ဆင်းခိုင်းရ တယ်၊ နောက်တစ်ခေါက်ပြန်ခေါ်ရတယ်ဆိုတာတွေကို အပြောင်း လိုလိုကြားရလို့ တုတ်မှဟုတ်ပါ့မလားလို့တောင်ထင်မိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခု အစ်ကိုကြီးကိုယ်တိုင် လက်တွေ့ကြုံခဲ့ရတယ်ဆိုမှ ကျွန်တော်ဘဝင်ကျမိပါတယ်"

ရဲ့အရာရှိ အငြိမ်းစား၊ အင်းမရဲ့စခန်းမှူးဟောင်း ဦးခင်ကျော်ရဲ့ "သချိုင်းရွှေ့တဲ့နေ့" အဖြစ်အပျက်တွေ နားထောင်အပြီးမှာ စာရေးသူက ဦးခင်ကျော်ကို ပြောလိုက်ခြင်းဖြစ်ပါတယ်၊

"ကျုပ်လည်းအစကတော့ နာနာဘာဝဆိုတာတွေကို သိပ်ပြီးယုံလှတယ်မဟုတ်ဘူးဗျ၊

ဒါပေမဲ့ အလုပ်တာဝန်တွေနဲ့ ဒေသအနှံ့သွားရတယ်၊ အဲဒီဒေသတွေမှာ မကြာခဏဆိုသလို ထူးထူးဆန်းဆန်းတွေ ကြုံရတယ်ဆိုတော့ မယုံလို့မဖြစ်တဲ့ အခြေအနေရောက်သွားတယ်၊

ကြည့်လေဗျာ၊ ဗိတ်များနေလို့ ကားထွက်မရဘူး၊

စက်နှိုးလိုက်၊ ဂီယာထိုးလိုက်၊ စက်ပြန်သေသွားလိုက်နဲ့ သုံးကြိမ်တိတိဖြစ်တယ်၊

ကျွန်တော်သာ သူတို့ကိုပြန်မဆင်းခိုင်းရင် ဘယ်တော့မှ ကားထွက်လို့ရမှာမဟုတ်ဘူး။

တစ်ဝက်ပြန်ဆင်းခိုင်းလိုက်လို့သာ ကားထွက်လို့ရတာ၊ ဒါက ကျွန်တော့်ကိုယ်တွေ့၊

နောက်ပြီး ကား'လေး'တွေကို ဝန်ပိနေတဲ့ ကိစ္စ၊





ကျွန်တော့်မျက်မြင်ပဲ၊

ဝန်ပိလို့ တန်းနေတဲ့'လေး'တွေဟာ တစ်ဝက်ဆင်းခိုင်းလိုက်တော့မှ 'လေးကိုင်း'လိုပြန်ကွေးသွားတယ်။

ဒါတွေအားလုံး ကျွန်တော့်မျက်မြင်ကိုယ်တွေ့သာ မဟုတ်ရင် ဘယ်လိုမှယုံနိုင်စရာမရှိတဲ့ အဖြစ်အပျက်တွေပဲလေဗျာ......။

နေဦး၊ ကျွန်တော်ပြောဖို့ တစ်ခုကျန်နေသေးတယ်"

"ဘာအကြောင်းများလဲ အစ်ကိုကြီး"

"ဒီလိုဗျ၊ အဲဒီသချိုင်းရွှေ့တဲ့နေ့က ကားနဲ့နှစ်ခေါက်ပြန်ပို့ပေးရတယ်၊

နေ့လယ်နှစ်နာရီလောက်မှ ကိစ္စအားလုံးပြီးစီးသွားလို့ ပြန်လာခဲ့တယ်။

ဗိုလ်မှူးကိုလည်း အင်းမသချိုင်း ရွှေ့ပြောင်းပြီးပြီလို့ ဖုန်းဆက်သတင်းပို့လိုက်တယ်။

ကျွန်တော့်တာဝန် ပြီးပြီဆိုတော့ စိတ်လက်ပေါ့ပါးသွားတာပေါ့ဗျာ......

ဒါပေမဲ့ ကျွန်တော်ထင်သလိုမဟုတ်ဘူးဗျို့၊ ကိစ္စက မပြီးသေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ နေ့လယ်ခင်းမှာ ကားတစ်ခေါက်ပြန်ဆွဲပြီး ပို့ပေးရသေးတယ်”

“ဘာကြောင့်တုန်း အစ်ကိုကြီး”

“သချိုင်းဟောင်းမှာ အိုမင်းမစွမ်းတွေ ကျန်နေသေးတယ်တဲ့ဗျာ၊ ကျုပ်ကို အဲဒီညမှာပဲ အိပ်မက်လာပေးတယ်….၊

ကျုပ်လည်း ဒါ….ဘယ်လိုဖြစ်တာလဲပေါ့….

ဟာကွက်မရှိအောင် သေသေချာချာလုပ်ထားတာကို၊ ဒါ့ကြောင့် နားလည်တဲ့ဆရာတစ်ယောက်ခေါ်ပြီး မေးကြည့်ရတယ်။

ဒီတော့မှ ဟုတ်တယ်ဗျို့၊ ကျုပ် မေ့ကျန်ခဲ့တာပဲ၊

နာနာဘာဝ၊ ဝိနာဘာဝတွေကို စားဖို့သောက်ဖို့ပဲ ဖိတ်ဖိတ်၊ ပြောင်းဖို့ရွှေ့ဖို့ပဲ ခေါ်ခဲ့၊ အိုမင်းမစွမ်းသူ၊ မကျန်းမာသူတွေကိုလည်း မပျက်မကွက် ဖိတ်ခေါ်ရတယ်တဲ့၊

ဒီလို ဖိတ်ခေါ်တဲ့အခါမှာ….

“အိုမင်းမစွမ်းသူ၊ မကျန်းမာသူများရှိရင်လည်း တွဲပြီးခေါ်ခဲ့ကြပါ၊

လမ်းမလျှောက်နိုင်ရင်လည်း ကျောပိုးပြီးခေါ်ခဲ့ကြပါ”လို့ ပြောရတယ်တဲ့၊





ကျွန်တော်က အဲဒါကိုမသိဘူး၊ ဒါ့ကြောင့် မပြောလိုက်မိဘူး။ အိပ်မက်လာပေးမှပဲ သိတော့တယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး၊ နားလည်တဲ့ဆရာပြောခိုင်းတဲ့အတိုင်းပြောပြီး ကားနဲ့တစ်ခေါက်ထပ်ပို့ပေးရသေးတယ်ဗျို့။

ပထမနေ့ကပို့တဲ့ လော်ရီကားက မဝတ ကပေးတာဆိုတော့ စက်ဆီကို မဝတ ကထည့်ပေးတယ်။

နောက်တစ်နေ့ အိုမင်းမစွမ်းတွေ၊ မကျန်းမာသူတွေ ပို့တာက ကိုယ့်အစီအစဉ်နဲ့ ကိုယ်ဆိုတော့ ကားခကို ကျွန်တော် ပဲခံလိုက်ရတာပေါ့ဗျာ”

“ဒါထက် ကျွန်တော်တစ်ခုမေးပါရစေ၊

အိုမင်းမစွမ်းတွေ ကျန်နေသေးတယ်လို့ အစ်ကိုကြီးကို အိပ်မက်လာပေးတာ ဘယ်သူလဲ၊

အိုမင်းမစွမ်းထဲကပဲလား….”

စာရေးသူ ဦးခင်ကျော်ကို မေးလိုက်တယ်၊

“မဟုတ်ဘူးဗျ၊ အမျိုးသမီးတစ်ယောက်ပဲ၊ အသက်က အစိတ်၊ သုံးဆယ်လောက်ရှိမယ်၊

ဆံပင်အရှည်ကြီးကို ဖားလျားချထားတယ်”

“အဝါရောင် ထက်အောက်ဆင်တူ ဝတ်ထားတယ်



www.burmeseclassic.com

www.burmeseclassic.com



မတုတ်လား....”

သူစကားမဆုံးခင်မှာ စာရေးသူဖြတ်မေးလိုက်တယ်။

ဦးခင်ကျော်က စာရေးသူကို တအံ့တဩနဲ့ ကြည့်တယ်၊

“ဟုတ်တယ်ဗျ၊ အဝါရောင် ဝမ်းဆက်နဲ့ပဲ၊ စာရေးဆရာ ဘယ်လိုလုပ်သိတာလဲ”

“သင်္ချိုင်းနဲ့ပတ်သက်တဲ့ ကိစ္စဆိုမှတော့ သူပဲဖြစ်ရမှာပေါ့ခင်ဗျာ”

“သူဆိုတာက ဘယ်သူလဲ....”

“သူဆိုတာက သင်္ချိုင်းရှင်မ မဖဲဝါပေါ့ အစ်ကိုကြီးရယ်”

“ဟင်......အဲဒီ မဖဲဝါလား”

ဦးခင်ကျော်က အံ့ဩဟန်နဲ့ စာရေးသူကို မေးပြောပြောတယ်၊

ပြီးတော့ ဆက်ပြောလိုက်ပါတယ်၊

“မဖဲဝါက ချောသားပဲဗျ”ဟုသတည်း။ ။

❖ ❖ ❖ ❖ ❖



# တစ္ဆေခြောက်ခံရသူများ

“တစ္ဆေခြောက်ခံရသူ ရဲစခန်းမှူး”
မနက်လင်းအားကြီးလေးနာရီလောက်မှာ ဘယ်သူ့မှအသိမပေးဘဲ ဆေးရုံကနေထွက်သွားတယ်....။
အဲဒီကုက္ကိုပင်ကြီးအနီးမှာ ကုန်တင်ကား တစ်စီးက ကြိတ်မိသွားတယ်။
နေရာမှာတင် ပွဲချင်းပြီးတော့ပါပဲ....။

“ကျောက်ကျင်းထဲက ညည်းသံကြီး”
ခတ်မိးနဲ့ထိုးပြီးကြည့်နေတုန်းမှာပဲ
လူ ညည်းသံကြီးကို ထပ်ကြားရပြန်တယ်...၊
ယောက်ျားတစ်ယောက် နာနာကျင်ကျင် ညည်းတွားနေတဲ့ အသံ

www.burmeseclassic.com

www.burmeseclassic.com

"နင်....ဒီနေရာကို ပြန်လာရမယ်"

နာနာဘာဝလူ့ဘီလူးကြီးက ကိုအောင်မြင့်
ရှေ့ကို မြှန်းစားဖြင်းစားကြီး ပေါ်လာတာ၊
ပေါ်လာပြီးချက်ချင်း၊ ကိုအောင်မြင့်ရဲ့
ဆံပင်တွေကို ဆောင့်ဆွဲတယ်....၊
ထိတ်လန့်စရာကောင်းတဲ့
မျက်လုံးပြူးကြီးတွေနဲ့ စိမ်းစိမ်းဝါးဝါးကြီး
ကြည့်ဘယ်.....၊
နောက်ပြီး...၊ အက်တက်တက်အသံကြီးနဲ့
ပြောလိုက်တယ်......၊
နင်ဒီနေရာကို ပြန်လာရမယ်...တဲ့



# တစ္ဆေခြောက်ခံရသူများ

## "တစ္ဆေခြောက်ခံရသူ ရဲစခန်းမှူး"

တစ္ဆေခြောက်ခံရတဲ့ ရဲစခန်းမှူးရဲ့နာမည်က ဦးခင်ကျော် ပါ။

(အထက်မှာတင်ပြခဲ့တဲ့ အင်းမသချိုင်းကို နေရာရွှေ့ ပြောင်းပေးခဲ့သူပဲ ဖြစ်ပါတယ်)

တပ်မတော်က ဘွဲ့ရတပ်ကြပ်ကြီးတွေကို ရာထူးတစ်ဆင့်တိုးနဲ့ ပြည်သူ့ရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့တာဝန်ချထားတဲ့ စိမ်းချက်မှာ ဦးခင်ကျော်လည်း ပါဝင်ခဲ့ရပါတယ်။

ရဲတပ်ဖွဲ့မှာ အရာရှိငယ်ဘဝကနေစပြီး တာဝန်ထမ်းဆောင်ရတယ်။

မင်းမှုထမ်း၊ ကမ်းနားသစ်ပင်ဆိုတဲ့စကားအတိုင်း ကယားပြည်နယ်ထဲက သုံးမြို့နယ်နှင့် ပဲခူးတိုင်းထဲက ငါးမြို့နယ် ၅

www.burmeseclassic.com

www.burmeseclassic.com



တို့ကို မျှော်ပါလိုက်၊ တန့်ရပ်လိုက်နှင့် အတည်မကျရှေ့လျှားနေရတယ်။

အင်းမ(သဲကုန်း)ကနေ အုတ်တွင်းမြို့နယ်၊

အုတ်တွင်းမြို့နယ်ကနေ ဖြူးမြို့နယ်၊

ဖြူးကမှတစ်ဆင့် ကျောက်တံခါးမြို့နယ်ကို မြို့မရဲစခန်းမှူးအဖြစ် ပြောင်းရွှေ့လာခဲ့ရသူ ဖြစ်ပါတယ်။

သရဲခြောက်ခံရတဲ့အချိန်က ဦးခင်ကျော် ကျောက်တံခါးကိုရောက်တာ နှစ်ပတ်လောက်ပဲရှိသေးတယ်...၊

ကျောက်တံခါးရဲစခန်းက မြို့ရဲ့မြောက်ဘက်ခွန်မှာရှိတယ်၊

ရန်ကုန်–မန္တလေး ကားလမ်းမကနေ အရှေ့ဘက်ကို ငါးမိနစ်လောက်ဝင်ရတယ်။

တစ်ရက်မှာ နံနက်စောစော လေးနာရီထိုးတာနဲ့ ဦးခင်ကျော် လမ်းလျှောက်ထွက်လာခဲ့တယ်။

ရဲစခန်းရှေ့က လမ်းအတိုင်းအနောက်ဘက်ကို ငါးမိနစ်လောက်လျှောက်လိုက်တာနဲ့ ရန်ကုန်–မန္တလေး ကားလမ်းမကြီးကိုတွေ့တယ်။

လမ်းဘေးမှာရပ်ပြီး တောင်ဘက်က ကျောက်တံခါးမြို့



ထဲကို လမ်းလျှောက်ရမလား....၊

မြို့ပြင်ဖြစ်တဲ့ မြောက်ဘက်ကိုပဲ လမ်းလျှောက်ရမလား သူစဉ်းစားတယ်၊

နောက်ဆုံးမှာတော့ သစ်ပင်ကြီးတွေရှိပြီး လေကောင်းလေသန့်ရတဲ့ မြို့ပြင်ဘက်ပဲလျှောက်မယ်လို့ သူဆုံးဖြတ်လိုက်တယ်။

ဒါ့ကြောင့် မြောက်ဘက်ကို ခြေဦးလှည့်လိုက်တယ်၊ ရန်ကုန်–မန္တလေးလမ်းမကြီးအတိုင်း လျှောက်လာခဲ့တယ်...၊

နံနက်ခင်း စောစောအချိန်ဖြစ်နေတာကြောင့် အမှောင်ရိပ်ကကြီးစိုးနေတုန်းပဲ....၊

ဒါပေမဲ့ မြူနှင်းနီးနီးကပ်ကပ်ရှိနေတာကြောင့် လမ်းမီးတိုင်အလင်းရောင်ရှိနေတယ်။

မြို့ပြလိုထိန်ထိန်ညီးမနေပေမဲ့ မှိန်မှိန်မှုန်မှုန်အလင်းရောင်တော့ ရနေသေးတယ်။

အမှောင်ထဲက ရှည်လျားနက်မှောင်နေတဲ့ ကားလမ်းမကြီးပေါ်မှာ သက်ရှိဆိုလို့ လမ်းလျှောက်နေတဲ့ ဦးခင်ကျော်တစ်ယောက်ပဲရှိတယ်။

မြေ့လောက်မှတစ်စီးတလေရောက်လာတဲ့ ကုန်တင်

www.burmeseclassic.com



ကားကြီးတွေ ဆူဆူညံညံဖြတ်သွားအပြီးမှာတော့ လောကကြီး တစ်ခုလုံးက တိတ်ဆိတ်မြဲတိတ်ဆိတ်သွားပြန်တယ်။

ဦးခင်ကျော် ရှေ့တူရူကို မျှော်ကြည့်လိုက်တယ်....၊

ကားလမ်းတံတားငယ်တစ်ခုကို ရှေ့ခပ်လှမ်းလှမ်းမှာ တွေ့နေရတယ်။

တံတားအနီး လမ်းအနောက်ဘက်မှာ ကုက္ကိုပင်ကြီး တစ်ပင်ရှိနေတယ်၊

အဲဒီနေရာကိုကျော်ပြီး ခပ်ဝေးဝေးထိကြည့်မိတော့ သင်္ချိုင်းကုန်းကို ရေးရေးပျပျလှမ်းတွေ့ရတယ်။

သင်္ချိုင်းကုန်းကျော်တဲ့အထိ လမ်းလျှောက်မယ်၊ ပြီးမှ ပြန်လှည့်ကွေ့မယ်လို့ တွေးလိုက်တယ်။

ဦးခင်ကျော်ရှေ့ကို ဆက်လျှောက်လာတယ်.....၊

ကားလမ်းတံတားဆီကို ရောက်လာတယ်၊

တံတားက ချောင်းကျဉ်းလေးတစ်ခုကို ကားလမ်းဖြတ်ဖို့ ဆောက်ထားတဲ့ အုတ်တံတားလေး။ ထုံးဖွေးဖွေးသုတ်ထား တယ်။

တံတားပေါ်ခဏရပ်ပြီး အသက်ရှူလေ့ကျင့်ခန်း လုပ် တယ်။





အဲဒီတုန်းမှာပဲ မမျှော်လင့်တဲ့အသံကြီးကို ကြားလိုက် ရတယ်......၊

“ဂျွတ်....ဂျွတ်....ဂျွတ်....ဝုန်း.....”

တံတားဘေး ကုက္ကိုပင်ကြီးပေါ်က ကိုင်းကြီးတစ်ကိုင်း ကျိုးပဲ့ကျလာတဲ့အသံ......၊

တံတားနဲ့ ကုက္ကိုပင်က နီးတယ်။

သူ့အပေါ်ကျလာနိုင်တယ်ဆိုတဲ့အသိနဲ့ ရှေ့ကိုခြေလှမ်း ဆယ်လှမ်း၊ ဆယ့်ငါးလှမ်းလောက် သုတ်သုတ်လှမ်းသွားပြီး ရှောင်လိုက်တယ်....၊

ဒါပေမဲ့ သစ်ပင်ကြီးပေါ်က ဘာသစ်ကိုင်းမှကျိုးကျလာ တာ မတွေ့ရဘူး....၊

ခေတ္တခဏကြာတဲ့အထိ သူကုက္ကိုပင်ကြီးကို မော့ကြည့် ပေမယ့် ဘာသံမှထွက်မလာတော့ဘူး....၊

“ဒါဟာ ကုက္ကိုပင်မှာနေတဲ့ သရဲခြောက်တာပဲ....”

စခန်းမှူးဦးခင်ကျော် သဘောပေါက်လိုက်တယ်၊

ဒါပေမဲ့ သူကကြောက်တတ်သူမဟုတ်တာကြောင့် လမ်း ကိုဆက်လျှောက်သွားတယ်။

သူသာန်ကျော်တဲ့အထိ ခပ်ဝေးဝေးလမ်းလျှောက်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



နောက်ကြောင်းပြန်လျှောက်လာခဲ့တယ်၊

တံတားဖြူအနီးရောက်တော့ တစ္ဆေခြောက်ဦးမလား သတိထားနေပေမဲ့ ခြောက်လှန့်မှုမရှိဘူး။

ဒီလိုနဲ့ ရန်ကုန်–မန္တလေးလမ်းမကြီးကနေ ရဲစခန်းဘက် ချိုးဝင်ရမယ့်လမ်းထိပ်ကို ပြန်ရောက်လာတယ်.....၊

အဲဒီအချိန်မှာ အရုဏ်ကျင်းလို့ အလင်းရောင်ကောင်းကောင်းရနေပြီ၊

ထောင့်ချိုးကွေ့က ဆရာဝန်ကြီးအိမ်ထဲမှာ ဆရာဝန်ကြီးဂေါက်ရိုက်တံတစ်ချောင်းနဲ့ ဂေါက်ရိုက်လေ့ကျင့်နေတာ တွေ့ရတယ်။

ဦးခင်ကျော်ကိုမြင်တော့ ဆရာဝန်ကြီးက ပြုံးပြီးနှုတ်ဆက်တယ်......၊

"စခန်းမှူးကြီး လမ်းလျှောက်ပြန်လာတာလား....."

"ဟုတ်ပါတယ် ဆရာဝန်ကြီး၊ အဲထက် ကျွန်တော်တစ်ခုလောက်မေးပါရစေ...."

"ဘာများလဲ စခန်းမှူးကြီး၊ မေးပါ၊ မေးပါ..."

"ဒီလိုပါ၊ ဒီနားပတ်ဝန်းကျင်မှာ သရဲခြောက်တယ်လို့များ ကြားမိပါသလား....."





"ဟား.....ဟား....စခန်းမှူးကြီးတော့ ကုက္ကိုပင်ပေါ်က သစ်ကိုင်းကျိုးကျတဲ့အသံကြီး ကြားလာပြီနဲ့တူတယ်၊ ဟုတ်လားဗျ...."

"ဟာ......အစစ်ပေါ့ ဆရာဝန်ကြီးရယ်၊ ဒီအကြောင်းကို ဆရာဝန်ကြီးလည်း သိလား"

ဆရာဝန်ကြီးပါသိနေတဲ့အတွက် ဦးခင်ကျော်အံ့ဩသွားတယ်၊

အဲ့ကြောင့် မေးခွန်းထပ်မေးလိုက်တာ ဖြစ်တယ်။

"ကျွန်တော်က ကိုယ်တိုင်ကြုံရတာတော့ မဟုတ်ဘူးဗျ......၊

သရဲခြောက်ခံရတဲ့သူတွေ ပြောပြလို့သိရတာ၊

စခန်းမှူးကြီးပါနဲ့ဆို လေးယောက်ရှိသွားပြီ၊

ကျွန်တော့်ဆေးရုံက ဝန်ထမ်းတစ်ယောက်နဲ့ အရပ်သားမိတ်ဆွေနှစ်ယောက်လည်း စခန်းမှူးကြီးလိုပဲ သရဲခြောက်ခံခဲ့ရတယ်၊

သစ်ကိုင်းကြီး ကျိုးကျတဲ့အသံကြားခဲ့ရတယ်ဗျ"

"ဒီနေရာက ဘာ့ကြောင့် သရဲခြောက်ရတာလဲ၊ ဆရာဝန်ကြီးများ သိပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပြီလား စခန်းမှူးကြီးရေ၊

စိတ်ရောဂါသည် ကုလားတစ်ယောက် နေမကောင်းလို့ဆိုပြီး ဆေးရုံလာတက်တယ်ဗျ.....၊

နောက်နေ့မနက်လင်းအားကြီး လေးနာရီလောက်ကျ ဘယ်သူ့မှအသိမပေးပဲ သူ့ဘာသာဆေးရုံကနေထွက်သွားတယ်၊

အဲဒီတံတားအနီး ကုက္ကိုပင်ကြီးအောက်မှာ ကုန်တင်ကားတစ်စီးက ကြိတ်မိသွားတယ်၊

နေရာမှာတင် ပွဲချင်းပြီးတာပါပဲ...၊

ဖြစ်တာက တစ်လလောက်ပဲရှိသေးတယ်ဗျ၊

အဲဒီနောက်ပိုင်း သရဲခြောက်တယ်ဆိုတဲ့အသံ ကြားရတော့တာပါပဲ...."

စခန်းမှူးဦးခင်ကျော် ဆရာဝန်ကြီးအား နှုတ်ဆက်ပြီး ရဲစခန်းပြန်လာခဲ့တယ်၊

နေ့ခင်းလောက်ကျ အင်းမရဲစခန်းမှူးဘဝတုန်းက သချိုင်းရှေ့ခဲ့တာကို သတိရပြီး အမိန့်ပြန်ကြည့်ဖို့ စဉ်းစားမိတယ်၊

ဒါနဲ့ပဲ၊ မနက်ကသရဲခြောက်လိုက်တဲ့ ကုက္ကိုပင်ကြီးဆီ နောက်တစ်ခေါက်ပြန်သွားခဲ့တယ်၊

"ဒီကုက္ကိုပင်ကြီးမှာ မှီတင်းနေထိုင်တဲ့ နာနာဘာဝ





ပုဂ္ဂိုလ်.......၊

အသင်တာ လူတွေကိုကြောက်အောင်၊ လန့်အောင် ခြောက်လှန့်နေတယ်ဆိုတာ သိရတယ်၊

ဒီနေရာဟာ မြို့နဲ့လည်းအလှမ်းမဝေးတဲ့နေရာဖြစ်တယ်၊

အဲ့ကြောင့် အသင်နေထိုင်ဖို့ မသင့်လျော်၊ မထိုက်တန်ဘူး။

အသင်ဒီနေရာကနေ ချက်ချင်းထွက်ခွာပြီး လူသားတွေနဲ့ ဝေးရာအထိ သွားရောက်နေထိုင်ရမယ်၊

တကယ်လို့အသင်နေထိုင်ရန် နေရာဌာနရှာမတွေ့ခဲ့သော် သင်တို့၏အကြီးအကဲ သချိုင်းရှင်မ မဖဲဝါထံ သွားရောက်အကူအညီတောင်းခံပါ။

သချိုင်းရှင်မ မဖဲဝါကလည်း အကူအညီတောင်းခံလာပါက သင့်တင့်လျောက်ပတ်သော နေရာဌာန ရှာဖွေပေးရမယ်။

ကျွန်ုပ်ဒီနယ်မြေကို စိုးမိုးအုပ်ချုပ်ရတဲ့ ရဲစခန်းမှူးရဲ့အမိန့်......"

သူ့အမိန့်က တရားဝင်သလား။ တရားမဝင်ဘူးလား။ စခန်းမှူးဦးခင်ကျော်မသိ၊

သူကတော့ ခပ်တည်တည်ပဲအမိန့်ပြန်ပြီး ရဲစခန်းကို ပြန်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ.....

သူ့ရဲ့ အမိန့်ပြန်မှုက ထူးခြားတယ်လို့ ပြောနိုင်ခဲ့ပါတယ်။

ဦးခင်ကျော်တစ်ယောက် ကျောက်တံခါးမှာ ရဲစခန်းမှူးဘဝနဲ့ တစ်နှစ်နီးပါးနေခဲ့ရတယ်၊

နေခဲ့ရတဲ့ကာလတစ်လျှောက်လုံးမှာ နေ့စဉ်နံနက်လေးနာရီထိုးတိုင်း (အရေးပေါ်တာဝန်ရှိတဲ့နေ့ကလွဲပြီး) မပျက်မကွက်လမ်းလျှောက်ခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီတစ်ကြိမ်သာ ကုက္ကိုပင်ကြီးက သရဲခြောက်တာခံခဲ့ရပြီး နောက်ပိုင်းမှာ တစ်ကြိမ်တစ်ခါမျှ သရဲမခြောက်တော့တာကို အံ့အားသင့်ဖွယ် သတိပြုမိခဲ့ပါတော့တယ်။

## "ကျောက်ကျင်းထဲက ညည်းသံကြီး"

ဒီအဖြစ်အပျက်က စာရေးသူကိုယ်တိုင် ကြုံခဲ့ရတဲ့ ကိုယ်တွေ့ ဖြစ်ရပ်ပါ။

သရဲစာအုပ်ရေးတဲ့ စာရေးဆရာကို သရဲခြောက်ခံရတဲ့ အဖြစ်တစ်ခုလို့လည်း ပြောလို့ရပါတယ်။

၂၀၁၅ ခုနှစ်ရဲ့ ဖေဖော်ဝါရီလ နောက်ဆုံးပတ်ထဲမှာ စာရေးသူဟာ မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်ထဲက ရွာလေးတစ်ရွာကို ရောက်ရှိသွားပါတယ်။





ဆွေမျိုးအရင်းအချာလိုခင်မင်ရတဲ့ မိတ်ဆွေဇနီးမောင်နှံက ကျင်းပပြုလုပ်တဲ့ ရွာလုံးကျွတ်ရှင်ပြုအလှူပွဲကို ဆင်နွှဲဖို့ဖြစ်ပါတယ်၊

စာရေးသူအပါအဝင် ရန်ကုန်ကလိုက်ပါလာတဲ့ ဧည့်သည်နှစ်ဆယ်လောက်ကို အလှူအိမ်မှာနေရာချထားပေးတယ်၊

အညာကျေးလက်ရဲ့အလှူက ပျော်စရာအတိ ပြီးပါတယ်၊

တစ်ရွာလုံးမှာရှိတဲ့ ကာလသား၊ ကာလသမီးတွေ ဝတ်ကောင်းစားလှတွေဝတ်ဆင်ပြီး အလှူအိမ်ကို ရောက်လာကြတယ်။

သက်ကြီးဝါကြီး၊ ဘိုးတွေဘွားတွေလည်း ရောက်လာကြတယ်၊

ရောက်လာသူအားလုံးဟာ သူ့ဆိုင်ရာဆိုင်ရာ အလုပ်တွေလုပ်ကိုင်ပေးကြတယ်၊ ကူညီကြတယ်။

ရှင်ပြုအလှူအကြောင်းကို ဖွဲ့ဆိုထားတဲ့ တေးသီချင်းသံတွေ၊ ရောက်လာသူတွေရဲ့ အပျော်အပြုံးတွေ၊ စီစီညံတဲ့ စကားသံတွေဟာ ခမ်းနားကြီးကျယ်လှပတဲ့ အလှူမင်္ဂလာမဏ္ဍပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ သောသောညံနေတယ်၊

ပျော်စရာ၊ ရှင်စရာကောင်းလှပေမဲ့ စာရေးသူကတော့ အေးအေးဆေးဆေးအနားယူ လေ့လာချင်တာမို့ အလှူအိမ်မှာမ တည်းဘဲ အိမ်နဲ့ခပ်လှမ်းလှမ်းက ရွာဦးဘုန်းတော်ကြီးကျောင်းမှာ သွားပြီးတည်းခဲ့ပါတယ်။

ဘုန်းတော်ကြီးကျောင်းက အကျယ်ကြီးပါ။

ကျောင်းဝင်းထဲမှာ ဆရာတော်သီတင်းသုံးတဲ့ နှစ်ထပ် ပျဉ်ထောင်ကျောင်းကြီးရယ်.....

ပျဉ်ထောင်ကျောင်းကြီးရဲ့တောင်ဘက်က ခန်းနေဦးဇင်း သီတင်းသုံးတဲ့ တစ်ပါးကျောင်းလေးရယ်.....

ကျောင်းဝင်းကြီးရဲ့အနောက်ဘက်မှာ ဦးဇင်းကြီးတစ် ပါး သီတင်းသုံးတဲ့ မြေစိုက်အုတ်ကျောင်း တစ်ဆောင်ရယ်ရှိ တယ်....၊

ကျောင်းဝင်းထဲမှာ အညာဒေသရဲ့ အမှတ်လက္ခဏာ၊ တမာပင်ကြီးတွေ၊ မန်ကျည်းပင်ကြီးတွေ အများအပြား ပေါက် ရောက်နေတယ်၊

ဥပုသ်သည်တွေနားနေဖို့ ဆောက်လုပ်ထားတဲ့ ဇရပ် တွေကိုလည်း တော်တော်များများတွေ့ရတယ်။





စာရေးသူဟာ ကျောင်းဝင်းအတွင်းလှည့်ပတ်ကြည့်ရှု ရင်း အုတ်ကျောင်းဆောင်ရဲ့မြေရင်းဘက်က ရေကန်ကြီးဆီ ရောက်သွားတယ်၊

ရေတွေရှိနေလို့ ရေကန်လို့ပြောရပေမဲ့ မြင်နေတွေ့နေ ကျ ရေကန်တွေလို မဟုတ်ဘဲထူးခြားနေတယ်၊

ရေကန်ရဲ့ပတ်ပတ်လည်မှာ ကန်ပေါင်တွေမရှိဘူး။

ကျောင်းဘက်က ပေနှစ်ဆယ်လောက်မြင့်မတ်တဲ့ မြေ သားနံရံတစ်ခုပဲရှိတယ်။

အခြားဘက်တွေမှာ ကန်ပေါင်ဖို့မထားဘဲ အလယ်ချိုင့် ဝှမ်းထဲမှာပဲ မိုးရေဝင်ပြီးရေရှိနေတဲ့သဘော ဖြစ်တယ်၊

ပြောရရင် ကန်ဆိုတာထက် ရေအိုင်တစ်အိုင်နဲ့ ပိုတူနေ တယ်.....၊

ဘယ်လိုပဲဖြစ်ဖြစ် ရေကန်နဲ့ဆင်တူတဲ့ အနေအထားရှိ တယ်......၊

ကန်ပတ်ပတ်လည်မှာ သစ်ပင်ကြီးတွေနဲ့ အုံ့အုံ့ဆိုင်း ဆိုင်းဖြစ်နေတယ်၊

ဘာသာဘာဝအော်မြည်နေကြတဲ့ ငှက်ကျေးတို့ရဲ့ အသံ လေးတွေကိုလည်း သာယာနာပျော်ဖွယ် ကြားနေရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါကြောင့် ကြည်နူးစရာကောင်းတဲ့ နေချင့်စဖွယ်နေရာလေးတစ်ခုလို့ သတ်မှတ်မိတယ်။

စာရေးသူဟာ ကမ်းပါးမြင့်ထက်၊ တမာပင်အောက်က သစ်သားခုံတန်းလေးမှာ ခေတ္တခဏထိုင်နေမိတယ်။

ပြီးမှ ညအိပ်တည်းခိုတဲ့ ခန်းနေဦးဇင်းရဲ့ ကျောင်းဆီကို ပြန်လာတယ်၊

ကျေးလက်တောရွာရဲ့ အလေ့အထပဲထင်ရဲ့၊ ညနက်သန်းခေါင်အထိ အလှူအိမ်ကဖွင့်တဲ့ လော်စပီကာသံကို ကြားနေရတုန်း.....

ရာသီဥတုက ပူတဲ့၊ အိုက်တဲ့ဘက် ဦးတည်နေတာရော၊ အိပ်ရာစိမ်းနေတာကြောင့်ပါ ထင်ရဲ့၊ စာရေးသူ အိပ်လို့မရဘူး၊

အဲ့ဒါနဲ့ပဲ အိပ်ရာကထပြီး နေ့ခင်းကတွေ့ခဲ့တဲ့ ရေကန်ဆီကို ထွက်လာခဲ့တယ်၊

လပြည့်ရက်နီးကပ်နေပြီဖြစ်လို့ လမင်းကြီးက ထိန်ထိန်သာနေတယ်၊

ကျောင်းဝင်းမြေတလင်းမှာ လရောင်ဝါဝါတွေ ဖြာကျနေတယ်....၊

စာရေးသူဟာ နေ့ခင်းကထိုင်ခဲ့တဲ့ တမာပင်အောက်က





ခုံတန်းလေးမှာပဲ ထိုင်နေမိတယ်၊

လရောင်အောက်မှာ တလက်လက်လှုပ်ရှားနေတဲ့ ကန်ရေပြင်ကို ငေးမောကြည့်နေမိတယ်၊

လရောင်ဖြာကျနေပေမဲ့ လမင်းကြီးကိုတော့ ကန်ရေပြင်မှာ မတွေ့ရဘူး၊

အလှူအိမ်ကအသံချဲ့စက်သံလည်း တိတ်နေပြီ၊ ဘယ်အချိန်ကတည်းက ပိတ်သွားတယ်ဆိုတာတောင် သတိမထားမိလိုက်ဘူး၊

ညက တိတ်ဆိတ်ငြိမ်သက်နေတယ်၊

စာရေးသူကလည်း လရောင်အောက်က ကန်ရေပြင်ကို ကြည့်ရင်း လောကကြီးကိုမေ့နေခဲ့တယ်၊

"တင်း....တင်း...တင်း.....တင်း...."

အသံတစ်ချက်ကြားလိုက်သလိုရှိတယ်၊

ဘာသံရယ်လို့တော့ သဲသဲကွဲကွဲ မရှိဘူး၊

"ဘာသံပါလိမ့်" လို့စဉ်းစားရင်း နားကိုစွင့်နေမိတယ်၊

အချိန်အတန်ကြာတဲ့အထိ ဘာသံမှထပ်မကြားရဘူး၊

တိတ်ဆိတ်မြဲတိတ်ဆိတ်နေတယ်၊ ငြိမ်သက်မြဲ ငြိမ်သက်နေတယ်၊

"တင်း....တင်း...တင်း...တင်း...."



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ ကြက်သီးဖြန်းခနဲ ထသွားတယ်၊

"လူညည်းသံကြီး......"

ဟုတ်တယ်၊ လူတစ်ယောက် ညည်းတွားနေသံကြီး၊

နားစိုက်ထောင်နေလို့လားမသိဘူး၊ ထင်ထင်ရှားရှား၊ ပီပီသသကြီး ကြားရတယ်၊

အသံထွက်ပေါ်နေတာကလည်း အောက်ဘက်ကန့်ထဲ ဆီက....၊

"လူတစ်ယောက် လိမ့်ကျနေတာများလား" ဆိုတဲ့ အတွေးနဲ့ စာရေးသူကမ်းပါးစွန်းထိ တိုးပြီး အောက်ဘက်ကို ငုံ့ကြည့်တယ်။

ပါလာကဲ့ ဓာတ်မီးနဲ့ထိုးကြည့်တယ်။

ကန့်ရေပြင်က ငြိမ်သက်နေဆဲ၊

ပတ်ဝန်းကျင်တစ်ခုလုံးကလည်း တိတ်ဆိတ်နေဆဲပဲ၊

"ဟင်း....ဟင်း....ဟင်း....ဟင်း...."

ဓာတ်မီးနဲ့ထိုးပြီး ကြည့်နေတုန်းမှာပဲ လူညည်းသံကြီး ကို ထပ်ကြားရပြန်တယ်။

ယောက်ျားကြီးတစ်ယောက်၊ နာနာကျင်ကျင်ညည်း တွားနေတဲ့အသံ၊





ဒီတစ်ကြိမ်မှာတော့ စာရေးသူသေသေချာချာ သိလိုက် ပြီ၊

"ဒါသရဲခြောက်တာပဲ"

အဲဒီနောက်မှာတော့ စာရေးသူဟာ ကန့်အနီးကခွါခဲ့ပြီး အိပ်ရာရှိရာကို ပြန်လာခဲ့တယ်။

မျက်စိကြောင်နေတဲ့အတူတူ အိပ်ရာပေါ်မှာလဲလျောင်း ရင်း သရဲခြောက်ခံရပုံကို ပြန်လည်စဉ်းစားနေမိတယ်၊

စဉ်းစားရင်းကနေ အိပ်ပျော်သွားခဲ့တယ်၊

စာရေးသူ အိပ်ရာကနိုးတော့ မိုးစင်စင်လင်းနေပါပြီ၊

ဦးဇင်းတောင် ဆွမ်းခံကြွဖို့ သင်္ကန်းရုံနေပြီ၊

"ဒကာ၊ အိပ်ရာစိမ်းလို့ မျက်စိကြောင်နေတယ်နဲ့တူ တယ်.....၊

တော်တော်ညနက်တဲ့အထိ မအိပ်သေးဘူး......"

ဦးဇင်းက သင်္ကန်းရုံရင်း စာရေးသူကိုမေးတယ်၊

"မှန်ပါဘုရား၊ မျက်စိကြောင်ပြီး အိပ်မရလို့ ကန့်ပေါင် ကခုံမှာ သွားထိုင်နေခဲ့ပါတယ်"

"ကန့်ပေါင်...ဘယ်ကကန့်ပေါင်လဲ ဒကာ..."

"အုတ်ကျောင်းခြေရင်းဘက်က ကန့်ပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ခြော်....အဲဒါရေကန်မဟုတ်ဘူး၊ ကျောက်ကျင်းကြီး၊ ဦးဇင်းတို့ကျောင်းတည်ထားတဲ့ကုန်းက ကျောက်စရစ်ကုန်းလေ....

ကျောက်ကျင်းနေရာက ကျောင်းပရဝုဏ်ထဲ မပါဘူး၊ အဲဒါကြောင့် ကျောက်လိုတဲ့သူတွေက ကျောက်လာပြီးတူးကြတယ်၊

တစ်ရက်မှာတော့ လူသုံးလေးယောက် ကျောက်လာတူးတယ်၊

သူတို့ ကျောက်တူးနေကြတုန်း အပေါ်ကမြေတွေ ပြိုကျလို့ လူသုံးယောက်ပိသွားတယ်၊

လူအားနဲ့ဝိုင်းပြီး ရှာဖွေကယ်တင်တော့ နှစ်ယောက်ကို အသက်ရှင်လျက်တွေ့ပြီး တစ်ယောက်ကတော့ ကျောက်ကျင်းထဲမှာပဲ ပွဲချင်းပြီးသေဆုံးသွားခဲ့တယ်"

"ညက၊ ကျောက်ကျင်းထဲကနေ လူညည်းသံကြီး ကြားခဲ့ရပါတယ် ဘုရား...."

"အင်း...လူတစ်ချို့ကလည်း အဲဒီလိုပဲ ပြောကြပါတယ်၊ အဲ့ကြောင့် ဒီကျောက်ကျင်းမှာ ဘယ်သူမှကျောက်လာမတူးကြတော့တာပေါ့"



ဦးဇင်းက စကားကိုအဆုံးသတ်ပြီး တိုင်မှာချိတ်ထားတဲ့ သပိတ်လွယ်ကြိုးကို ဖြုတ်ယူလိုက်တယ်၊

ပြီးတော့ ကျောင်းအောက်ကိုဆင်းသွားတယ်၊

အမှန်တော့ စာရေးသူနှင့် ကျောက်ကျင်းပိပြီးသေဆုံးသွားတဲ့သူဟာ အရင်ကတစ်ကြိမ်တစ်ခါမျှ မသိမမြင်ခဲ့ဖူးပါဘူး၊

ညကမှ ကြုံရဆုံရသူတွေပါ။

သူ ဘာ့ကြောင့်စာရေးသူကို ခြောက်လှန့်ရတာလဲ၊

ကြောက်စရာ၊ ချောက်ချားစရာကောင်းတဲ့ ညည်းတွားသံကြီးပြုရတာလဲ၊

သူ့နေရာကို မလာစေချင်လို့လား....

ဒါမှမဟုတ်၊ ဒီဘဝဆိုးကနေ လွတ်မြောက်ချင်တဲ့အတွက် အသိပေးနေတာလား.....၊

ဒါမှမဟုတ်၊ ဘာအကြောင်းကြောင့်လဲ......

စာရေးသူ စဉ်းစားကြည့်နေမိပါတော့တယ်

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## "နင် ဒီနေရာကို ပြန်လာရမယ်"

ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဌာန်နှင့် လူဘီလူးကြီး တစ်ကောင်.....

ဟုတ်တယ်၊ လူဘီလူးကြီးလို့ပဲ ကိုအောင်မြင့်တွေးလိုက်မိတယ်၊

ရုပ်ရှင်ထဲမှာကြည့်ဖူးတဲ့ ဘီလူးသရဲကြီးတစ်ကောင်ရဲ့ ပုံမျိုး၊

ပုဖောင်းကြီးတစ်လုံးလို ပြောင်ပြီးအဆီအစ်နေတဲ့ ကိုယ်ခန္ဓာကြီးမှာ အင်္ကျီဝတ်မထားဘူး၊ ပုဆိုးကွက်ကျဲကြီး တစ်ထည်ကိုပဲ ဖရိုဖရဲ ခါးတောင်းကျိုက်ထားတယ်၊

ကတုံးပြောင်ပြီး အရုပ်ကြီးကလည်း မြင့်မြင့်မားမား၊ ခြောက်ပေကျော်၊ ခုနစ်ပေလောက်ရှိမယ်၊

အဲဒီလူဘီလူးကြီးက ကိုအောင်မြင့်ရှေ့ကို ဖြုန်းစားပြင်း စားကြီးပေါ်လာတာဖြစ်တယ်၊

ပေါ်လာပြီးချက်ချင်း၊ ကိုအောင်မြင့်ရဲ့ဆံပင်တွေကို ဆောင့်ဆွဲလိုက်တယ်၊

ထိတ်လန့်စရာကောင်းတဲ့ မျက်လုံးပြူးကြီးတွေနဲ့ စိမ်း





စိမ်းဝါးဝါးကြီးကြည့်တယ်၊

နောက်ပြီး အက်တက်တက်အသံကြီးနဲ့ ကိုအောင်မြင့်ကိုပြောလိုက်တယ်။

*"နင်...ဒီနေရာကိုပြန်လာရမယ်...."*

ပြောပြီးတာနဲ့ ကိုအောင်မြင့်ရှေ့ကနေ ချက်ချင်းပျောက်ကွယ်သွားတယ်၊

ကိုအောင်မြင့်တစ်ယောက် ထိတ်လန့်အံ့သြခြင်းတွေနဲ့ ကြောင်တောင်တောင်ကြည့်ရင်း ကျန်နေရစ်တယ်....။

❖ ❖ ❖

ကိုအောင်မြင့်က ကျိုက်ထိုဇာတိပါ။

သိမ်ဇရပ်လမ်းတောင်းမှာ လက်ဖက်ရည်ဆိုင်လေး ဖွင့်ထားတယ်၊ အဲပေမဲ့ ခေတ်ကတစ်တိုင်းတစ်ပြည်လုံး မှောင်ခိုလုပ်နေကြတဲ့ခေတ်....၊

မှောင်ခိုစီးပွါးရေးစနစ်ကြီးထွန်းကားပြီး၊ မှောင်ခိုလုပ်မှ ကြီးပွားနိုင်တဲ့ မဆလ ခေတ်၊

အဲ့ကြောင့်လည်း ကိုအောင်မြင့်တစ်ယောက် သမားရိုးကျလုပ်နေတဲ့ လက်ဖက်ရည်ဆိုင်အလုပ်ကို မိသားစုနဲ့လွှဲထား ခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဖြတ်လမ်းကနေ ချမ်းသာဖို့မျှော်လင့်ပြီး မှောင်ခိုလောကထဲ တိုးဝင်ခဲ့တယ်။

အိမ်နီးချင်းနိုင်ငံအားလုံးနဲ့ ဝင်ပေါက်ထွက်ပေါက်ရှိတဲ့ လမ်းကြောင်းတိုင်းမှာ မှောင်ခိုတွေရှိတယ်။

တချို့လမ်းကြောင်းတွေက ပြည်ပကထွက်တဲ့ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ ပြည်တွင်းကို ဝင်လာတဲ့ လမ်းကြောင်းတွေဖြစ်ပြီး....၊

တချို့လမ်းကြောင်းတွေက ပြည်တွင်းကအဖိုးတန် သယံဇာတတွေပြည်ပကိုထွက်တဲ့ လမ်းကြောင်းတွေဖြစ်တယ်။

မှောင်ခိုလမ်းကြောင်းတွေက လှေ၊ သင်္ဘောလမ်း၊ မီးရထားလမ်း၊ ကားလမ်း၊ ခြေကျင်လမ်း စသည်...စသည်အမျိုးမျိုး ရှိကြတယ်။

ကိုအောင်မြင့်သွားတဲ့လမ်းက ခြေကျင်လမ်း၊

တောင်တွေကျော်ရတယ်၊ တောနက်ကြီးတွေဖြတ်ရတယ်၊ ဒါပေမဲ့ လမ်းမှားစရာမရှိဘူး၊

တောကြီးတောင်ကြီးတွေထဲမှာ မှောင်ခိုတွေသွားနေကျဖြစ်တဲ့ မှောင်ခိုလူသွားလမ်းလေးက ဖွေးနေတယ်။

ကိုအောင်မြင့်ဟာ မိတ်ဆွေသုံးယောက်နဲ့အတူ တော





လမ်းခရီးအတိုင်း ထိုင်းနယ်စပ်က မြို့လေးတစ်မြို့ဆီ ဦးတည်ပြီးသွားနေတာဖြစ်တယ်။

ဒီလိုသွားနေတုန်း တောနက်ကြီးတစ်နေရာအရောက်မှာ လူ့ဘီလူးကြီးတစ်ကောင် ရုတ်တရက်သူ့ရှေ့မှာ ပေါ်လာတယ်။

လူ့ဘီလူးကြီးက ကိုအောင်မြင့်ရဲ့ဆံပင်ကို ဆောင့်ဆွဲ၊ စိမ်းစိမ်းဝါးဝါးကြီးကြည့်ပြီး "နင် ဒီနေရာကိုပြန်လာရမယ်"လို့ ကြောက်စရာအသံကြီးနဲ့ ပြောတယ်။

ပြောပြီးပြီးချင်း ပျောက်ကွယ်သွားတယ်။

ကိုအောင်မြင့် သူတို့နဲ့ဆက်လိုက်မလာဘဲ တစ်ယောက်တည်းကြောင်တောင်တောင်ဖြစ်နေတာကိုကြည့်ပြီး အဖော်တွေ အံ့သြနေကြတယ်။

"ကိုအောင်မြင့်....."

"ကိုအောင်မြင့်....."

အဖော်တွေက အော်ခေါ်တယ်။

ကိုအောင်မြင့်ကတော့ မကြားသလို ကြောင်တောင်ငေးနေမြဲ၊

နောက်ဆုံးဘယ်လိုမှ ခေါ်လို့မရတော့ အဖော်တွေ......၊



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မြင့်ဆီကို ပြေးလာကြတယ်။

ကိုအောင်မြင့်ရဲ့လက်ကိုကိုင်ပြီး ဆွဲယမ်းတယ်၊ ကိုယ်ခန္ဓာကိုလှုပ်တယ်၊

ဒီတော့မှ တစ်စုံတစ်ယောက်ရဲ့ ပြုစားတာကိုခံရတာက နေ လွတ်မြောက်သွားသလို ကိုအောင်မြင့်သတိပြန်ရလာတယ်၊ အသိဝင်လာတယ်၊

"ဘာဖြစ်သွားတာလဲ ကိုအောင်မြင့်"

အဖော်တွေက မေးတယ်၊ ကိုအောင်မြင့်က သူကြုံတွေ့လိုက်ရတဲ့အဖြစ်အပျက်ကို ပြန်ပြောပြတယ်။

လူ့ဘီလူးကြီးကိုမမြင်ကြရတဲ့ အဖော်တွေကတော့ ကိုအောင်မြင့်ပြောသမျှကို တအံ့တသြနားထောင်နေကြတယ်။

ယုံရခက်၊ မယုံရခက်လည်း ဖြစ်ကြတယ်၊ နောက်ဆုံး ကိုအောင်မြင့်ကို ဖျောင်းဖျနှစ်သိမ့်ပြီး သူတို့ရဲ့ခရီးကို ဆက်သွားကြတယ်၊

ဒီခရီးစဉ်က ကိုအောင်မြင့်ရဲ့ ပထမဆုံးခရီးစဉ် ဖြစ်ပြီး နောက်ဆုံးခရီးစဉ်လည်း ဖြစ်သွားခဲ့တယ်။

ကိုအောင်မြင့်တစ်ယောက် နာနာဘာဝလူ့ဘီလူးကြီးရဲ့ ထိတ်လန့်ကြောက်ရွံ့စရာ ရုပ်သွင်နဲ့အသံကြီးကို မေ့ဖျောက်လို့





မရဘဲ အချိန်တိုင်းလိုလို ချောက်ချားနေရတယ်။

အဲဒီကနေ စိတ္တဇဆန်ဆန်ရောဂါစွဲကပ်လာပြီး ခန္ဓာကိုယ် ချုံးချုံးကျတဲ့အထိ ဖြစ်သွားခဲ့တယ်။

အင်္ဂလိပ်ဆေးဆရာ၊ တိုင်းရင်းဆေးဆရာ၊ ပယောဂဆရာတွေနဲ့ တစ်နှစ်လောက်ကုမှ သူ့ရောဂါသက်သာပျောက်ကင်းသွားတယ်။

အဲဒီနောက်မှာ ကိုအောင်မြင့်ဟာ စီးပွါးရေးတွေကောင်းလာပြီး လူချမ်းသာတစ်ယောက် ဖြစ်လာတယ်။

ရန်ကုန်မြို့လယ်၊ မဂိုလမ်းလိုနေရာမျိုးမှာတောင် ကိုယ်ပိုင်တိုက်နဲ့ ကိုယ်ပိုင်ကားနဲ့ဖြစ်သွားတယ်။

ဒါပေမဲ့ ကိုအောင်မြင့်အသက် မရှည်ရှာပါဘူး။

သူ့အသက် လေးဆယ်ကျော်ရုံလေးမှာပဲ လူ့လောကကို စွန့်ခွာသွားခဲ့ရကယ်၊ သွေးကင်ဆာရောဂါနဲ့ပါ။

သူ မှောင်ခိုကုန်ကူးသွားရင်း တောနက်ကြီးထဲက နာနာဘာဝကောင် လူ့ဘီလူးကြီးနဲ့တွေ့တဲ့အချိန်ကနေ နောင်ဆယ့်ငါးနှစ်..နှစ်.နှစ်ဆယ်လောက်ကြာမှ ကွယ်လွန်သွားခြင်းဖြစ်ပါတယ်....၊

နာနာဘာဝကောင်ကြီးကြုံတင်ပြောလိုက်သလို တော့



www.burmeseclassic.com

www.burmeseclassic.com



နက်ကြီးထဲကို ပြန်ရောက်သွားတာလား၊ မရောက်ဘူးလား ဆိုတာကတော့ သူကလွဲပြီး ဘယ်သူမှသိနိုင်မှာ မဟုတ်ပါဘူး။

## "တစ္ဆေဆိုတာ ဘာလဲ"

| | | |
|---|---|---|
| တစ္ဆေ | = | ခြောက်လှန့်တတ်သော မကောင်းဆိုးဝါး၊ |
| သရဲ | = | မကောင်းဆိုးဝါးကောင် တစ်မျိုး၊ |
| မှင်စာ | = | တစ္ဆေငယ်၊ |
| ဖုတ် | = | ပြိတ္တာတစ်မျိုး၊ |
| နာနာဘာဝ | = | တစ္ဆေ၊ သရဲစသော မကောင်းဆိုးဝါး၊ |
| ပြိတ္တာ | = | သရဲ၊ တစ္ဆေ၊ မှင်စာ စသော နာနာဘာဝ၊ |

အထက်ဖော်ပြပါ ဖွင့်ဆိုချက်တွေက ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ကထုတ်တဲ့ မြန်မာအဘိဓာန်မှာ ဖော်ပြထားတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်တွေပါ။

ဒီဖွင့်ဆိုချက်တွေကိုကြည့်ရင် တစ္ဆေသရဲ၊ ဖုတ်၊ ပြိတ္တာ၊





နာနာဘာဝတွေဟာ အမည်ကွဲပြား တစ်သီးတခြားဖြစ်နေပေမဲ့ မျိုးနွယ်အတူတူပဲဆိုတာ တွေ့ရပါတယ်။

ဒါပေမဲ့ (၃၁) ဘုံမှာ သရဲဘုံ၊ တစ္ဆေဘုံရယ်လို့ မပါရှိဘဲ ပြိတ္တာဘုံရယ်လို့သာ ပါရှိတာကိုကြည့်ရင် သရဲတစ္ဆေ၊ ဖုတ်၊ မှင်စာ စတဲ့ နာနာဘာဝတွေအားလုံး ပြိတ္တာဘုံသား၊ ပြိတ္တာတွေဆိုတာ ထင်ရှားနေပါတယ်။

## "ပြိတ္တာ ဘာကြောင့်ဖြစ်တာလဲ"

(၃၁) ဘုံမှာ အသက်ရှင်နေထိုင်ကြရတဲ့ ပုဂ္ဂိုလ်သတ္တဝါအားလုံး နောက်ဆုံးတစ်နေ့မှာ ပျက်စီးခြင်းဆိုတဲ့ သေခြင်းတရားကို မလွဲမသွေရင်ဆိုင်ကြရမှာပါ။

ဒီလိုသေခြင်းဆိုတဲ့ စုတိစိတ်ကျတာနဲ့ (ဘုရား၊ ရဟန္တာ အရှင်မြတ်တွေကလွဲလို့) ဘဝသစ်မှာ ပဋိသန္ဓေစိတ်ဖြစ်ကြတယ်၊

ပဋိသန္ဓေဆိုတာက ဘဝဟောင်းနဲ့ဘဝသစ်ကို တစ်ဖန်ဆက်စပ်ပေးတာကို ဆိုလိုခြင်း ဖြစ်ပါတယ်၊

စုတိစိတ်နဲ့ ပဋိသန္ဓေစိတ်က အကြားအလပ်မရှိ ချက်ချင်းဆက်စပ်တယ်၊

ဘဝဟောင်းချုပ်ပြီး ဘဝသစ်ဖြစ်တဲ့သဘောကို ဒေသ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ခေါ်တာပါပဲ၊

သေဆုံးတဲ့အခါ အဲဒီပုဂ္ဂိုလ်သတ္တဝါရဲ့ သန္တာန်မှာ ကိန်းအောင်းနေတဲ့ အဝိဇ္ဇာ၊ တဏှာ၊ ကံဆိုတဲ့ အကြောင်းတရား သုံးပါးက ချယ်လှယ်တယ်။

ဒီအကြောင်းတရား သုံးပါးဆိုတာကလည်း မသေခင်ပြုခဲ့တဲ့ အကြောင်းတရားတွေပဲ ဖြစ်ပါတယ်။

ပုဂ္ဂိုလ်သတ္တဝါတိုင်းဟာ ကိုယ်ပြုခဲ့တဲ့ကံအကြောင်းတရားတွေကို သယ်ပိုးပြီးလမ်းကြီး ငါးသွယ်ကို လျှောက်ကြရတယ်၊

နံပါတ်(၁)လမ်းသွယ်ရဲ့အဆုံးမှာ ရဲရဲတောက်လောင်နေတဲ့ မီးကျီးတွင်းကြီးရှိတယ်၊

နံပါတ်(၂)လမ်းရဲ့အဆုံးမှာက အင်မတန်ပုပ်ဟောင်နံစော်တဲ့ မစင်ဘင်ပုပ်တွင်းကြီးရှိတယ်၊

နံပါတ်(၃)လမ်းရဲ့အဆုံးကျတော့ နားခိုစရာမရှိ ပူလောင်ခြောက်သွေ့ ဒုက္ခဆင်းရဲအပြည့်နဲ့ သဲကန္တာရကြီးရှိတယ်၊

နံပါတ်(၄)လမ်းရဲ့ အဆုံးမှာက စိမ်းစိုအေးမြတဲ့ အရိပ်အာဝါသတွေနဲ့ သစ်တောကြီးရှိတယ်။

နောက်ဆုံးဖြစ်တဲ့ နံပါတ်(၅)လမ်းရဲ့အဆုံးမှာကျတော့





နေချင့်စဖွယ်ကောင်းပြီး သာယာလှပလုံခြုံတဲ့ ဘုံဗိမာန်တွေရှိပါတယ်။

ဒီလမ်းသွယ်တွေက ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ လူ့ဘုံနဲ့ နတ်ဘုံတို့ကို သွားရာလမ်းသွယ်တွေပါ၊

ငရဲလမ်းကိုလျှောက်ရင် အဆုံးမှာငရဲကိုရောက်မယ်။

တိရစ္ဆာန်ဖြစ်မယ့် လမ်းကိုလျှောက်ရင် အဆုံးမှာ တိရစ္ဆာန်ဖြစ်မယ်။

ပြိတ္တာဖြစ်မဲ့လမ်းကို လျှောက်တဲ့သူက လမ်းဆုံးတာနဲ့ ပြိတ္တာဘုံကိုရောက်မယ်။

လူ့ဘုံသွားရာလမ်းကိုလျှောက်ရင် လူ့ဘုံရောက်မယ်၊

နတ်ဘုံသွားရာလမ်းကိုလျှောက်ရင် အဆုံးမှာ နတ်ဘုံကိုရောက်မယ်လို့ တင်စားပြောခြင်းဖြစ်ပါတယ်။

တစ္ဆေသရဲ၊ ပြိတ္တာဘုံသားမှန်သမျှဟာ နံပါတ်(၃)လမ်းသွယ်ကို လျှောက်လှမ်းခဲ့ကြသူတွေချည်းပဲ ဖြစ်ပါတယ်။

သူတို့ပြုခဲ့တဲ့ အဝိဇ္ဇာ၊ တဏှာ၊ ကံအကြောင်းတရားတွေက သူတို့ကို တတိယလမ်းသွယ်အတိုင်း အဆုံးထိလျှောက်လှမ်းစေပါတယ်။

မိမိလျှောက်လှမ်းနေတဲ့လမ်းက ဘာလမ်းလဲ၊ အဆုံးထိ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်မိရင် ဘယ်ကိုရောက်မလဲဆိုတာ အချိန်မီသိသူက အဆုံးထိလျှောက်မသွားဘူး။

သိတဲ့နေရာကနေ နောက်ပြန်လှည့်ပြီး အခြားကောင်းမွန်တဲ့လမ်းကို လျှောက်လို့ရပါတယ်။

တတိယလမ်းသွယ်အတိုင်း အဆုံးထိအောင် လျှောက်လှမ်းသွားသူတွေကတော့ နားခိုစရာမရှိ၊ ပူလောင်ခြောက်သွေ့ဒုက္ခဆင်းရဲအပြည့်နဲ့ သဲကန္တာရကြီးထဲက ပြိတ္တာဘုံကိုရောက်ပြီး ပြိတ္တာတွေဖြစ်သွားရတော့တာပါပဲ။

## "ထိတ်လန့်စရာ များပြိတ္တာ"

ပြိတ္တာတွေရဲ့ဘဝက အလွန်မှစက်ဆုတ် ရွံရှာစရာကောင်းပါတယ်။ ပြိတ္တာအမျိုးပေါင်း မြောက်များစွာထဲက အချို့ကို တင်ပြချင်ပါတယ်။

- တော်ပြတ်ဆာလောင်မွတ်သိပ်လွန်းလို့ သူတစ်ပါးတွေရဲ့ ချွဲ၊ သလိပ်၊ တံတွေး၊ အနံဖတ်၊ နှပ် တို့ကို ကောက်ယူစားသောက်ရတဲ့ ပြိတ္တာ၊
- လူ၊ ခွေး၊ မြွေ စတဲ့အသေကောင် အကောင်ပုပ်တွေကိုပဲ စားရတဲ့ ပြိတ္တာ၊





- မစင်၊ ဘင်ပုပ်တွေပဲ စားသောက်ရတဲ့ ပြိတ္တာ၊
- ခံတွင်းက မီးလျှံတွေထွက်ပြီး မီးကျီး၊ မီးခဲတွေပဲ စားရတဲ့ ပြိတ္တာ၊
- ကိုယ်လုံးကြီးကြီး၊ လည်ပင်းရှည်ရှည်ရှိပေမဲ့ ပါးစပ်က အပ်နဖားလောက်ပဲရှိတဲ့အတွက် ရတဲ့အစာကို နားပေါက်၊ နှာခေါင်းပေါက်တွေက သွတ်သွင်းစားသောက်ရတဲ့ ပြိတ္တာ၊
- အမြဲတမ်း၊ အမြဲတမ်း ရေအလွန်ငတ်တာကိုပဲ ခံစားနေရတဲ့ ပြိတ္တာ၊
- မီးလောင်ထုတ်နဲ့တူတဲ့ ခန္ဓာကိုယ်၊ ဆိုးဝါးတဲ့ရုပ်အဆင်းနဲ့ ညှီနံ့၊ ပုပ်နံ့ထွက်တဲ့ ပြိတ္တာ၊
- လက်သည်းကြီးတွေက ဓားသွားလို၊ ငါးမျှားချိတ်လို ပုံသဏ္ဍာန်ရှိပြီး အဲဒီလက်သည်းကြီးတွေနဲ့ မိမိကိုယ်ခန္ဓာကို ကုတ်ဖဲ့၊ အသားအသွေးတွေကိုမှ စားရ သောက်ရတဲ့ ပြိတ္တာ၊
- သူ့ကိုယ်လုံးက တောင်ပမာဏရှိပြီး နေ့ညမပြတ် အခိုးတွေထွက်နေတဲ့ ပြိတ္တာ၊
- စပါးကြီးမြွေနဲ့တူတဲ့ကိုယ်နဲ့ နေ့ညမပြတ် လှည့်လည်



www.burmeseclassic.com

www.burmeseclassic.com



သွားလာ၊ ဒုက္ခခံနေရတဲ့ ပြိတ္တာ၊
ပြိတ္တာတွေအပေါ်မှာ အကြီးအမှူးလုပ်၊ တန်ခိုးအာ
အာရှိပေမဲ့ ထမင်း၊ အဖျော်စတဲ့ အစားအစာတွေကို
မစားမသောက်ရတဲ့ ပြိတ္တာတွေဖြစ်ပါတယ်။

ဒါတွေကိုကြည့်ခြင်းအားဖြင့် ပြိတ္တာတွေရဲ့ ထိတ်လန့်ရွံ့ရှာစရာကောင်းတဲ့ ရုပ်လက္ခဏာနှင့်.....

ဆိုးဝါးလှတဲ့ သူတို့ရဲ့ဘဝတွေကို တွေ့မြင်နိုင်ပါတယ်၊

မမြင်ရတဲ့ ပြိတ္တာကောင်တစ်ကောင် အနီးအနားရောက်လာတဲ့အခါ ပုပ်စော်နံတတ်ပါတယ်။

ဒါကိုပဲ သရဲတစ္ဆေက အပုပ်နံ့ပေးပြီး ခြောက်လှန့်တယ်လို့ ထင်မှတ်ကြခြင်းဖြစ်ပါတယ်။

## "တစ္ဆေဘာကြောင့် ခြောက်တာလဲ"

– တချို့ ပြိတ္တာ နာနာဘာဝတွေက နောက်ပြောင်ကျီစယ်ချင်တာကြောင့် ခြောက်လှန့်တယ်၊

အစာရှာထွက်တဲ့ ညအချိန်မှာ ကြုံဆုံတဲ့သူ၊ ဒါမှမဟုတ် မိမိရှိတဲ့နေရာ ရောက်လာသူကိုနောက်ပြောင် ကျီစယ်ချင်တာကြောင့် ခြောက်လှန့်တာပါ။





– ဘဝဟောင်းက မိမိရဲ့သားမယား၊ ဆွေမျိုးမိတ်သင်္ဂဟတွေကို ချစ်ခင်စွဲလမ်းတဲ့အခါလည်း ခြောက်တတ်ပါတယ်။

– တချို့ သရဲတစ္ဆေဘဝ၊ နာနာဘာဝပြိတ္တာဘဝ ရောက်နေတဲ့သူတွေကတော့ ဆင်းရဲဒုက္ခမျိုးစုံ ခံစားနေရတဲ့၊ ပူလောင်နေရတဲ့ ဘဝကနေ လွတ်မြောက်ချင်တယ်။

သူ့အတွက်ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုပေးစေချင်တယ်၊ ကောင်းမှုရဲ့အဖို့ဘာဂကို သာဓုခေါ်ချင်တယ်။

ဒီအကြောင်းကြောင့်လည်း ခြောက်တတ်တယ်။

– အချို့ ပြိတ္တာ၊ တစ္ဆေသရဲတွေကျတော့ အစာစားရဖို့အတွက် ခြောက်လှန့်ခြင်းပါ။

သူတို့ဘဝက အလွန်ပင်ပန်းဆင်းရဲတယ်၊ ဒုက္ခမျိုးစုံလည်း ခံရတယ်၊ ဒါပေမဲ့ ဝဝလင်မစားကြရဘူး။

အငတ်ငတ်အပြတ်ပြတ်နှင့် ဘဝကိုရှင်သန်ကြရတယ်။

ဒါ့ကြောင့် အစာစားရဖို့ တောင်းတာဖြစ်တယ်။

တချို့က သားစိမ်း၊ ငါးစိမ်းဆွဲလာတာတွေ့ရင် အတင်းလုယူတတ်ကြတယ်။

– တချို့က ကျတော့လည်း ပစ္စည်းဥစ္စာပေးချင်လို့၊

ဘယ်နေရာမှာ ရွှေအိုးရှိတယ်၊ ဘယ်နေရာမှာတော့ ငွေအိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ စသည်ဖြင့် ပြောတတ်တယ်။

– စွဲလန်းခင်မင်သူတွေနဲ့ခွဲခွာပြီး ဘဝသစ်ကိုသွားရတော့မှာမို့ နှုတ်ဆက်တဲ့အခါမှာလည်း လူတွေက သရဲခြောက်တယ်ပဲ ထင်ကြပါတယ်။

– တစ်ခါတလေကျတော့ နာနာဘာဝတွေမနေနိုင်အောင် ကမ္မဝါဖတ်တာ၊ တရားနာတာတွေ၊ ပရိတ်ရွတ်တာတွေ ပြုလုပ်တတ်ကြတယ်။

တချို့ တစ္ဆေသရဲတွေက ဖြစ်ရာဘဝမှာပျော်နေကြတယ်

ဒုက္ခဆင်းရဲဆိုတာကို မမြင်တော့ဘူး။ ဘုံဌာနမပြောင်းချင်ကြဘူး။

ဒါ့ကြောင့် ကမ္မဝါဖတ်တာ၊ တရားနာတာတွေ မလုပ်နိုင်အောင် အမျိုးမျိုးအနှောင့်အယှက်ပေးတယ်။

ဒါကိုလည်း သရဲခြောက်တယ်လို့ ပြောတာပါပဲ။

အမှန်တကယ်က ခြောက်တာလှန့်တာ မဟုတ်ဘူး၊

သူတို့ဖြစ်ချင်တဲ့ ဆန္ဒ၊ လုပ်ချင်တဲ့ဆန္ဒကို အသိပေးတဲ့သဘောပါ။

သူတို့လိုချင်တဲ့ အကူအညီကိုတောင်းနေကြတာပါ၊

ဒါပေမဲ့ အကုသိုလ်ကံ ဖိစီးလွှမ်းအားကြီးလို့ သရဲ



တစ္ဆေဘဝရောက်သွားသူတိုင်းမှာ ရှုံ့ရှာစက်ဆုပ်စရာ ခန္ဓာကိုယ်အထွာထောကြီးရှိတယ်၊

ညှီပုပ်နံဟောင်တဲ့ ကိုယ်အနံ့ရှိတယ်။

သူတို့ကိုမြင်တွေ့သူတိုင်း၊ သူတို့ရဲ့ကိုယ်က အပုပ်နံ့ကို ရှူရှိုက်မိသူတိုင်း ထိတ်လန့်ခြင်းကြီးစွာနဲ့ ချောက်ချားကြရတယ်။

ဒါကိုပဲ သရဲခြောက်တယ်လို့ ပြောကြဆိုကြခြင်း ဖြစ်ပါတယ်။

❖ ❖ ❖

တစ္ဆေခြောက်ရခြင်း အကြောင်းအရင်း၊

တစ္ဆေဘာ့ကြောင့် ခြောက်ရတာလဲ ဆိုတဲ့ အချက်အလက်တွေကို စာရေးသူတင်ပြခဲ့ပြီးပါပြီ။

အမှန်တကယ် တစ္ဆေခြောက်ခံရသူတွေ ပြောပြတဲ့ဖြစ်ရပ်မှန်ဇာတ်လမ်းတွေကိုလည်း အထက်မှာတင်ပြခဲ့ပါပြီ။

– တစ္ဆေခြောက်ခံရသူ ရဲစခန်းမှူး၊

– ကျောက်ကျင်းထဲက ညည်းသံကြီး နဲ့

– နင် ဒီနေရာကို ပြန်လာရမယ်

......ဆိုတဲ့ဇာတ်လမ်းတွေ ဖြစ်ပါတယ်။

ကျောက်တံခါးမြို့မရဲစခန်းမှူး ဦးခင်တော်ကို ကုက္ကိုပင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ အစိမ်းသေသရဲက ဘယ်လိုအကြောင်းကြောင့် သစ်ကိုင်းကျိုးကျတဲ့အသံကြီး ဖန်တီးပြီးခြောက်လှန့်ရတာလဲ၊

စာရေးသူကို ကျောက်ကျင်းကြီးထဲက နာနာဘာဝကောင်က 'တဟင်းဟင်း' ညည်းသံကြီးပေးပြီး ဘာကြောင့်ခြောက်လှန့်ရတာလဲ.....၊

တောနက်ကြီးထဲက နာနာဘာဝလူ့ဘီလူးကြီးကလည်း 'နင် ဒီနေရာကိုပြန်လာရမယ်' လို့ ကိုအောင်မြင့်ကိုမှ ရွေးပြီး ဘာကြောင့်ပြောရတာလဲ......၊

ဒီဖြစ်စဉ် ဖြစ်ရပ်တွေကို ဖတ်ရှုလေ့လာပြီးရင်......

ဘယ်လိုရည်ရွယ်ချက်၊ ဘယ်လိုအကြောင်းကြောင့် သရဲခြောက်ခံရတယ်ဆိုတာကို သုံးသပ်ဆုံးဖြတ်ကြည့်စေချင်ပါတယ်....။

စာဖတ်သူ စဉ်းစားပြီး အဖြေရှာကြည့်စေချင်ပါတယ်။

❖ ❖ ❖ ❖ ❖

# ထူးဆန်းသော နတ်ဆရာမ

နတ်ဆရာမဟာ မဖြစ်နိုင်တဲ့အလုပ်ကို လုပ်ပြလိုက်တာလို့ပဲ ကျွန်မတွေးမိတယ်။ လူသားတစ်ယောက်အနေနဲ့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စ၊ တန်ခိုးရှင်တစ်ပါးရဲ့ ကူညီစောင့်ရှောက်မှု မပါဘဲ ဘယ်လိုလူမှမလုပ်နိုင်ဘူးလို့ ကျွန်မထင်မိတယ်.....။

www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော နတ်ဆရာမ

## "ထူးဆန်းသော ပညာရပ်"

လောကကြီးထဲမှာ ထူးခြားဆန်းကျယ်တဲ့ပညာရပ်တွေ ရှိတယ်ဆိုတာ ကြားသာကြားဖူးခဲ့တယ်၊

ကျွန်မ ကိုယ်တွေ့မျက်မြင် မကြုံခဲ့ရဖူးဘူး၊

ဒီလိုပဲ မယုံနိုင်စရာကောင်းအောင် အံ့မခန်း၊ အာဆန်းတကြယ်ဖြစ်ရပ်တွေ ဖြစ်ပျက်ခဲ့တယ်ဆိုတာလည်း ရုပ်ရှင်၊ ဗွီဒီယိုဇာတ်လမ်းတွေထဲမှာ ဝတ္ထုတွေထဲမှာပဲ ကြည့်ခဲ့ဖတ်ခဲ့ရတယ်၊

သူတစ်ပါးပြောတာကို တအံ့တဩ နားထောင်မှတ်သားခဲ့ရတယ်၊





ကိုယ်တိုင် နဖူးတွေ့ ဒူးတွေ့ ကြုံဖူးလားဆိုတော့ မကြုံခဲ့ဖူးဘူး၊

ကျွန်မအသက် ငါးဆယ်ကျော်၊ ခြောက်ဆယ်နီးကာမှ တစ်ကြိမ်တစ်ခါ ကြုံလိုက်ရတယ်။

ကျွန်မအရမ်းအံ့ဩသွားတယ်...၊

မယုံနိုင်အောင်လည်း ဖြစ်မိတယ်....၊

ဒါပေမဲ့ မယုံလို့လည်း မဖြစ်ဘူး၊ ကျွန်မ ကိုယ်တွေ့ဖြစ်နေတယ်၊

အဖြစ်အပျက်၊ အကြောင်းခြင်းရာတွေကို ဘာတစ်ခုမှ မသိတဲ့ နတ်ဆရာမက သူ့စိတ်ထဲမှာပေါ်လာတာတွေ ချပြောနေတယ်။ နတ်ဟောနေတယ်၊

နတ်ဆရာမ ဟောတာ၊ ပြောတာတွေအားလုံးကလည်း အနီးကပ်ပြီး သေသေချာချာကြည့်ပြောနေတဲ့အတိုင်း၊ ကွက်တိကိုကျလို့၊

အဝေးက အရပ်ဒေသတစ်ခုမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို၊

အခြားတစ်ပါးအဝေးတစ်နေရာမှာရှိတဲ့ နတ်ဆရာမဟာ ဘယ်လိုပညာရပ်တွေနဲ့ သိနိုင်တာလဲ၊ သိရတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စဉ်းစားလို့မရဘူး၊ ဘယ်လိုမှကို စဉ်းစားလို့မရတာ၊

နောက်ဆုံးမှာတော့ တကယ့်ဖြစ်ရပ်တွေဟာ စိတ်ကူးယဉ်ဇာတ်လမ်းတွေထက်ပိုပြီး ဆန်းကြယ်တယ်ဆိုတဲ့စကားကိုပဲ ကျွန်မယုံကြည်လက်ခံလိုက်မိတယ်။

အဖြစ်အပျက်က ပဲခူးတိုင်းအရှေ့ခြမ်း၊ ဖြူးမြို့မှာဖြစ်ခဲ့တဲ့ ပြဿနာတစ်ရပ်ကနေ စတင်လိုက်ခြင်းဖြစ်ပါတယ်။

## "အချုပ်ခန်း အဖောက်ခံရခြင်း"

‘‘အချုပ်ခန်းဖောက်ပြီး တရားခံထွက်ပြေးလို့’’ တဲ့၊
ဖြူးရဲစခန်းတစ်ခုလုံး တုန်လှုပ်ချောက်ချားသွားတယ်။
မတုန်လှုပ်၊ မချောက်ချားလို့လည်း မရဘူး။
တရားခံဆိုတာက ရဲကိုအဓိက ဒုက္ခပေးတဲ့သူ၊
ရဲတစ်ရာပြုတ်ရင် ရှစ်ဆယ်က တရားခံကြောင့်ပဲ၊
ဒါကြောင့်လည်း ရှေးရဲကြီးတွေက မျိုးဆက်သစ်ရဲတွေအတွက် စကားတစ်ခုချန်ထားခဲ့တယ်။

အဲဒီစကားကတော့ ‘‘တရားခံသည် ငါ့အမေလင် မဟုတ်’’ တဲ့၊





အခုလည်းတရားခံထွက်ပြေးပြီဆိုတာနဲ့ တာဝန်ကျကင်းသားနဲ့ ကင်းမှူး အချုပ်ထဲရောက်တော့မယ်။

တစ်နှယ်ငေါ၊ တစ်စင်ပါဆိုသလို တာဝန်ရှိတဲ့ တာဝန်မှူး၊ စခန်းမှူးနဲ့ မြို့နယ်မှူးပါ အရေးယူခံရနိုင်တယ်။

ပဏာမစစ်ဆေးမှုတွေ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုတွေခံရမယ်၊

စစ်ဆေးမှုတွေပြီးလို့ တာဝန်ရှိကြောင်း ပေါ်ပေါက်ရင် အပြစ်ပေးခံရမယ်။

နှစ်တိုးလျှော့တာ၊ ရာထူးကျတာလောက်ဆို မထောင်းတာပေမဲ့ အလုပ်ပြုတ်ရင်တော့ မိသားစုတစ်ခုလုံး ဘဝပျက်ပြီ၊

ဒီကြားထဲ ထောင်ပါကျသွားနိုင်သေးတယ်။

တာဝန်ရှိသူတွေရဲ့ မျက်နှာငယ်လေးတွေကိုကြည့်ပြီး ရဲစခန်းတစ်ခုလုံး စိတ်မကောင်းဖြစ်ကြရတယ်။

ထူးခြားတာက ထွက်ပြေးတဲ့တရားခံက ကျား.တရားခံ မဟုတ်ဘူး၊ မ.တရားခံ၊ အမျိုးသမီးတရားခံ။

နောက်ပြီး ထွက်ပြေးတော့လည်း တရားရုံးတို့လို၊ ဆေးရုံအချုပ်လို၊ ပြင်ပကနေ ထွက်ပြေးတာမဟုတ်ဘူး၊ အမျိုးသမီးအချုပ်ခန်းကို ဖျက်ဆီးပြီး ထွက်ပြေးတာဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီးဆိုးတာက မူးယစ်ဆေးဝါးအမှုက အမျိုးသမီး တရားခံ ဖြစ်နေတယ်။

နိုင်ငံတော်အစိုးရကိုယ်တိုင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး စိတ်ဝင်တစားရှိတဲ့ အမှုအမျိုးအစား။

ညအချိန် အချုပ်ခန်းဖောက်ပြီး တရားခံထွက်ပြေးတဲ့ ကိစ္စက ထိန်ချုန်လို့ဖုံးထားလို့မရတဲ့ ကိစ္စဖြစ်နေတာကြောင့် အထက်အဆင့်ဆင့်ကို ချက်ချင်းသတင်းရောက်သွားတယ်။

"တရားခံက မူးယစ်ဆေးဝါးတရားခံ၊
အရေးကြီးတယ်.....၊ ပြန်မမိလို့ လုံးဝမဖြစ်ဘူး၊
ဘာအကြောင်းကြောင့်မှ လွှတ်မနေစေရဘူး၊
မမိ.မိအောင်ပြန်ဖမ်းရမယ်......"

အထက်အရာရှိကြီးက အခင်းဖြစ်တဲ့အချုပ်ခန်းကို ချက်ချင်းလာစစ်ပြီး ညွှန်ကြားတယ်။

ညွှန်ကြားချက်ရတာနဲ့ တစ်စခန်းလုံး အဖွဲ့ငယ်တွေခွဲပြီး လှုပ်ရှားကြရတယ်။

"တရားခံ ဘယ်နေရာလောက်ရောက်သွားပြီလဲ" ဆိုတာသိဖို့ ထွက်ပြေးတဲ့အချိန်ကိုသိဖို့လိုတယ်။

ဒါ့ကြောင့် မိန်းမအချုပ်ခန်းက တန်းစီးတရားခံမကို စစ်ရတယ်။

ဒီကိစ္စ တန်းစီးမသိဘဲနေမှာမဟုတ်ဘူးဆိုတာလည်း တွက်လို့ရတယ်။

ဒါပေမဲ့ တန်းစီးမက ဘူးခံနေတယ်။

"ဘာမှ မသိရပါဘူး" လို့ ငြင်းတယ်။

မိန်းမအချုပ်ခန်းကို သံဖြတ်လွှနဲ့ တိုက်ဖြတ်တာဖြစ်လို့ သံဖြတ်လွှဘယ်ကရတာလဲဆိုတာ စုံစမ်းစစ်မေးရတယ်။

ဒီတော့မှ လွန်ခဲ့တဲ့နှစ်ရက်က တရားခံမကို ယောက်ျားညီသည်တစ်ယောက်လာတွေ့ပြီး လက်ဖက်ရည်နဲ့ အီကြာကွေးကို ကျွတ်ကျွတ်အိတ်ထဲထည့်ပေးတယ်ဆိုတာ ပေါ်လာတယ်။

အီကြာကွေး အချောင်းလိုက်ဆိုရင် သံဖြတ်လွှထည့်နိုင်လို့ ဂရုစိုက်စစ်ဆေးတာတ်ပေမဲ့ အီကြာကွေးကို ထက်ပိုင်းချိုးထားတယ်။

ဒါ့ကြောင့် မစစ်ဆေးတော့ဘဲ လွှတ်ပေးလိုက်တယ်၊

ဒီတော့မှ အီကြာကွေးအပိုင်းထဲ သံဖြတ်လွှချိုးပြီး ထည့်ပေးလိုက်တယ်ဆိုတာ သိတော့တယ်။

တရားခံထွက်ပြေးသွားတဲ့အချိန်က ညအချိန်ဖြစ်လို့







www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်တင်ကားတွေ မရှိတော့ဘူး။

မြို့ဘူတာကို ညလယ်လောက်ရောက်တဲ့ ရထားနှစ်စီးနဲ့ မနက်လင်းအားကြီးအချိန်ဝင်တဲ့ ရထားတစ်စီး၊ အစုန်ရော အဆန်ပါ ရှိပေမဲ့ တရားခံမှာ မှတ်ပုံတင်မပါတာကြောင့် စီးဖို့မဖြစ်နိုင်ဘူး။

နောက်ပြီး ဘူတာမှာ ရဲလုံခြုံရေးရှိနေတယ်။

သေပြေးရှင်ပြေး ပြေးရတော့မယ့်တရားခံက၊ ရထားကိုစောင့်ပြီးစီးမှာ မဟုတ်ဘူးလို့လည်း တွက်ဆမိတယ်။

အပြင်က တစ်စုံတစ်ယောက်နဲ့ ချိတ်ဆက်ပြီးခေါ်ထုတ်သွားတာ ဖြစ်နိုင်သလို သူ့ဘာသာဆိုင်ကယ်ကယ်ရီ၊ ဆိုက်ကားငှားပြီးလည်း သွားနိုင်တယ်လို့ တွက်ဆတယ်။

ဖြစ်နိုင်မယ့်ထွက်ပေါက်အားလုံးကို အဖွဲ့တွေခွဲပြီးလိုက်ကြတယ်။

မြောက်ဘက်က ဇေယျဝတီ၊ တောင်ဘက်မှာရှိတဲ့ ညောင်ပင်သာ၊ ကညွတ်ကွင်းမြို့တွေကိုလည်း ကားလမ်းပိတ်ဆို့ပြီး ရှာဖွေပေးဖို့ အကြောင်းကြားတယ်။

အစွမ်းကုန်ကြိုးစားအားထုတ်ကြပေမဲ့ အခြေအနေက မကောင်းဘူးဖြစ်နေတယ်။





နေ့လယ်ခင်းအချိန်အထိ ထွက်ပြေးတဲ့တရားခံမနဲ့ ပတ်သက်ပြီး ဘာသတင်းမှမရဘူး။

ညနေ(၃)နာရီလောက်မှာ လူတစ်ယောက်မြို့နယ်ရဲတပ်ဖွဲ့မှူးအိမ်ရောက်လာတယ်၊ သတင်းတစ်ခုပေးတယ်၊

သတင်းက အချုပ်ခန်းဖောက်ပြီး ထွက်ပြေးသွားတဲ့ တရားခံနဲ့ပတ်သက်တဲ့ သတင်းတော့မဟုတ်ဘူး။

နတ်ဆရာမတစ်ယောက်ရဲ့ သတင်း၊

မြို့မြို့တောင်ဘက်အထွက် ကားလမ်း၊ ရထားလမ်း အရှေ့ဘက်မှာ ကရင်ရွာကြီးတစ်ရွာရှိတယ်။

အဲဒီကရင်ရွာကြီးမှာ ထူးဆန်းတဲ့နတ်ဆရာမ တစ်ယောက်ရှိတယ်။

နတ်ဟောတာ အံ့ဩစရာကောင်းလောက်အောင် မှန်တယ်ဆိုတဲ့သတင်း၊

“ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ သွားဖြစ်အောင်သွားပြီး မေးပါ” လို့လည်း သတင်းပေးသူက တိုက်တွန်းတယ်။

မြို့နယ်မှူးအနေနဲ့ကလည်း အခြေအနေက ကောက်ရိုးတစ်မျှင်ကိုပဲဖြစ်ဖြစ် ဆွဲရတော့မယ့်အခြေအနေ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သွားကြည့်သင့်တယ်လို့ တွေးလိုက်တယ်။

ကရင်နတ်ဆရာမနေတဲ့ ရွာလိပ်စာ၊ တည်နေရာကို သေသေချာချာမှတ်သားတယ်၊

ပြီးတော့ နတ်တွေ၊ ဧဗဒင်တွေနဲ့ ပတ်သက်လာရင် မိန်းမတွေက မေးတတ်မြန်းတတ်တယ်၊ အတွေ့အကြုံရှိတယ်၊ ပြောတတ်ဆိုတတ်တယ်။

ဒါ့ကြောင့် အမျိုးသမီးထဲက ခေါ်သင့်တဲ့သူတချို့ပါ ခေါ်သွားဖို့ စဉ်းစားမိလိုက်တယ်။

## "ထူးဆန်းသော နတ်ဆရာမ"

"ကျွန်မခင်ပွန်းသည်က မြူးရဲတပ်ဖွဲ့မှာ ဒုတိယမြို့နယ်မှူးပါ၊

သူက စီအာရ်ဒီ လို့ခေါ်တဲ့ မှုခင်းမှတ်တမ်းဌာနစိတ်ကို တာဝန်ယူထားရတယ်။

ဒါ့ကြောင့် ကံကောင်းသွားတယ်လို့ ပြောရမယ်။

အုပ်ချုပ်ရေးက သူနဲ့မဆိုင်တော့ အချုပ်တရားခံထွက်ပြေးတာ သူနဲ့မပတ်သက်တော့ဘူး၊ လွတ်တယ်။

ဒါပေမဲ့ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေ၊ ကိုယ့်ရဲ့မိသားစု





တွေ ဒုက္ခရောက်နေတာဆိုတော့ သူရော၊ ကျွန်မပါ စိတ်မကောင်းကြဘူး၊ ထိထိခိုက်ခိုက်ခံစားရတယ်။

ဒီလိုအချိန်မှာပဲ မြို့နယ်မှူးကတော် ကျွန်မဆီကိုရောက်လာတယ်၊

"ဆရာမရေ.....သွားစရာလေးရှိလို့ ခဏလိုက်ခဲ့ပေးပါဦး" လို့ ခေါ်တယ်၊

ကျွန်မက ကျောင်းဆရာမတစ်ယောက်မို့ အားလုံးက ဆရာမလို့ပဲ ခေါ်ကြတယ်။

ကျွန်မလည်း ဘာမှမေးမနေတော့ဘူး၊ မြို့နယ်မှူးကတော်ခေါ်ရာ လိုက်သွားခဲ့တယ်။

ရဲစခန်းရှေ့ ကွက်လပ်မှာ လင့်ရိုဘာ ရဲကားပြာတစ်စီးရပ်ထားတယ်။

ခေါင်းခန်းထဲမှာ မြို့နယ်မှူးထိုင်နေပြီး ကားမောင်းသူ တပ်ဖွဲ့ဝင်လည်း ရောက်နေတယ်။

လင့်ရိုဘာနောက်ခန်းမှာ ဂတ်စာရေးကြီးကတော် တစ်ယောက်တည်း ထိုင်နေတယ်။

ကျွန်မနဲ့ မြို့နယ်မှူးကတော်လည်း နောက်ခန်းမှာပဲ တက်ထိုင်လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နေရာယူပြီးတာနဲ့ ကားစထွက်တယ်၊

ကားက ရဲစခန်းကထွက်ပြီး ရန်ကုန်–မန္တလေးလမ်းမကြီးအတိုင်း မြို့ရဲ့တောင်ဘက်ကို မောင်းလာခဲ့တယ်။

မြူးမြို့အထွက် သုံးဖလေးဖာလုံ လွန်တာနဲ့ အရှေ့ဘက်လမ်းခွဲအတိုင်း ကွေ့ဝင်သွားတယ်။

ငါးမိနစ်၊ ဆယ်မိနစ်လောက်အကြာမှာ ရွာလေးတစ်ရွာထဲကို ဝင်မိတယ်။

ကားက ခြံကြီးတစ်ခြံထဲမှာဝင်သွားတယ်။

“ဒါ နတ်ဆရာမနေတဲ့ အိမ်ပဲ....”

မြို့နယ်မှူးက ကားပေါ်ကဆင်းပြီး ကျွန်မတို့ကို ပြောတယ်...၊

ကျွန်မတို့အားလုံး ကားပေါ်ကဆင်းလိုက်ကြတယ်။

ရွာက ကရင်ရွာကြီး တစ်ရွာပါ။ ကျွန်မတို့ ဝင်လိုက်တဲ့ အိမ်ကလည်း ကရင်အိမ်ပါပဲ။

ဝါးပိုးဝါးကြီးတွေကို အိမ်တိုင်လုပ်ပြီး တစ်အိမ်လုံးဝါးချည်းသုံးပြီး ဆောက်ထားတယ်။

ရက်မ၊ ဆင့်၊ အခင်း၊ ထုပ်၊ လျောက်၊ ဒိုင်း၊ မျှား၊ အမိုး၊ အကာ အားလုံး ဝါးနဲ့ပဲလုပ်ထားတယ်။





ကြသောင်းဝါးကြီးတွေကို ခွဲစိတ်ပြီး အခင်းခင်းထားတယ်၊

အမိုးကလည်း ဝါးလုံးတွေကို ထက်ခြမ်းခွဲ၊ အတွင်းက ဝါးဆစ်တွေကိုရှင်းပြီး ပက်လက်တစ်ခြမ်း၊ မှောက်လျက်တစ်ခြမ်းစီ စီသွားတယ်။

မိုးလုံပြီး ရေဆင်းမြောင်းတွေပါရှိလို့ သွပ်မိုးနဲ့တောင် တူနေတယ်။

အိမ်ဆောက်ပုံကို စိတ်ဝင်စားလို့မေးကြည့်တော့ သံတစ်ချောင်းမှ မသုံးဘူးဆိုတဲ့အကြောင်း ပြောပြတယ်။

သံရိုက်ရမယ့်နေရာကို အပေါက်ဖောက်ပြီး ဝါးစို့၊ ဒါမှမဟုတ် သစ်သားစို့ ရိုက်ထားတာတဲ့၊

ဝါးအိမ်ပေမဲ့ အိမ်ကကျယ်တယ်၊ တောင့်တောင့်တင်းတင်း ခိုင်ခိုင်မာမာလည်းရှိတယ်။

ဧည့်ခန်းခေါင်းရင်း ခပ်မြင့်မြင့်နေရာမှာ ဘုရားစင်ရှိပြီး ဘုရားစင်ရဲ့အောက်ဘက်မှာတော့ နတ်ရုပ်အချို့နဲ့ နတ်ပွဲထိုးထားတဲ့ အုန်းပွဲ၊ ငှက်ပျောပွဲတွေ စီချထားတယ်။

ခေါင်းရင်းဘက် ခပ်ကျကျမှာ အသားဖြူဖြူ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး ကရင်ဖထီးကြီးနဲ့ ဖြူဖြူ ဝဝ၊ ခန့်ခန့် ကရင်



www.burmeseclassic.com

www.burmeseclassic.com



အမိုးကြီးတို့ ထိုင်နေတယ်။

"ကျွန်တော် ရဲတပ်ဖွဲ့က မြို့နယ်မှူးပါ၊ ညက ဖြူးအချုပ်ခန်းဖောက်ပြီး အမျိုးသမီးတရားခံတစ်ယောက် ထွက်ပြေးသွားပါတယ်။

အဲဒါ ပြန်ဖမ်းမိချင်လို့ အမိုးရဲ့ပညာနဲ့ ကူညီပါဦး"

မြို့နယ်မှူးက နတ်ဆရာမကို ပြောလိုက်တယ်။

နတ်ဆရာမဟာ ခေါင်းတဆတ်ဆတ်ညိတ် နားထောင်ပြီး......၊

"ရပါတယ်.....ထွက်ပြေးသွားတဲ့ တရားခံရဲ့ အင်္ကျီအဝတ်အစား ရှိသလား" လို့ မေးတယ်။

"ဟုတ်ကဲ့...ရှိပါတယ်"

"ဒါဆိုရင် အင်္ကျီစနည်းနည်းလောက် လိုချင်တယ်၊ လက်ကိုင်ပုဝါအရွယ်လောက်ပေါ့"

"ဟုတ်ကဲ့....၊ ရပါတယ်၊ ကားနဲ့ ပြန်ယူခိုင်းလိုက်ပါ့မယ်......"

"နေဦး....အရေးကြီးတာ ကျန်သေးတယ်၊

ကြက်ဥနှစ်လုံးနဲ့ မုန့်ဟင်းခါး ငါးဆယ်သား၊ ဟင်းရည်၊ ဟင်းဖတ်အစုံအလင်လိုတယ်၊ ကြက်ဥကလည်း အစိမ်းနော်.."၊



လိုအပ်တာတွေ ယူဆောင်ဖို့ ကားမောင်းသူနဲ့ ဂတ်စာရေးကတော်ကို ရဲစခန်းပြန်လွှတ်လိုက်တယ်။

နာရီဝက်သာသာလောက်မှာ ကားပြန်ရောက်လာတယ်၊

မြို့နယ်မှူးက နတ်ဆရာမတောင်းတဲ့ ပစ္စည်းအားလုံးကို ပေးလိုက်တယ်။

နတ်ဆရာမဟာ သစ်သားကလပ်ခုံလေးတစ်ခုပေါ်ကို ထွက်ပြေးသွားတဲ့ တရားခံမရဲ့ အင်္ကျီစကိုဖြန့်ခင်းပြီး အပေါ်က နေ ကြက်ဥနှစ်လုံးစလုံး တင်လိုက်တယ်။

အောက်က ဝါးကြမ်းခင်း မညီညာတာကြောင့်ရော၊ ကလပ်ခုံရဲ့ သစ်သားမျက်နှာပြင် တင်းမာနေတာကြောင့်ရော ကြက်ဥနှစ်လုံးက ဟိုလိမ့်၊ သည်လိမ့်နဲ့ လိမ့်ကျနေတယ်။

အချိန်နည်းနည်းကြာအောင် စိတ်ရှည်လက်ရှည်တင်မှ ငြိမ်သွားတယ်။

နတ်ဆရာမက ဇလုံကြီးတစ်လုံးထဲကို မုန့်ဟင်းခါးတွေ အကုန်သွန်ထည့်လိုက်တယ်။

နောက်ပြီး ကြက်ဥတင်ထားတဲ့ကလပ်ခုံနဲ့ မုန့်ဟင်းခါး ဇလုံကို နတ်ပွဲပြင်ထားတဲ့ရှေ့မှာ ချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြင်ဆင်ပြီးတာနဲ့ နတ်ဆရာမဟာ ဘုရားစင်ဘက်လှည့် လက်အုပ်ချီအာရုံပြုတယ်။

ဘုရားအာရုံပြုပြီးတော့ နတ်ပွဲတွေရှေ့မှာ ပုဆစ်တုပ်ထိုင်ပြီး ပါးစပ်ကတတွတ်တွတ် ရွတ်ဆိုနေတယ်။

ကရင်ဘာသာစကားနှင့် ရွတ်ဆိုတယ်ဆိုတာတော့ ကျွန်မသိတယ်။

ဒါပေမဲ့ ဘာတွေပြောမှန်းတော့ နားမလည်ဘူး။

သူတို့ ကိုးကွယ်ယုံကြည်တဲ့ ကရင်နတ်ကို ပူဇော်ပသပြီး အတူအညီတောင်းခံနေတယ်လို့ပဲ တွေးမိတယ်။

တော်တော်လေးကြာတော့ နတ်ဆရာမက ကျွန်မတို့ဘက်ကို လှည့်လာတယ်။

အဲဒီအချိန်မှာ သူ့မျက်နှာဟာစောစောတုန်းကလို ပြုံးရွှင်ရယ်မောနေတဲ့ သွင်ပြင်ဟန်ပန်တွေ လုံးဝမရှိတော့ဘူး၊

ပယောဂတစ်စုံတရာ ဒါမှမဟုတ် သူတို့ရဲ့ကရင်နတ် ပူးကပ်ဝင်လာတဲ့ပုံစံမျိုး ဖြစ်နေတယ်။

သူက မုန့်ဟင်းခါးဇလုံကြီးကို ခပ်ကြမ်းကြမ်းဆွဲယူလိုက်တယ်။

ပြီးတော့ သူ့လက်ကြီးတွေနဲ့ ဟင်းရည်ဟင်းဖတ်တွေ





ကို အားရပါးရနယ်ပြီး ပလုပ်ပလောင်းစားတော့တာပဲ၊

မုန့်ဟင်းခါးဟင်းရည်တွေက သူ့လက်ကြားတွေကနေ တစ်စက်စက်ယိုစီးပြီးကျနေတယ်။

နတ်ဆရာမရဲ့အပြုအမူတွေကိုကြည့်ပြီး အခြားသူတွေတော့ ဘယ်လိုခံစားနေရလဲမသိဘူး။

ကျွန်မစိတ်ထဲမှာတော့ ရင်တုန်ပန်းတုန်ဖြစ်ပြီး တစ်မျိုးကြီးခံစားနေရတယ်၊ ကြောက်သလိုလို၊ ထိတ်သလိုလိုလည်း ဖြစ်မိတယ်။

တော်တော်လေးကြာတော့ မုန့်ဟင်းခါးတွေအားလုံး ကုန်သွားတယ်။

အဲဒီနောက်မှာ ထူးထူးဆန်းဆန်းဖြစ်ရပ်တွေကို ကျွန်မ မြင်တွေ့ရတော့တာပါပဲ.....၊

နတ်ဆရာမဟာ ကြက်ဥနှစ်လုံးတင်ထားတဲ့ သစ်သားကလပ်ကို ဘယ်လက်နဲ့ ခွေ့ခနဲကောက်ယူလိုက်တယ်။

စောစောတုန်းက ဟိုလိမ့်သည်လိမ့် လိမ့်ပြီးတဖြုတ်ဖြုတ်ကျနေလို့ စိတ်ရှည်လက်ရှည်တင်ခဲ့ရတဲ့ ကြက်ဥနှစ်လုံးဟာ ပြုတ်မကျဘဲ လုံးဝငြိမ်နေတယ်။

ကလပ်ပေါ်မှာ ကော်နဲ့ကပ်ထားတဲ့အတိုင်းကို ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ၊

ကျွန်မကတော့ ကြက်ဥနှစ်လုံးစလုံး ကလပ်ပေါ်ကနေ ပြုတ်ကျလာမယ်ပဲ ထင်မိတယ်။

အသက်ရှူဖို့တောင်မေ့ပြီး မျက်တောင်မခတ်တမ်း ကြည့်နေမိတယ်။

နတ်ဆရာမဟာ ကြက်ဥတင်ထားတဲ့ကလပ်ကို ကိုင်ထားရုံနဲ့ အားမရဘဲ လေထဲမှာဟိုတိုသည်သည် ဝှေ့ရမ်းနေလိုက်သေးတယ်။

ကြက်ဥတွေ ပြုတ်ကျမလာတာကိုကြည့်ပြီး ကျွန်မ အရမ်းကို အံ့ဩမိတယ်။

နောက်တစ်ခါ။ နတ်ဆရာမက သူ့ရဲ့ ညာလက်နဲ့ နတ်ဆက်ထားတဲ့ ဓားရှည်ကိုလှမ်းယူပြန်တယ်။

ပြီးတော့ ကြက်ဥတင်ထားတဲ့ ကလပ်ကို ဓားနဲ့ခုတ်ဟန်ပြုတယ်၊ လေထဲမှာခုတ်ပြနေတယ်၊ တစ်ချက်ပြီး တစ်ချက်၊ တစ်ချက်ပြီးတစ်ချက်၊ ဆက်တိုက်၊ ဆက်တိုက်။

လေထဲမှာ ဓားနဲ့ခုတ်ပြရင်း ဝါးစပ်ကလည်း တတွတ်တွတ်နဲ့ ပြောနေတယ်။

အဓိပ္ပါယ်နားမလည်ပေမဲ့ ကြိမ်းဝါးအော်ဟစ်နေတယ်





ဆိုတာတော့ ထင်ထင်ရှားရှားပေါ်လွင်နေတယ်။

တော်တော်လေးကြာတော့ နတ်ဆရာမဟာ ကလပ်ကို ဝါးကြမ်းခင်းပေါ်ချတယ်။

နတ်ဆက်ထားတဲ့ ကန်တော့ပွဲထဲက ချည်ခင်တစ်ခုကို ယူပြီး ချည်မျှင်အနည်းငယ် ဆွဲထုတ်လိုက်တယ်။

ချည်မျှင်တွေရဲ့ အစတစ်ဖက်နဲ့ ကလပ်လက်ကိုင်ကို ချည်နှောင်တယ်။

ချည်ပြီးတာနဲ့ ချည်မျှင်ကြိုးကို လက်ကကိုင်ပြီး ကလပ်ကို ဝါးကြမ်းခင်းပေါ်တရွတ်တိုက် ဆွဲသွားတယ်။

ဒီတစ်ခါတော့ နတ်ဆရာမဟာ မဖြစ်နိုင်တဲ့အလုပ်ကို လုပ်ပြတာလို့ပဲ ကျွန်မတွေးလိုက်တယ်။

ဒီလုပ်ရပ်ဟာ လူသားတစ်ယောက်အနေနဲ့ ဘယ်လိုမှ လုပ်လို့မရတဲ့ ကိစ္စ၊ မဖြစ်နိုင်တဲ့ ကိစ္စပါ။

သစ်သားကလပ်ခုံဟာ မညီညာတဲ့ ဝါးကြမ်းခင်းပေါ်မှာ တရောင်းရောင်းခုန်ပြီး ဆွဲတဲ့နောက်ကို ပါသွားတယ်။

ဘယ်လိုဆွဲဆွဲ၊ ဘယ်လောက်ဆွဲဆွဲ၊ ကလပ်ပေါ်တင်ထားတဲ့ ကြက်ဥတွေပြုတ်မကျဘူး။

တန်ခိုးရှင်တစ်ပါးရဲ့ အကူအညီအစောင့်အရှောက်မပါ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ဘယ်လိုလုပ်မှမလုပ်နိုင်ဘူးလို့ ကျွန်မထင်တယ်။

နတ်ဆရာမကတော့ ကလပ်ကိုကြမ်းခင်းပေါ်မှာ တစ်ခေါက်ပြီးတစ်ခေါက်၊ တစ်ခေါက်ပြီးတစ်ခေါက်၊ အခေါက်ခေါက်အခါခါ ဆွဲပြနေတယ်။

## "နတ်ဆရာမရဲ့ အစီအရင်"

"ဒီကြက်ဥနှစ်လုံးကိုယူသွား....၊

တစ်လုံးကို တရားခံအမျိုးသမီး အချုပ်ခန်းကနေ ထွက်တဲ့အချိန်မှာ အရင်ဦးဆုံးခြေချတဲ့နေရာကို တွင်းတူးပြီးမြှုပ်ရမယ်၊

ကျန်တဲ့တစ်လုံးကို တရားခံမရဲ့ အကျႌစနဲ့ရစ်ပတ်၊ တရားခံမရဲ့ နာမည်ကိုခေါ်ပြီး ချက်ချင်းပြန်လာခဲ့လို့ အမိန့်ပေးရမယ်....."

နတ်ဆရာမရဲ့ အစီအရင်ကိုရတာနဲ့ ကျွန်မတို့အားလုံး မြို့ကိုပြန်လာခဲ့ကြတယ်။

မြို့အချုပ်ခန်းကိုသွား၊ အချုပ်ခန်းအဖောက်ခံရတဲ့နေရာရဲ့ အပြင်ဘက်တမံသလင်းမှာ ကျင်းလေးတူးပြီး ကြက်ဥတစ်လုံးကို မြှုပ်တယ်။

ကျန်တဲ့ ကြက်ဥတစ်လုံးကို တရားခံမရဲ့အကျႌစနဲ့ ပတ်





ပြီး....."တဲ့ သန်းသန်းအေး၊ ပြန်လာခဲ့နော်၊ ပြန်လာခဲ့၊ မြန်မြန်ပြန်လာခဲ့"လို့ မြို့နယ်မှူးကတော်က ချော့ပြောတယ်။

အစီအရင်အတိုင်းလုပ်ပြီးတော့ နတ်ဆရာမဆီပြန်သွားကြတယ်၊ ခိုင်းတဲ့အတိုင်းလုပ်ပြီးတဲ့အကြောင်း ပြောတယ်။

"မှားနေတယ်၊ မြို့နယ်မှူးကတော်ပြောတာ လေသံပျော့လွန်းနေတယ်၊

ချော့မပြောရဘူး။ မာန်နဲ့ထန်နဲ့ပြော၊

သန်းသန်းအေး အခုလာခဲ့၊ ချက်ချင်းလာခဲ့လို့ အမိန့်ပေးရမယ်။

အခုချက်ချင်းပြန်လုပ်၊ ပြီးတာနဲ့ ပြန်လာခဲ့ဦး"

ကျွန်မတို့အားလုံး မြို့ကိုတစ်ခေါက်ပြန်သွားပြီး နတ်ဆရာမခိုင်းတဲ့အတိုင်း အတိအကျပြန်လုပ်ကြရတယ်။

ပြီးစီးတာနဲ့ နတ်ဆရာမဆီပြန်လာတယ်။

"ထွက်ပြေးသွားတဲ့ တရားခံမဟာ မ.တစ်လုံးထဲနဲ့ မြို့ကို ထွက်ပြေးသွားတာဖြစ်တယ်။

မ တစ်လုံးထဲနဲ့ မြို့က မုန်းမြို့တော့....၊

အခု မုန်းမှာပဲရှိသေးတယ်၊ ချက်ချင်းသွားပြီး ဖမ်းကြ"

ကာရင်နတ် ပူးဝင်နေတဲ့ နတ်ဆရာမရဲ့ ပြောကြန်းယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီဟောကိန်းဖြစ်နိုင်တယ်လို့ သုံးသပ်မိကြတယ်၊

ဘာ့ကြောင့်လဲဆိုတော့ သန်းသန်းအေးကို ဆေးခြောက်တွေနဲ့ ဖြူးနယ်ထဲမှာ ဖမ်းမိခဲ့တယ်။

စစ်ဆေးလိုက်တော့ ဆေးခြောက်တွေယူလာတဲ့နေရာက မုန်းက၊

မုန်းမှာရှိတဲ့ အိမ်တစ်အိမ်က ဝယ်လာတယ်လို့ ထွက်ဆိုတာနဲ့ အဲဒီအိမ်ကို သွားပြီးရှာခဲ့ရသေးတယ်။

မုန်းမြို့က စစ်တောင်းမြစ်အရှေ့ဘက်ကမ်းမှာရှိတဲ့ မြို့ကလေး၊ ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်ထဲက....၊

ဒါပေမဲ့ စစ်တောင်းမြစ်အနောက်ဘက်ကမ်းက ဖြူးမြို့နယ်နဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တာကြောင့် အသွားအလာ၊ အဆက်အဆံပိုများတယ်။

မြို့နယ်မှူးရဲ့အစီအစဉ်နဲ့ တရားခံအမျိုးသမီးကို ဖမ်းဖို့ မုန်းကို အဖွဲ့တစ်ဖွဲ့ ချက်ချင်းလွှတ်လိုက်တယ်။

အဲဒီအဖွဲ့က ဖြူးအရှေ့ဘက် ကိုးမိုင်အကွာမှာရှိတဲ့ အုတ်ဖြတ်ရွာကြီးအထိ ကားနဲ့သွားရတယ်။

အုတ်ဖြတ်ကနေမှ စက်လှေစီးပြီး စစ်တောင်းမြစ်ကို ဖြတ်ရတယ်။





ဒီတော့မှ မုန်းကိုရောက်တယ်။

မုန်းမြို့ထဲက တရားခံမသန်းသန်းအေးနဲ့ အဆက်အသွယ်ရှိတဲ့ အိမ်ကိုဝိုင်းပြီးရှာတယ်။

လက်မတင်လေး လွတ်သွားခဲ့တယ်။

“မနက်အစောကြီးမှာ အိမ်ကိုရောက်လာတယ်....၊

သူ့အမှုက အာမခံရပြီး လွတ်လာတာလို့ ပြောပါတယ်၊ ဆရာတို့မရောက်ခင် တစ်နာရီလောက်ကမှ အိမ်ကနေပြန်ထွက်သွားပါတယ်။

ဘယ်သွားမယ်ဆိုတာတော့ မသိပါဘူး”

အိမ်ရှင်ရဲ့ပြောစကားကြောင့် တရားခံထွက်သွားနိုင်တဲ့ လမ်းကြောင်းကိုစဉ်းစားရပြန်တယ်။

လမ်းကြောင်းက နှစ်ခုပဲရှိတယ်။

တစ်လမ်းက မုန်း–ကျောက်ကြီး ကားလမ်းအတိုင်း ကျောက်ကြီးမြို့ကို ထွက်တဲ့လမ်း။

နောက်တစ်လမ်းက စစ်တောင်းမြစ်ကို ပြန်ကူးပြီး ဖြူးမြို့နယ်ထဲ ပြန်ဝင်တဲ့လမ်း၊

မုန်း–ကျောက်ကြီးလမ်းက သွားလို့မရဘူး။

ဒီလမ်းတစ်လျှောက်မှာ လက်နက်ကိုင်သောင်းကျန်းသူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိတယ်။

စစ်တပ်ယာဉ်တန်းတောင် သတိကြီးကြီးထားပြီး သေနတ်တွေအသင့်ကိုင်ပြီး သွားနေရတဲ့လမ်း။ မကြာခဏတိုက်ပွဲဖြစ်နေတဲ့လမ်း။

ကျောက်ကြီးမြို့နယ်ထဲက ဝန်ထမ်းတွေဆိုရင် မုန်းကနေ ကျောက်ကြီးသွားတာပဲဖြစ်ဖြစ်၊ ကျောက်ကြီးကနေ မုန်းကိုသွားတာပဲဖြစ်ဖြစ် အဲဒီလမ်းက မသွားရဲဘူး။

ဆယ့်နှစ်မိုင်လောက်ပဲရှိတဲ့ အဲဒီလမ်းကိုရှောင်ပြီး မိုင်ငါးဆယ်လောက်ဝေးတဲ့ မုန်း–အုတ်ဖြတ်–ဖြူး–ပဲနွယ်ကုန်း–ကွင်းချောင်းဝ–နတ်သိကွင်း–ကျောက်ကြီးလမ်းအတိုင်း လှေအဆင့်ဆင့်၊ ကားအဆင့်ဆင့် စီးပြီးသွားကြတယ်။

တရားခံမက မုန်း–ကျောက်ကြီးလမ်းအတိုင်း အမှန်တကယ်ထွက်ပြေးသွားတယ်ဆိုရင်တောင် ဒီရဲအင်အားလေးနဲ့ ရဲရိုင်ဖယ်လေးနဲ့ လိုက်လို့လုံးဝမဖြစ်ဘူး။

ဒီနဲ့ပဲ ဖမ်းဆီးရေးအဖွဲ့ဟာ တပ်ခေါက်ပြီးဖြူးကို ပြန်လာခဲ့ကြရတယ်။

❖ ❖ ❖





## "အုံပွယ် ဟောကိန်း"

"အားလုံး အညာခံလိုက်ရတာပဲ၊

တရားခံမက ဘယ်မှထွက်မသွားဘူး၊

ရဲတွေလာတာကြိုသိလို့ အိမ်နောက်ဖေးက ကိုင်းတောကြီးထဲမှာ ဝင်ပြီးပုန်းနေတာ...."

"ဒါဆိုရင် ကျွန်တော်တို့ မုန်းကိုနောက်တစ်ခေါက် ထပ်သွားရမလား"

နတ်ဆရာမရဲ့စကားကို မြို့နယ်မှူးကပြန်မေးလိုက်တယ်။

"တရားခံမက အခုမုန်းကနေထွက်သွားနေတယ်၊

ညနေပိုင်းမှာ တကြီးနှစ်လုံးနဲ့ ကျောက်ကြီးမြို့ကို ရောက်လိမ့်မယ်။

စကားမများနဲ့၊ ခုချက်ချင်းထ၊ ခုချက်ချင်းသွား။

မြို့ဝင်တံတားက စောင့်နေကြ၊ ဆံပင်တွေဖြတ်ထားတယ်၊ လျှာထိုးဦးထုပ်ဆောင်းထားတယ်၊ အကျႌအနီရောင်ဝတ်ထားတယ်၊

သွားကြ၊ သွားကြ၊ ခုချက်ချင်းသွားကြ"

တစ်စုံတစ်ဦးပူးဝင်နေတဲ့ နတ်ဆရာမက ဦးခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ်ညိတ်ပြီး ပြောတယ်။

"သွားကြ၊ သွားကြ၊ ခုချက်ချင်းသွားကြ"လို့ပဲ ထပ်ခါထပ်ခါပြောနေတယ်။

မြို့နယ်မှူးဟာ ဖြူးကိုချက်ချင်းပြန်ပြီး ဖမ်းဆီးရေးအဖွဲ့အတွက် ကားတစ်စီးစီစဉ်ပေးတယ်၊

ပြီးတော့ ကျောက်ကြီးမြို့ကို စေလွှတ်လိုက်တယ်။

ဖမ်းဆီးရေးအဖွဲ့က ကကြီးနှစ်လုံးနဲ့မြို့လို့ နတ်ဆရာမတောတဲ့ ကျောက်ကြီးမြို့ကို သွားတာဖြစ်တယ်။

ဖြူးကနေ ရန်ကုန်–မန္တလေး ကားလမ်းမကြီးအတိုင်း တောင်ဘက်မိုင်နှစ်ဆယ်လောက်အကွာမှာ ပဲခွယ်ကုန်းမြို့ရှိတယ်။

ပဲခွယ်ကုန်းက ကျောက်တံခါးမြို့နယ်အပိုင်၊

ပဲခွယ်ကုန်းကနေ အရှေ့ဘက်လမ်းခွဲအတိုင်း ကိုးမိုင်လောက်သွားရင် ကွင်းချောင်းဝ၊

စစ်တောင်းမြစ်ရဲ့ အနောက်ဘက်ကမ်း၊ ကွင်းချောင်းဝကနေ အရှေ့ဘက်ကမ်း နတ်သံကွင်းကို ကူးရတယ်။

ကွင်းချောင်းဝနဲ့ နတ်သံကွင်းကို စစ်တောင်းမြစ်ဖြတ်ယာယီသံပေါင်တံတားထိုးထားတယ်၊ ကားသွားလို့ရတယ်။





နတ်သံကွင်းကနေ အရှေ့ဘက်၊ ကိုးမိုင်၊ ဆယ်မိုင်လောက် ဆက်သွားတော့မှ ကျောက်ကြီးမြို့ကို ရောက်တယ်။

ခရီးက တစ်ကွေ့တစ်ပတ်သွားနေရတယ်။ နောက်ပြီးလမ်းတွေက မကောင်းဘူး။ ဒီကြားထဲ လမ်းမှာတံတားလုံခြုံရေး၊ မြို့လုံခြုံရေး ကင်းစခန်းတွေရှိတယ်၊ အဝင်အထွက် အစစ်ဆေးခံရတယ်။

အနည်းဆုံးတော့ တာဝန်နဲ့ခရီးသွားရတဲ့အကြောင်း စကားစမြည်ပြောရဦးမယ်။

တရားခံမက မုန်း–ကျောက်ကြီး (၁၂) မိုင်လမ်းကို ခြေကျင်လျှောက်လာရတဲ့အတွက် မနားတဲသွားရင်တောင် လေးနာရီလောက်လျှောက်ရမယ်။

နတ်ဆရာမဟောတဲ့အတိုင်းဆိုရင် တရားခံမ ကျောက်ကြီးမြို့ထဲ ဝင်မယ့်အချိန်က ညနေသုံးနာရီလောက်လို့ ခန့်မှန်းရတယ်။

ဖမ်းဆီးရေးအဖွဲ့သွားတဲ့ခရီးက ခရီးရှည်ပေမဲ့ ကားနဲ့ဖြစ်လို့ တရားခံမထက်အရင် ကျောက်ကြီးမြို့ကိုရောက်မှာဖြစ်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဖမ်းဆီးရေးအဖွဲ့ ကျောက်ကြီးမြို့ကို



www.burmeseclassic.com

www.burmeseclassic.com



ချောချောမောမောနဲ့ အချိန်မီရောက်ပြီး တရားခံမကိုလွယ်လင့်တကူ ဖမ်းမိပါစေလို့ ကျွန်မတို့အားလုံး ဆုတောင်းနေကြရတယ်။

မင်္ဂလာသတင်းပါပဲ။

ညနေလေးနာရီလောက်မှာ မြို့နယ်မှူးဆီကို ဖုန်းဝင်လာတယ်။

ဖုန်းဆက်တာက ဖမ်းဆီးရေးအဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ဒုရဲအုပ်လေးပါ။

"တရားခံသန်းသန်းအေးကို ဖမ်းဆီးရမိပါပြီ မြို့နယ်မှူးခင်ဗျား.....၊

မြို့နယ်မှူးမှာကြားလိုက်တဲ့အတိုင်းပါပဲ၊

တရားခံမ သန်းသန်းအေးဟာ ဆံပင်ရှည်တွေကို ဖြတ်ပြီး ကုပ်ဝဲဆံပင်အဖြစ် ပုံပြောင်းထားပါတယ်၊

နောက်ပြီး အနီရောင်အကျႌနဲ့ လျှာထိုးဦးထုပ်ကိုလည်း ဝတ်ဆင်ထားပါတယ် မြို့နယ်မှူးခင်ဗျား....."

❖ ❖ ❖





"ပြစ်ပယ့်ဖျက်ပဲ့ အကြောင်းစုံ"

ကဲ...ဒီလောက်ဆိုရင် ထူးဆန်းသောနတ်ဆရာမလို့ ကျွန်မပြောတာကို ယုံပြီထင်ပါတယ်၊

လောကကြီးထဲမှာ ထူးခြားဆန်းကြယ်တဲ့ ပညာရပ်တွေရှိတယ်ဆိုတာလည်း လက်ခံနိုင်ပြီလို့ ထင်ပါတယ်၊

နတ်ဆရာမဟာ နိုင်ငံကျော်အောင် နာမည်ကြီးပြီး ထင်ရှားတဲ့ နတ်ဟောသူမဟုတ်ဘူး၊

ဒါပေမဲ့ သူပေးတဲ့အစီအရင်က အကုန်အကျဘာမျှမရှိဘဲ ထိရောက်မှုရှိတယ်ဆိုတာ ကျွန်မကိုယ်တွေ့မျက်မြင်ပါ။

သူ့ရဲ့ဟောကိန်းတွေကလည်း တကယ့်ကိုတွက်တိကျနေတယ်။ သွေးတွက်အောင် မှန်တယ်လို့ကို ပြောနိုင်တယ်။

ရဲတပ်ဖွဲ့ဝင်တွေက အချုပ်ဖောက်ထွက်ပြေးတဲ့တရားခံ ဘယ်ကိုသွားနိုင်သလဲလို့ အမျိုးမျိုးစဉ်းစားနေရတဲ့အချိန်မှာ...၊

"မ-တစ်လုံးနဲ့ မှန်းမြို့ကို ထွက်သွားတယ်"လို့ ဟောကိန်းထုတ်တယ်၊

ဖမ်းဆီးရေးအဖွဲ့လိုက်သွားတော့လည်း တရားခံ သန်းသန်းအေးတစ်ယောက် အမှန်တကယ် မှန်းမြို့ကို ရောက်လာတယ်ဆိုတာ သိရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လာတော့လာတယ်၊ လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ ပြန်ထွက်သွားပြီ" ဆိုတဲ့ အိမ်ရှင်ရဲ့စကားကြောင့် ဖမ်းဆီးရေး အဖွဲ့ ပြန်လာခဲ့ရတယ်။

"အလိမ်ခံလိုက်ရတာ၊ အိမ်နောက်ဘက်က ကိုင်းတော ကြီးထဲမှာ ပုန်းနေတာ" လို့ နတ်ဆရာမက ထပ်ပြောတယ်။

နောက်ပိုင်း သန်းသန်းအေးကို ဖမ်းမိလို့စစ်ဆေးတဲ့ အခါမှာလည်း အဲဒီအချိန်က အိမ်နောက်ဖေးကိုင်းတောကြီးထဲ မှာ ပုန်းအောင်းနေခဲ့ရကြောင်း သန်းသန်းအေးကိုယ်တိုင် ဝန်ခံ ခဲ့တယ်။

နောက်ဆုံးအကြိမ် နတ်ဆရာမရဲ့ဟောကိန်းတွေကို လည်းပြန်ပြီးလေ့လာကြည့်ပါဦး။

"မုန်းကနေ ကကြီးနှစ်လုံးနဲ့ မြို့ ကျောက်ကြီးမြို့ကို သွားနေပြီ၊

ညနေပိုင်းမှာ မြို့ကိုဝင်မယ်၊ မြို့အဝင်တံတားကစောင့်"

အားလုံး နတ်ဆရာမဟောတဲ့၊ ပြောတဲ့အတိုင်းတွေချည်း ပဲ.....။

ကျန်သေးတယ်၊ တရားခံမဟာ ဆံပင်ကိုဖြတ်ပြီး ရှပ်ဖျက်ထားတယ်၊



အကျီအနီဝတ်ပြီး လျှာထိုးဦးထုပ်ဆောင်းထားမယ်လို့ လည်း ဟောခဲ့တယ်၊

ကျောက်ကြီးမြို့အဝင်တံတားမှာ လျှို့ဝှက်စောင့်ဆိုင်းနေ တဲ့ ဖမ်းဆီးရေးအဖွဲ့ဟာ ညနေသုံးနာရီလောက်မှာ အမျိုးသမီး တစ်ယောက်လာနေတာကို တွေ့လိုက်ရတယ်။

အဲဒီအမျိုးသမီးက အနီရောင်အကျီဝတ်ပြီး လျှာထိုးဦး ထုပ်တစ်လုံးကို ဆောင်းထားတယ်၊

ဖမ်းဆီးရေးအဖွဲ့က အနီးရောက်လာတဲ့အချိန်မှာ ဝိုင်း ဝန်းပိတ်ဆို့ပြီး ဖမ်းဆီးလိုက်တယ်။

"ကျွန်မ ရိုးရိုးသားသားရှာဖွေစားသောက်နေတဲ့ သူပါ၊ ကောင်းကောင်းမွန်မွန်လည်း နေထိုင်တယ်၊

ရှင်တို့ ကျွန်မကိုဘာ့ကြောင့် ဖမ်းရတာလဲ၊ လူမှားပြီး ဖမ်းတာ မဟုတ်လား....." လို့ တရားခံသန်းသန်းအေးက တန် ဆောင်လိမ်လည်ဖို့ ကြိုးစားတယ်။

သူရှပ်ဖျက်ထားတာကို ဘယ်သူမှမသိနိုင်ဘူးဆိုတဲ့ အတွေးနဲ့ လှည့်စားရှောင်ထွက်ဖို့ ကြံစည်တယ်။

ဒါပေမဲ့ ဖမ်းဆီးရေးအဖွဲ့ကို လိမ်လည်လှည့်စားလို့ မရခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



နတ်ဆရာမရဲ့ ကြိုတင်ဟောကိန်းကြောင့်ရော၊ ရဲအချုပ်ခန်းထဲမှာ အမှုရင်ဆိုင်နေတုန်းက သန်းသန်းအေးကိုသိနေတဲ့ ရဲတပ်ဖွဲ့ဝင်ကြောင့်ပါ။

သူ့ရဲ့ ရုပ်ဖျက်လိမ်လည်မှုက အရာမရောက်ဘဲဖြစ်သွားခဲ့တယ်။

နတ်ဆရာမဟာ တရားခံမသန်းသန်းအေး ဆံပင်ဖြတ်တာ၊ အင်္ကျီအနီရောင်ဝတ်ထားတာ၊ လျှာထိုးဦးထုပ်ဆောင်းထားတာ၊ မုန်းကိုသွားတာ၊ ကျောက်ကြီးကိုသွားတာ၊ စတဲ့...စတဲ့ အကြောင်းအရာအဖြစ်အပျက်တွေကို ဘာ့ကြောင့် သိနေမြင်နေရတာလဲ.....၊

ကျွန်မ စဉ်းစားလို့မရဘူး။

အဝေးကအရပ်ဒေသတစ်ခုမှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို.....၊

အခြားအရပ်တစ်ပါး အဝေးတစ်နေရာမှာရှိနေတဲ့ နတ်ဆရာမက ဘာ့ကြောင့်သိနိုင်တာလဲ၊ ဘယ်လို ပညာရပ်တွေနဲ့ သိတာလဲ၊

ကျွန်မ ဘယ်လိုမှစဉ်းစားလို့မရဘူး၊

ဘယ်လိုပဲဖြစ်ဖြစ် ထူးဆန်းသော နတ်ဆရာမတစ်ယောက်ကို ကျွန်မကိုယ်တိုင် ဆုံတွေ့ခဲ့ဖူးတယ်ဆိုတဲ့ အကြောင်းနဲ့......



တကယ့်ဖြစ်ရပ်တွေဟာ စိတ်ကူးယဉ်ဇာတ်လမ်းတွေထက် ပိုပြီးဆန်းကြယ်တယ်ဆိုတဲ့ စကားကိုအားလုံး ယုံကြည်လက်ခံစေချင်ပါတယ်။

## "ပြည့်စုံတဲ့ချက်"

မူးယစ်ဆေးဝါးမှု တရားခံသန်းသန်းအေး အမျိုးသမီးအချုပ်ခန်းကို သံဖြတ်လွှနဲ့ဖြတ်ပြီး ထွက်ပြေးသွားတဲ့ကိစ္စမှာ...၊

တန်းစီးလုပ်တဲ့ အမျိုးသမီးတရားခံက အချုပ်ခန်းဖောက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး သူလုံးဝမသိရပါဘူးလို့ ထွက်ဆိုခဲ့တယ်။

အမှန်က သန်းသန်းအေးဟာ တန်းစီးကိုနားကပ် တစ်ရံ ပေးပြီးစည်းရုံးခဲ့ခြင်း ဖြစ်ပါတယ်။

သန်းသန်းအေးက နားကပ်ယူဆောင်လာခွင့်မရှိတဲ့ အချုပ်ခန်းထဲကို နားကပ်တစ်ရံလျှို့ဝှက်ယူခဲ့တယ်။

အဲဒီနားကပ်ကို တန်းစီးကိုပေးခဲ့တယ်။

သန်းသန်းအေးကိုဖမ်းမိတာနဲ့ အဲဒီအဖြစ်အပျက်အား





www.burmeseclassic.com

www.burmeseclassic.com



လုံးပေါ်ပေါက်သွားတယ်။

တန်းစီးဟာ သန်းသန်းအေးဆီက သူလက်ခံရယူထားပြီး အချုပ်ခန်းကြမ်းခင်း သစ်သားအောက်မှာဝှက်သိမ်းထားတဲ့ နားကပ်ကိုထုတ်ပေးခဲ့ရတယ်၊

စစ်ဆေးကြည့်လိုက်တော့ အဲဒီနားကပ်ဟာ ရွှေရည်စိမ် နားကပ်အတုကြီးဖြစ်နေပါသတဲ့....၊

သန်းသန်းအေးကို သံဖြုတ်လွှပေးသူကိုလည်း ဖော်ထုတ်နိုင်ခဲ့တယ်၊ သူကတော့ လက်ဖက်ရည်အချိုနဲ့ ဒီကြာကွေး ပို့ဆောင်လာပေးတဲ့ အမျိုးသားပဲဖြစ်ပါတယ်။

အချုပ်ခန်းလုံခြုံရေး တာဝန်ယူနေရသူရဲ့တပ်ဖွဲ့ဝင်တွေ ကတော့....

တရားခံထွက်ပြေးတာ မသိတဲ့အပြစ်၊ အချုပ်ခန်းဖောက် နေတာကို မသိတဲ့အပြစ်၊ သံဖြုတ်လွှအချုပ်ခန်းထဲ ရောက်လာ တာကို မသိတဲ့ အပြစ်၊

နားကပ် အချုပ်ခန်းထဲဝှက်ယူလာတာကို မသိတဲ့အပြစ်၊

တာဝန်လစ်ဟင်း၊ ပေါ့လျော့တဲ့အပြစ်တွေနဲ့ အရေးယူ၊ အပြစ်ပေးခံခဲ့ရတယ်လို့ နောက်ဆက်တွဲအဖြစ် သိရှိခဲ့ရပါ ကြောင်း တင်ပြအပ်ပါတယ်။ ။

❖ ❖ ❖ ❖ ❖



# ဝိညာဉ်ဖော်တဲ့ လူသတ်မှု

သတ်တဲ့သူကို ဖမ်းဆီးဖော်ထုတ်ရာမှာ
မင်းကိုယ်တိုင် ငါ့ကိုကူညီရမယ်.....၊
လူသတ်သမားကို ငါ့ဆီရောက်အောင်
ပို့ပေးရမယ်........၊
လူသတ်လက်နက်ကိုလည်း တရားခံက
ဖော်ထုတ်အောင် မင်းကူညီရမယ်.....၊
ဒါမှသာ မင်းကိုသတ်တဲ့သူကိုငါက
မင်းရဲ့ကိုယ်စား တရားဥပဒေအရ
ထိုက်တန်တဲ့အပြစ်ရရှိအောင် ဆောင်ရွက်
နိုင်မှာဖြစ်တယ်......၊



www.burmeseclassic.com

www.burmeseclassic.com

# ဝိညာဉ်ဖော်တဲ့လူသတ်မှု

## "မြိတ်မြို့က ဝိညာဉ်ဖော်တဲ့ လူသတ်မှု"

လွန်ခဲ့တဲ့လအနည်းငယ်က ပုဂ္ဂလိကနေ့စဉ်သတင်းစာတွေနဲ့ ဂျာနယ်အချို့မှာ ထူးထူးဆန်းဆန်းသတင်းတစ်ပုဒ် ဖော်ပြထားတာကို ဖတ်လိုက်ရပါတယ်၊

မြိတ်မြို့က ကြက်ခြံပိုင်ရှင်တစ်ယောက် အသက်ခံလိုက်ရတဲ့ ဖြစ်စဉ်နဲ့ပတ်သက်တဲ့ ထူးခြားသတင်းပါ။

ကြက်ခြံပိုင်ရှင်အမျိုးသားကို အလုပ်သမားက မကျေမနပ်ဖြစ်ရာက လူသတ်မှုဖြစ်ပွါးရခြင်းလို့ ဆိုပါတယ်။

ကြက်ခြံပိုင်ရှင်ကိုသတ်ပြီး ကြက်ခြံထဲမှာပဲ မြှုပ်ထားခဲ့တယ်။





အခြားသူတွေကိုတော့ ပိုင်ရှင်ခရီးထွက်သွားတယ်ပြောပြီး ကြက်ခြံအလုပ်တွေကို ပုံမှန်အတိုင်း ဆက်လုပ်နေကြတယ်။

လူသတ်မှုဖြစ်စဉ်ကတော့ ဒီလောက်ပါပဲ၊ ဖြစ်ရိုးဖြစ်စဉ်လူသတ်မှုတွေအတိုင်းလို့ ပြောရပါမယ်။

ဒါပေမဲ့ အဲဒီလူသတ်မှုပေါ်ပေါက်သွားခဲ့တဲ့ အဖြစ်အပျက်ကတော့ အရမ်းထူးဆန်းနေတယ်၊

နာနာဘာဝ၊ ဝိညာဉ်လောကနဲ့ ဆက်နွယ်နေတာကို သတင်းထဲမှာ ဖတ်ရှုရတယ်၊

မြိတ်မှာ အသတ်ခံလိုက်ရတဲ့ ကြက်ခြံပိုင်ရှင်အမျိုးသားတာ ရန်ကုန်မှာရှိတဲ့ ဆွေမျိုးမိဘတွေဆီကို အိပ်မက်သွားပေးတယ်။

"ကျွန်တော့်ကိုသတ်ပြီး ကြက်ခြံထဲမှာမြှုပ်ထားတယ်" လို့ ပြောတယ်။

ဒီအိပ်မက်ကြောင့် မိဘဆွေမျိုးတွေ စိုးရိမ်သောကရောက်ပြီးမြိတ်ကို လိုက်သွားခဲ့တယ်။

မြိတ်ကိုရောက်တော့ ကြက်ခြံပိုင်ရှင်ကို မတွေ့ရဘူး။ အလုပ်သမားတွေက "ခရီးထွက်သွားတယ်"လို့ပဲ ပြောတယ်။

သူတို့ရဲ့ အပြောအဆိုနဲ့ အမူအရာကမသင်္ကာစရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။

အဲဒီနေ့ပဲ ရဲတပ်ဖွဲ့ကို အကြောင်းကြားလိုက်တယ်။

ရဲက ကြက်ခြံကိုလိုက်လာပြီး စစ်ဆေးမှုတွေ လုပ်တယ်၊ သက်သေမကင်းဖြစ်တဲ့နေရာကို တူးကြည့်တယ်။

အဲဒီမှာ ကြက်ခြံပိုင်ရှင် အမျိုးသားရဲ့အလောင်းကို တွေ့ရှိရတာ ဖြစ်တယ်။

အမှုနဲ့ပတ်သက်ပြီး မသင်္ကာသူအချို့ကို ဖမ်းဆီးစစ်ဆေးနေတယ်၊

နောက်ထပ်ပြီးလည်း ကြက်ခြံပိုင်ရှင်ရဲ့ဆွေမျိုး(ဖခင်လို့ ထင်ပါတယ်)က ရန်ကုန်မှာရှိတဲ့ သေသူနဲ့အလွန်ခင်မင်ရင်းနှီးသူ မိတ်ဆွေဆီကို အကြောင်းကြားဖို့ ဖုန်းခေါ်တယ်၊ ဖုန်းဝင်သွားတယ်။

အဲဒီမှာ အသတ်ခံရတဲ့ ကြက်ခြံပိုင်ရှင် အမျိုးသား(သေသူ)ရဲ့အသံနဲ့ သူ့ကိုစကားပြောတဲ့အသံတွေ ကြားရတယ်တဲ့။

အဲဒီပေမဲ့ တစ်ဖက်ကဖုန်းမကိုင်လို့ ဖုန်းပြန်ချထားလိုက်ရတယ်တဲ့၊

တစ်ဖက်မှာဖြစ်နေတာကျတော့လည်း ဖုန်းသံမြည်လာတယ်၊ အဲ့ကြောင့် ဖုန်းကိုကိုင်လိုက်တယ်၊





သေသူက မိတ်ဆွေဖြစ်သူကိုနာမည်တပ်ပြီး ခေါ်ပြောတယ်။

နာမည်ခေါ်တာက သူတို့အချင်းချင်းခေါ်နေကျအတိုင်းပဲ၊ အသံကလည်း သေသူရဲ့အသံပဲလို့ သတင်းထဲမှာဖော်ပြထားပါတယ်။

ဒီလိုအဖြစ်မျိုးတွေ၊ ဆင်ဆင်တူတဲ့ ဖြစ်စဉ်တွေ စာရေးသူကိုယ်တိုင် မကြာခဏကြုံဖူးခဲ့ပါတယ်။

တချို့အကြောင်းအရာတွေကို စာရေးသူရေးသားတင်ပြပြီး ဖြစ်ပါတယ်။

အဲဒီပေမဲ့ အကြောင်းတိုက်ဆိုင်လာတဲ့အတွက် အကျဉ်းချုပ်မျှ ထပ်မံတင်ပြလိုက်ပါတယ်။

## “အင်းထဲမှာ ကျွန်တော့်အလောင်း မြှုပ်ထားတယ်”

ဒီအဖြစ်အပျက်ကို ပြောပြခဲ့သူက ကညွတ်ကွင်းမြို့က ရဲစခန်းမှူး(အငြိမ်းစား)၊ ဦးခင်မောင်ဖြစ်ပါတယ်။

ကညွတ်ကွင်းမြို့ မန်တိုင်ရပ်မှာ နေထိုင်ခဲ့ပြီး လွန်ခဲ့သော နှစ်အတန်ကြာကပဲ ကွယ်လွန်သွားခဲ့ပါပြီ၊

ဒီဖြစ်စဉ်ကို အုတ်တွင်းမြို့နယ်မှာ ရဲစခန်းမှူးအဖြစ်သာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းဆောင်စဉ် ကြုံခဲ့ရတာဖြစ်ကြောင်း ပြောပြခဲ့ပါတယ်။

တစ်နေ့မှာ ရဲစခန်းကို အမှုတိုင်သူတစ်ယောက် ရောက်လာတယ်။

"ကျွန်တော့်သား နွားဝယ်ဖို့အိမ်ကထွက်သွားတာ နှစ်ဖက်ကျော်နေပါပြီ၊

လူလည်းပြန်မလာ၊ ဘာသတင်းမှလည်း မကြားတဲ့အတွက် စိတ်ပူနေရပါတယ်၊

ဒီလို စိတ်ပူနေတုန်းမှာ အိပ်မက်တစ်ခု မက်လာတယ်၊ အိပ်မက်ကလည်း တစ်ညတည်းမက်တာ မဟုတ်ဘူး။ သုံးလေးညဆက်ပြီးမက်တယ်။

အိပ်မက်ထဲမှာ သားက သူ့ကို ရက်ရက်စက်စက် ဓားနဲ့ထိုးသတ်ပြီး နွားဝယ်ယ်ငွေတွေကို ယူသွားကြတဲ့အကြောင်းနဲ့ ......၊

သူ့ရဲ့အလောင်းကို အုတ်တွင်းမြို့အနောက်ဘက် ရိုးမတောင်ခြေမှာရှိတဲ့ အင်းကြီးတစ်ခုထဲမှာ မြှုပ်ထားတဲ့အကြောင်း ပြောတယ်။

ဦးခင်မောင် ဒီစခန်းကိုပြောင်းလာတာ မကြာသေးဘူး၊ ရက်ပိုင်းလောက်ပဲရှိသေးတယ်။





အုတ်တွင်းအနောက်ဘက်တောင်ခြေမှာ အင်းရှိလား၊ မရှိလား သူမသိဘူး၊

ဒီ့ကြောင့် နယ်ယိန်းတွေကို ခေါ်ပြီးမေးတယ်။

နယ်ထိန်းတွေက အင်းတစ်အင်းရှိတဲ့အကြောင်းပြောတယ်၊

ဦးခင်မောင်ဟာ အခြေအမြစ်မရှိ၊ အထောက်အထားမခိုင်မာတဲ့ အိပ်မက်အကြောင်းတွေလာပြောနေသူကို ဥပေက္ခာမပြုခဲ့ပါဘူး၊

အမှုလာတိုင်သူရဲ့မျက်နှာပေါ်က သားအတွက်ပူဆွေးသောက ခံစားနေရမှုတွေကို မြင်မိတယ်။

နောက်ပြီး ရဲတပ်ဖွဲ့ကိုအားကိုးလို့ ရောက်လာခဲ့သူ၊ အိပ်မက်အတိုင်း လူသတ်မှုဖွင့်လို့မရပေမဲ့ လူပျောက်မှုအနေနဲ့ အရေးယူဆောင်ရွက်ပေးရမယ့် တာဝန်ရှိတယ်။

ဒီ့ကြောင့် နယ်ထိန်းအဖွဲ့ခေါ်ပြီး ရိုးမတောင်ခြေက အင်းကြီးရှိတယ်ဆိုတဲ့ နေရာကိုထွက်ခဲ့ကြတယ်။

နေ့တစ်ဝက်ခရီးလောက်သွားပြီးမှ အင်းကြီးကိုတွေ့ရတယ်။

အမှုလာတိုင်သူစိတ်ကျေနပ်အောင် လူတွေငှားပြီး အင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲကို စေ့စေ့စပ်စပ်အရှာခိုင်းတယ်။

ဆယ့်ငါးမိနစ်လောက်အကြာမှာပဲ ဓားဒဏ်ရာတွေနဲ့ လူငယ်တစ်ယောက်ရဲ့အလောင်းကို တွေ့ကြရတယ်။

အလောင်းက တော်တော်အခြေအနေဆိုးနေပြီ၊ ဒါပေမဲ့ ဝတ်ဆင်ထားတဲ့ အဝတ်အစားတွေအရ သူ့ရဲ့သားဖြစ်တဲ့ အကြောင်း လူပျောက်လာတိုင်သူက ဝန်ခံခဲ့တယ်။

ထူးဆန်းတာက သေသူဟာသူ့ကိုသတ်တဲ့ လူသတ်သမားတွေရဲ့အမည်ကိုပါ အိပ်မက်ထဲမှာပြောနိုင်ခဲ့တယ်။

ဦးခင်မောင်နဲ့ နယ်ထိန်းအဖွဲ့က စုံစမ်းကြည့်လိုက်တော့ အင်းကြီးရဲ့အနီးမှာရှိတဲ့ရွာက နွားအရောင်းအဝယ်၊ နွားအလဲအထပ်လုပ်တဲ့ နွားလဲနှစ်ယောက်ရဲ့နာမည်တွေဖြစ်နေတယ်။

သူတို့ကိုဖမ်းပြီး စစ်ဆေးလိုက်တော့ အဲဒီလူသတ်မှုနဲ့ ပတ်သက်ပြီးဝန်ခံဖြောင့်ချက်ပေးကြတယ်။

နွားဝယ်ဖို့လာတဲ့လူငယ်နဲ့ အဲဒီနွားလဲနှစ်ယောက်နဲ့ တစ်ပတ်တစ်ခါကျင်းပတဲ့ နွားပွဲဈေးမှာတွေ့ကြတယ်။

လူငယ်ဆီမှာ နွားဝယ်ဖို့ငွေတွေပါလာတာတွေ့တော့ နွားလဲနှစ်ယောက်ရဲ့ စိတ်ထဲမှာ လောဘမီးတွေ တောက်လောင်သွားတယ်။





ဒါနဲ့ လူငယ်ကိုခိုင်းနွားကောင်းကောင်း ရောင်းဖို့ရှိတယ်။ ဈေးချိုချိုနဲ့ရမယ်လို့ ဖျားယောင်းပြီးခေါ်လာကြတယ်။

သူတို့ရွာအနီးမှာရှိတဲ့ အင်းကြီးဆီရောက်တော့ ကြိုတင်ကြံရွယ်ထားတဲ့အတိုင်း လူငယ်ကိုဓားနဲ့ထိုးပြီး သတ်လိုက်ကြတယ်။

ငွေတွေကိုယူပြီး လူငယ်ရဲ့အလောင်းကို ရေပေါ်ပေါ်မလာအောင် ကျောက်ခဲအလေးတွေဆွဲ၊ အင်းထဲပစ်ချလိုက်တယ်။

တကယ်ဆိုရင် ဒီလူသတ်မှုက အမှုပေါ်ဖို့ခက်ခဲတယ်။

မျက်မြင်သက်သေမရှိဘူး၊ သက်မဲ့သက်သေလို့ခေါ်တဲ့ ပစ္စည်းသက်သေလည်းမရှိဘူး၊ နောက်ပြီး လူငယ်ကိုဘယ်သူမှမသိဘူး၊ ဘယ်လိုမှအမှုမပေါ်နိုင်ဘူး။

ဒါပေမဲ့ သေသူရဲ့ဝိညာဉ်က ဖခင်ဖြစ်သူကို အိပ်မက်သွားပေးတယ်။

လူသတ်သမားတွေရဲ့အမည်၊ လူသတ်လက်နက်၊ သတ်ဖြတ်ပုံနဲ့ အလောင်းမြှုပ်ထားတဲ့နေရာတွေအားလုံးကို အိပ်မက်ထဲမှာ ပြောပြခဲ့တယ်။

ဒါ့ကြောင့် မမျှော်လင့်ဘဲ လွယ်လင့်တကူ အမှုပေါ်သွားတာဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရဲလုပ်သက် အနှစ်သုံးဆယ်ကျော်မှာ ဒီတစ်ခါတည်း ကြုံခဲ့ရတဲ့ ထူးထူးဆန်းဆန်းအဖြစ်အပျက်တစ်ခုပဲ" လို့ ဦးခင်မောင်က စာရေးသူကိုပြောပြခဲ့တယ်။

## "အချုပ်ခန်းထဲထိဝင်လာတဲ့ ဝိညာဉ်"

ကညွတ်ကွင်းမြို့အရှေ့စူးစူး (၇) မိုင်လောက်အကွာက ရွာကြီးတစ်ရွာမှာ လူသတ်မှုတစ်မှုဖြစ်ပွါးခဲ့တယ်။

မိုးဖွဲဖွဲရွာနေတုန်းမှာပဲ ဖျာနဲ့လိပ်ပြီးထမ်းလာတဲ့ လူသေအလောင်းတစ်လောင်း ကညွတ်ကွင်းရဲစခန်းရှေ့ ရောက်လာတယ်၊

စခန်းမှူးကိုယ်တိုင် အလောင်းကဒဏ်ရာဒဏ်ချက်တွေကို စစ်ဆေးတယ်။

စစ်ဆေးပြီးတော့ ရဲဆေးစာရေးပြီး အလောင်းကို ကညွတ်ကွင်းတိုက်နယ်ဆေးရုံကို ပို့ခိုင်းလိုက်တယ်။

လူသတ်မှုဖြစ်ပွါးတဲ့သတင်းကို အထက်အဆင့်ဆင့်ချက်ချင်းတင်ပြပြီး အခင်းဖြစ်အရပ်ဆီထွက်ခဲ့ကြတယ်။

အခင်းဖြစ်အရပ်ရောက်၊ စုံစမ်းစစ်ဆေးတာတွေပြုလုပ်ပြီး မသင်္ကာလူသတ်တရားခံတစ်ဦးကို ဖမ်းဆီးနိုင်ခဲ့တယ်။





လူသတ်မှုမဖြစ်မီ အချိန်အနည်းငယ် အလိုအထိ မသင်္ကာတရားခံကို သေသူနဲ့အတူ တွေ့ခဲ့တယ်။

သူတို့ကိုတွေ့တဲ့နေရာကလည်း အလောင်းတွေ့တဲ့နေရာနဲ့ မလှမ်းမကမ်းမှာဖြစ်တယ်။

ဒီသတင်းကြောင့် မသင်္ကာတရားခံကို ဖမ်းဆီးခဲ့တာပါ။

စခန်းမှူးနဲ့ တပ်ဖွဲ့ဝင်တွေဟာ တရားခံကိုစစ်ဆေးဖို့ အဖွဲ့ငယ်လေးတွေဖွဲ့တယ်။

တရားခံကိုအနားမပေးဘဲ တစ်ဖွဲ့ပြီးတစ်ဖွဲ့ စစ်ဆေးကြတယ်။

ပရိယာယ်သုံးပြီး စစ်သလို၊ စိတ်ဓာတ်စစ်ဆင်ရေးနဲ့လည်း စစ်တယ်။

ဘယ်လိုပဲစစ်စစ် မသင်္ကာတရားခံက သူမသတ်ဘူး မသိဘူးလို့ပဲ တွင်တွင်ငြင်းဆိုနေတယ်။

သုံးရက်လောက်ကြာတဲ့အထိ စစ်လို့မရတော့ စခန်းမှူးစိတ်ထဲမှာ ဇဝေဇဝါဖြစ်လာခဲ့တယ်။

"ဖမ်းလာတဲ့တရားခံဟာ အမှန်တကယ်ကျူးလွန်တဲ့ လူသတ်တရားခံမှ ဟုတ်ပါလေစ" လို့လည်း ဒွိဟသံသယတွေ ဝင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ကြောင့် အမှုစစ်ဆေးတာကို ရပ်လိုက်တယ်။

ဖြစ်မှုမကျူးလွန်သူဖြစ်နေရင် မထိခိုက်၊ မနစ်နာစေချင်တဲ့ ဆန္ဒကြောင့်ပါ။

ဒါပေမဲ့ အဲဒီသုံးရက်မြောက်တဲ့ညမှာပဲ ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်တစ်ခုကို တွေ့လိုက်ကြရတယ်။

ည(၁၁)နာရီလောက် တစ်လောကလုံး တိတ်ဆိတ်ငြိမ်သက်နေတဲ့အချိန်မှာ အချုပ်ခန်းထဲက ထိတ်လန့်တကြား အော်ဟစ်သံကြီး ထွက်ပေါ်လာတယ်။

အားလုံးသွားကြည့်ကြတော့ မသက်ာလူသတ်တရားခံဟာ အချုပ်ခန်းကြမ်းပြင်ပေါ်မှာ လူးလှိမ့်နေတယ်။

မမြင်ရတဲ့တစ်စုံတစ်ယောက်က ထိုးကြိတ်၊ ကန်ကျောက်တာကို ခံနေရတဲ့အတိုင်းပါပဲ။

"ကျွန်တော့်ကို ကယ်ကြပါ။ အချုပ်ခန်းထဲကနေ အပြင်ကိုထုတ်ပေးပါ၊

ကျွန်တော့်ကို လှထွန်းလိုက်သတ်နေတယ်"လို့ အော်ဟစ်ပြောဆိုနေတယ်။

လှထွန်းဆိုတာက အသတ်ခံရတဲ့သူပါ။

နောက်ပြီး "ကျွန်တော်အမှန်အတိုင်း ဖွင့်ပြောပါတော့မယ်"လို့လည်း ပြောတယ်။



အဲဒီညမှာပဲ မသင်္ကာတရားခံက လှထွန်းကိုသူသတ်မိတဲ့အကြောင်း ဝန်ခံတယ်။

လှထွန်းဆီက သူယူသွားတဲ့ငွေတွေ မြှုပ်ထားတဲ့နေရာနဲ့ လူသတ်ရာမှာ အသုံးပြုတဲ့ဓား ဝှက်ထားတဲ့နေရာတွေကို လိုက်ပြတယ်။

တရားရုံးမှာလည်း အချင်းဖြစ်ပွားပုံ အကြောင်းစုံကို ဖြောင့်ချက်ပေး၊ ဝန်ခံခဲ့တယ်။

မသင်္ကာတရားခံဟာ စိတ်ဓာတ်မာကျောသူ ဖြစ်ပုံရတယ်......၊

လူသတ်ခဲ့တာ အမှန်ဖြစ်ပေမဲ့ ရဲအဖွဲ့ရဲ့နည်းလမ်းပေါင်းစုံနဲ့ စစ်ဆေးမှုကို ကြံ့ကြံ့ခိုင်ခိုင်ခံခဲ့တယ်။

ဝါရင့်ရဲအရာရှိဖြစ်တဲ့ စခန်းမှူးကိုတောင် ဇဝေဇဝါဖြစ်စေခဲ့တယ်။

ဒါပေမဲ့ မကောင်းမှုဆိုတာ စိတ်ကွယ်ရာမရှိဆိုတဲ့ စကားအတိုင်း လူသတ်သမားရဲ့စိတ်ထဲမှာတော့ သူ့အပြစ်သူသိနေမှာ၊ ခံစားနေရမှာ အမှန်ပါ။

လောကကြီးတစ်ခုလုံးကို လိမ်ချင်လိမ်နိုင်မယ်၊ လှည့်

www.burmeseclassic.com

www.burmeseclassic.com



စားချင်လှည့်စားနိုင်မယ်၊ ကိုယ့်ကိုယ်ကိုတော့ လိမ်ညာလှည့်စားလို့မရဘူးဆိုတာကို ပြလိုက်တဲ့သဘောပါ။

ဒီလို ကိုယ့်အပြစ်ကို သိနေတဲ့အချိန် မလုံမလဲဖြစ်နေတဲ့အချိန်မှာ သူသတ်လိုက်တဲ့ လူထွန်းရဲ့ဝိညာဉ်က အချုပ်ခန်းထဲထိလိုက်လာတယ်။

သူ့ကို အနှောင့်အယှက်ပေးတယ်၊ ထိုးကြိတ် ဂုန်ကျောက်တယ်။

ရဲအဖွဲ့ရဲ့ စစ်ဆေးမှုကို သုံးရက်တိုင်တိုင် ကြံ့ကြံ့ခံနိုင်ခဲ့ပေမယ့် ဝိညာဉ်ကောင်ရဲ့နှောင့်ယှက်မှုကိုတော့ မခံစားနိုင်တော့ဘူး။

ဒီ့ကြောင့်ပဲ နောက်ဆုံးမှာတရားဥပဒေကို အရှုံးပေးပြီးဒူးထောက်လိုက်ရခြင်းဖြစ်ပါတယ်။

ဒီဖြစ်ရပ်ကလည်း လူသတ်မှုကို ဖော်ထုတ်လိုက်တဲ့ဝိညာဉ်တစ်ကောင်ရဲ့ အကြောင်းပဲဖြစ်ပါတယ်။

❖ ❖ ❖



## "လူသတ်သမားကို ငါဆိုပြပေးရမယ်"

– အသတ်ခံရတဲ့ လူသေအလောင်းကို လက်နဲ့သုံးချက်ပုတ်ပြီး တရားခံဖော်ထုတ်ပေးဖို့ အမိန့်ပြန်တာနဲ့...

– တရားခံရဲ့ရှေ့မှာ လူသေအလောင်းက ရယူထားတဲ့အကျႌ၊ လုံခြည်တွေချထားပြီး စိတ်ချောက်ချားအောင် လုပ်တာတွေဟာ.....

လူသတ်မှုတွေမှာ တရားခံဖော်ထုတ်ဖို့ ခက်ခဲနေတဲ့အချိန်တိုင်း အမှုစစ်ရဲအရာရှိတော်တော်များများ လုပ်လေ့လုပ်ထရှိတဲ့ အချက်တွေပါ။

ဒီနည်းတွေကို အချို့က 'ဆိုက်ကို' သုံးတယ်၊ စိတ်ဓာတ်စစ်ဆင်ရေးလုပ်တယ်လို့ ယူဆကြတယ်။

တချို့ကတော့ သေသူရဲ့ဝိညာဉ်ရောက်လာပြီး အမှုပေါ်ပေါက်အောင် ဖော်ထုတ်ပေးခြင်းဖြစ်တယ်လို့ပဲ ယုံကြည်ကြတယ်၊

'ဆိုက်ကို' ယူဆချက်က အမှန်လား၊ အသတ်ခံရသူရဲ့ဝိညာဉ်ရောက်လာပြီး အမှုဖော်ထုတ်ပေးတယ်ဆိုတဲ့ ယုံကြည်ချက်ကပဲ အမှန်လား၊

ဘယ်သူမှ ကွဲကွဲပြားပြား မပြောနိုင်ကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် ခက်ခဲတဲ့လူသတ်မှုတွေကို ဖော်ထုတ်နိုင်ခဲ့တယ်ဆိုတာတော့ မငြင်းနိုင်ကြဘူး။

ဒါ့ကြောင့်လည်း ရဲအရာရှိတချို့က အသုံးဝင်တဲ့နည်းလမ်း၊ အောင်မြင်တဲ့ နည်းလမ်းတစ်ရပ်အနေနဲ့ လက်ခံပြီးပြုလုပ်တတ်ကြတယ်။

စာရေးသူရဲ့မိတ်ဆွေ ရဲအရာရှိတစ်ယောက်ကလည်း သက်သေအထောက်အထားရှာမတွေ့တဲ့ လျှို့ဝှက်တဲ့လူသတ်မှုတစ်မှုမှာ.....

အသတ်ခံရတဲ့ လူသေအလောင်းကို လက်နဲ့သုံးချက်ပုတ်ပြီး အမိန့်ပြန်တဲ့နည်းနဲ့ ဖော်ထုတ်နိုင်ခဲ့တယ်လို့ ပြောပြပါတယ်။

မိတ်ဆွေရဲအရာရှိက အဲဒီလူသတ်မှုအကြောင်း စာရေးသူကို ပြန်ပြောပြခဲ့ပါတယ်။

**"အလောင်းကို အမိန့်ပြန်ခြင်း"**

ကျွန်တော် ပဲခူးတိုင်းအရှေ့ခြမ်း၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်ထဲက ကျွဲပွဲမြို့လေးထဲမှာ ရဲစခန်းမှူးတာဝန်ထမ်းဆောင်နေတဲ့အချိန် ဖြစ်ပါတယ်။





တစ်နေ့တော့ ကျွန်တော့်ဆီကို သတင်းတစ်ခုရောက်လာတယ်။

လယ်ကွက်ထဲမှာ ယောက်ျားအလောင်းတစ်လောင်းတွေ့တယ်ဆိုတဲ့ သတင်းပါ။

ကျွဲပွဲရဲ့မြောက်ဘက်မှာ ဘန့်ပွေးကုန်းဆိုတဲ့ ရွာကြီးတစ်ရွာရှိတယ်။

ဘန့်ပွေးကုန်းကနေ အနောက်တည့်တည့်ကို သွားရတယ်။

သုံးမိုင်လောက်အကွာမှာ ရွာလေးတွေကိုတွေ့တယ်။

အလောင်းတွေ့တယ်ဆိုတဲ့ နေရာက အဲဒီရွာလေးတွေနဲ့ ခပ်လှမ်းလှမ်းက လယ်ကွက်တစ်ခုထဲမှာပါ။

ဘယ်ရွာနဲ့မှ မနီးဘူး၊ ရွာအားလုံးရဲ့ အလယ်လောက်က လယ်ကွက်ထဲမှာဖြစ်တယ်။

သတင်းရတာနဲ့ချက်ချင်းပဲ နယ်ထိန်းအဖွဲ့ခေါ်ပြီး ထွက်ခဲ့ကြတယ်။

ဆယ်နာရီ၊ ဆယ်တစ်နာရီ နေပူကြီးထဲမှာပဲ လူသေအလောင်းရှိတဲ့ လယ်ကွက်ဆီကို ရောက်လာကြတယ်။

အလောင်း ပတ်ပတ်လည်မှာ ရွာတွေကတောင်ရှိသူ



www.burmeseclassic.com

www.burmeseclassic.com



တွေရော၊ လာကြည့်ကြတဲ့ ရွာသူရွာသားတွေပါ ရှိနေတယ်။

လူအုပ်ရဲ့အလယ်မှာတော့ မှောက်လျက်သေနေတဲ့ အလောင်းတစ်လောင်းပေါ့။

မှောက်လျက်သေနေတဲ့ လူသေအလောင်းကို မြင်လိုက်တာနဲ့ ကျွန်တော့်စိတ်ထဲမှာ နည်းနည်းထင့်သွားတယ်။

ကျွန်တော်တို့ ရဲ့အရာရှိတွေမှာ အရိုးစွဲနေတဲ့ အယူတစ်ခုရှိတယ်။

လူသေအလောင်းက မှောက်နေရင် အမှုဖော်ထုတ်ဖို့ ခက်ခဲမယ်၊

ပက်လက်လန်နေရင် အမှုကိုလွယ်လွယ်ကူကူနဲ့ ဖော်ထုတ်နိုင်မယ်ဆိုတဲ့ အယူအဆရှိတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အလောင်းကိုစစ်ဆေးရတာပေါ့။

အလောင်းရဲ့ရင်အုံမှာ ချွန်ထက်တဲ့လက်နက်နဲ့ရတဲ့ ထိုးသွင်းဒဏ်ရာ (၄)ချက် တွေ့တယ်၊ တစ်ချက်က နောက်ကျောထိအောင် ပေါက်နေတယ်။

အလောင်းရဲ့ အနေအထားနဲ့ ပတ်ဝန်းကျင်အနေအထားအရ အလောင်းတွေ့တဲ့နေရာမှာ လူသတ်မှုဖြစ်ပွါးတာ





မဟုတ်ဘူးလို့ ယူဆရတယ်။

ဆိုလိုတာက အခြားတစ်နေရာမှာ သတ်ဖြတ်ပြီးမှ လယ်ကွက်ထဲလာပစ်ထားတဲ့ သဘောပေါ့။

အမှုနဲ့ပတ်သက်ပြီး အားတိုးအားထားပြုနိုင်တဲ့ သက်သေခံပစ္စည်းလေး တစ်ခုတလေရလိုရငြား ရှာကြည့်ပေမဲ့ ဘာတစ်ခုမှ မတွေ့ရဘူး။

အလောင်းမှောက်နေတာတွေ့တွေ့ချင်း ကျွန်တော့်စိတ်ထဲမှာ စိုးရိမ်မိတဲ့အတိုင်း ခက်ခက်ခဲခဲဖော်ထုတ်ရမယ့်အမှုလို့ ကျွန်တော်သုံးသပ်မိတယ်။

အဲ့ကြောင့် အမှုစစ်အရာရှိအချို့ လုပ်တဲ့အတိုင်းအလောင်းကို အမိန့်ပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။

အလောင်းကိုပက်လက်လှန်၊ ကိုယ်ခန္ဓာကို ခပ်ဆတ်ဆတ်သုံးချက်ပုတ်ပြီး......

"ငါဟာ ဒီနယ်မြေကို အုပ်ချုပ်စိုးမိုးနေတဲ့ ကျွဲပွဲရဲစခန်းမှူးဖြစ်တယ်။

မင်းကိုသတ်တဲ့သူကို ဖမ်းဆီးဖော်ထုတ်ရာမှာ မင်းကိုယ်တိုင် ငါ့ကိုကူညီရမယ်၊

မင်းကိုသတ်တဲ့ လူသတ်သမားကို ငါ့ဆီရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com

ပို့ပေးရမယ်....၊

လူသတ်ရာမှာသုံးတဲ့ လက်နက်ကိုလည်း တရားခံက ဖော်ထုတ်ပေးအောင် မင်းအကူအညီပေးရမယ်၊

သို့မှသာ ဇါကမင်းရဲ့ကိုယ်စား မှုင်းကိုသတ်တဲ့ လူသတ်သမားကို တရားဥပဒေအရ ထိုက်တန်တဲ့အပြစ်ရရှိအောင် ဆောင်ရွက်နိုင်မှာဖြစ်တယ်”လို့ သုံးကြိမ်အမိန့်ပြန်တယ်။

ရှာသူရှာသားတွေကတော့ ကျွန်တော်အမိန့်ပြန်နေတာကိုစိတ်ဝင်တစားနဲ့ တိတ်တိတ်ဆိတ်ဆိတ်ပဲ ကြည့်နေတယ်။

ယုံတဲ့သူပါသလို မယုံတဲ့သူလည်း ရှိနိုင်တာပဲ။ တချို့ဂျတော့လည်း ကြောက်ရွံ့ထိတ်လန့်နေကြမယ်လို့ ထင်တယ်။

အမိန့်ပြန်ပြီးတော့ ထုံးစံအတိုင်း ရဲအလုပ်တွေလုပ်ရတယ်။

အလောင်းတွေ့တဲ့နေရာပတ်ဝန်းကျင်ကို အခင်းဖြစ်မြေပုံကြမ်းဆွဲတယ်။

နောက်ပြီး ဓာတ်ပုံရိုက်တာတွေ၊ သက်သေခံပစ္စည်းရှာဖွေတာတွေ လုပ်ပြီးအလောင်းကို စပြီးတွေ့တဲ့သူနဲ့ ရှာလူကြီးတွေကို စုံစမ်းမေးမြန်းတယ်။

ဒီလို ရဲလုပ်ငန်းဆောင်ရွက်နေတုန်းမှာပဲ ခပ်ဝေးဝေးဆီ





ကနေ လူတစ်ယောက်လာတာကို လှမ်းတွေ့နေရတယ်။

ပထမတော့ အမှတ်တမဲ့ပဲ၊ ဒါပေမဲ့ တစ်စတစ်စနဲ့ အဲဒီလူကို သံသယဝင်လာတယ်၊

သူ့အနေအထားက ရဲမျက်လုံးနဲ့ကြည့်ရင် မသင်္ကာစရာဖြစ်နေတယ်၊ (ခိုင်လုံတဲ့ သက်သေအထောက်အထားရှိလို့တော့ မဟုတ်ဘူး)။

သူက အခြားရှာသူရှာသားတွေလို အလောင်းရှိတဲ့နေရာအထိ လာပြီးမကြည့်ဘူး၊

ကျွန်တော်တို့နဲ့ ကိုက်တစ်ရာလောက်ဝေးတဲ့နေရာကနေ ချုံပုတ်လေးတစ်ခုကို ကွယ်ပြီးကြည့်နေတယ်။

ကြည့်တဲ့ပုံစံကလည်း မရိုးမသားပုံစံနဲ့.....၊

ချုံအပြင်ဘက် ခေါင်းထွက်ကြည့်လိုက်၊ ပြန်ကွယ်သွားလိုက်၊ ပြန်ပြီး ခေါင်းပြူကြည့်လိုက်၊ ကွယ်လိုက် လုပ်နေတယ်။

သူဖြစ်နေတဲ့ အနေအထားကို အခြားသူတွေကတော့ သတိထားမိမှာမဟုတ်ဘူး၊

ကျွန်တော်က သူ့ကိုပဲ ရဲမျက်လုံးနဲ့ ကြည့်နေတာဆိုတော့ မသင်္ကာစရာလူတစ်ယောက်အဖြစ် တွေ့နေရတယ်။

ဒါ့ကြောင့် နယ်ထိန်းခေါင်းဆောင်ကို လက်တို့ပြီး


www.burmeseclassic.com

www.burmeseclassic.com



အဲဒီသူကို ဖမ်းခိုင်းလိုက်တယ်၊ နယ်ထိန်းအဖွဲ့က လက်ထိပ်ခတ်ပြီး ခေါ်လာတယ်။

ရွာလူကြီးတွေရော၊ ရွာသူရွာသားတွေပါ အံ့အားသင့်သွားကြတယ်။

ဘာ့ကြောင့် ဖမ်းရတာလဲပေါ့ ဒါပေမဲ့ ဘယ်သူကမှတော့ မမေးကြဘူး၊

သူတို့မေးရင်လည်း ဘာ့ကြောင့်ဖမ်းရတယ်ဆိုတာ ကျွန်တော်ဖြေနိုင်မှာ မဟုတ်ဘူး။

"မသင်္ကာလို့ ဖမ်းတယ်" ဆိုတဲ့ အဖြေကလွဲပြီး အခြားဖြေစရာ ကျွန်တော့်မှာမရှိဘူး၊

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဖမ်းထားလိုက်ပြီ၊

အဲဒီနောက်မှာ ရွာတစ်ရွာထဲကိုဝင်ပြီး စုံစမ်းတယ်၊

သတင်းအချက်အလက်တချို့ ထပ်မံရရှိတာနဲ့ မသင်္ကာတရားခံသုံးယောက် ထပ်ပြီးဖမ်းတယ်။

အလောင်းကိုရင်ခွဲစစ်ဆေးဖို့ ဆုတ်တွင်းဆေးရုံကို အပို့ခိုင်းပြီး ဖမ်းထားတဲ့မသင်္ကာတရားခံ လေးယောက်နဲ့အတူ ရဲစခန်း ပြန်လာခဲ့ကြတယ်။

နောက်နေ့မနက်တျ တရားခံလေးယောက်စလုံးကို





တရားရုံးပို့ပြီး ရိမန်ကြီးတစ်ပတ် ချုပ်မိန့်တောင်းတယ်။

ညဘက်မှာ တရားခံတွေကို ထုတ်စစ်ဖို့စီစဉ်တယ်...၊

တစ်ညကို တရားခံတစ်ယောက်ပဲ စစ်မယ်၊ အဖွဲ့တွေခွဲပြီးညလုံးပေါက်စစ်မယ်၊

လေးရက်ပြည့်လို့ တရားခံလေးယောက်စလုံး စစ်ပြီးသွားရင် တစ်ခုခုတော့သတင်းအစအန ရမယ်လို့စဉ်းစားမိတယ်၊

ရလာတဲ့ သတင်းအစအနလေးကို လိုက်ကြည့်ရင် ကံကောင်းထောက်မပြီး အမှုပေါ်ချင်ပေါ်နိုင်တယ်လို့ အားတင်းထားရတယ်။

ဒါပေမဲ့ အမှုပေါ်ဖို့ကတော့ လုံးဝမလွယ်တဲ့အနေအထားဆိုတာလည်း ကိုယ့်ဘာသာသိနေတယ်။

လူသက်သေ၊ ပစ္စည်းသက်သေ၊ ဘာသက်သေမှမရှိတာကိုး......၊

ဘယ်လိုပဲဖြစ်ဖြစ် လုပ်ငန်းသဘောသဘာဝအရ စစ်ရမှာပဲလို့တွေးပြီး တရားခံလေးယောက်ထဲက စိတ်ဓာတ်အပျော့ဆုံးလို့ထင်ရတဲ့ ကောင်လေးတစ်ယောက်ကို လက်ထိတ်နောက်ပြန်ခတ်ပြီး အချုပ်ထဲက ထုတ်လိုက်တယ်။

"အေးအေးဆေးဆေး အသာတကြည်မေးလို့ရရင်ရ၊



www.burmeseclassic.com

www.burmeseclassic.com



မရရင်တော့ သေပြီသာမှတ်" လို့လည်း အမှုစစ်တို့ ထုံးစံအတိုင်း ခြိမ်းခြောက်၊ ဟိန်းဟောက်လိုက်တယ်။

မသက်ာ့တရားခံကောင်လေးကို စစ်ကြောရေးအခန်းထဲ ခေါ်ခဲ့တယ်။

အမှုစစ်ဖို့အတွက် တရားခံရဲ့ အမည်၊ မိဘအမည်၊ အသက်၊ မှတ်ပုံတင်အမှတ်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ စတာတွေကို အရင်မေးရတယ်။

အမှုအကြောင်းကို တစ်လုံးတစ်ပါဒတောင် မမေးရသေးဘူး၊ ကင်းသမားတစ်ယောက်ဝင်လာပြီး ကျွန်တော့်ကိုသတင်းပို့တယ်။

"ဗိုလ်ကြီး၊ အချုပ်ထဲက တရားခံတစ်ယောက်က......

ဘယ်သူ့ကိုမှမငဲ့ပါနဲ့တော့၊ သူသတ်တာပါ၊ သူဝန်ခံပါ့မယ်လို့ ဗိုလ်ကြီးကို ပြောခိုင်းလိုက်ပါတယ်"

ကျွန်တော်လည်း အမှုပေါ်ပြီဆိုပြီး ဝမ်းသာသွားတာပေါ့

ဒါနဲ့ပဲ ပထမထုတ်လာတဲ့ကောင်လေးကို အချုပ်ခန်းထဲ ပြန်ထည့်၊ သူသတ်တာပါဆိုပြီး ဝန်ခံတဲ့တရားခံကိုထုတ်ပြီး မေးရတော့တာပေါ့

အမှန်ပဲဗျို့၊ အဲဒီကောင်သတ်တာ တကယ်ပဲ....၊



သတ်တဲ့ကောင်နဲ့ အသတ်ခံရတဲ့ကောင်က ရည်းစားလုဖက်တွေတဲ့ဗျ၊ အဲ့ကြောင့် သတ်ရတာပါလို့ ဝန်ခံတယ်။

လူသတ်ရာမှာ အသုံးပြုတဲ့ ဓားမြောင်တစ်ချောင်းကိုလည်း ထုတ်ပေးတယ်။

နောက်နေ့ကျ တရားရုံးမှာလည်း ကြိုတင်အစစ်ခံချက်ပေးတယ်၊

ဒီလိုနဲ့ အမှုဖော်ထုတ်ဖို့ ရာနှုန်းပြည့်ခက်ခဲမယ်လို့ ယူဆခဲ့တဲ့ လူသတ်မှု၊

သက်သေအထောက်အထား ဘာတစ်ခုမှမရှိတဲ့ လူသတ်မှုဟာ ကျွန်တော့်ရဲ့ ရဲလုပ်သက်နှစ်ပေါင်းများစွာအတွင်းမှာ အလွယ်ကူဆုံးဖော်ထုတ်နိုင်ခဲ့တဲ့ လူသတ်မှုဖြစ်သွားရပါတယ်။

"သေသူ့ဝိညာဉ်"

ဒီကောင်က ဘန့်ပွေးကုန်းသား၊ ကျွန်တော်တို့ရွာကို လူငှားလာလုပ်တာ။

သူလူငှားလုပ်တဲ့အိမ်က ကျွန်တော်နဲ့ ကြိုက်နေတဲ့ ကောင်မလေးရဲ့အိမ်၊

ဒီကောင်ရောက်လာပြီးနောက်ပိုင်းမှာ ကောင်မလေးက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုရှောင်ဖယ်ရှောင်ဖယ်လုပ်လာတယ်၊

ဒီကောင်နဲ့ တပူးတွဲတွဲနေတယ်....၊

ကြာလာတော့ ကျွန်တော်မခံစားနိုင်တော့ဘူး။ ကောင်မလေးကို ဖွင့်မေးတယ်၊

ဒီကောင်နဲ့ ကြိုက်နေကြပြီလို့ ကောင်မလေးကပြောတယ်၊

ကျွန်တော် ဒေါသအရမ်းထွက်သွားတယ်၊

တစ်ရွာသား သူရင်းငှားက ကျွန်တော်တို့ရွာလာပြီး လူတွင်ကျယ်လုပ်တာကို ကျွန်တော်မခံနိုင်ဘူး၊

ကျွန်တော့်အချစ်ကို လုယူတာလည်း ကျွန်တော်မခံနိုင်ဘူး၊

ဒါ့ကြောင့် ဒီကောင့်ကိုသတ်ပစ်ဖို့ ဆုံးဖြတ်လိုက်တယ်။

ကျွန်တော့်အကြံကို မရိပ်မိအောင် အချိုသပ်ပေါင်းပြီး အခွင့်သာတဲ့နေ့မှာ သတ်ပစ်ခဲ့တာပါ။

သူ့အလောင်းကို လှည်းပေါ်တင်၊ အဝေးကလယ်ကွက်တစ်ခုတည်း သွားပစ်ခဲ့တယ်၊

အလောင်းပစ်ပြီး ချက်ချင်းလှည်းပြန်ကွေ့လိုက်ရင် လှည်းဘီးရာအတိုင်း လိုက်လာနိုင်တာမို့ ချက်ချင်းပြန်မကွေ့ဘဲ





လှည်းလမ်းအတိုင်း ဆက်ပြီးမောင်းသွားခဲ့တယ်။

အဝေးကြီးရောက်မှ အိမ်ကိုပြန်မောင်းလာခဲ့တယ်။

ဒီလူသတ်မှုအတွက် ကျွန်တော်သတ်တာကို ဘယ်သူမှမသိနိုင်အောင် ကြိုတင်စဉ်းစားပြီး ပိပိရိရိလုပ်နိုင်ခဲ့ပါတယ်။

သဲလွန်စလည်း ဘာမှမကျန်အောင် လုပ်ခဲ့တယ်။

ဒီအမှု လုံးဝမပေါ်နိုင်ဘူးလို့ ကျွန်တော်ယုံကြည်ခဲ့တယ်

အလောင်းတွေ့တယ်ဆိုပြီး ရွာကလူတွေသွားကြည့်ကြတော့ ကျွန်တော်သွားမကြည့်ဘူး၊ အိမ်မှာပဲနေခဲ့တယ်။

ဒါပေမဲ့ လူတွေအုပ်စုအုပ်စုနဲ့ ကြည့်နေတာတို့တော့ လှမ်းမြင်နေရတယ်။

ရဲတွေရောက်လာပြီး စစ်တာဆေးတာတွေလည်း တွေ့နေရတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော့်စိတ်တွေ တစ်မျိုးဖြစ်လာတယ်၊ အလောင်းကိုသွားကြည့်ချင်တဲ့စိတ်တွေ တားမရဆီးမရပေါ်လာတယ်၊ ဘယ်လိုမှ ထိန်းမရဘူး။

ဒါ့ကြောင့် အိမ်ကနေထွက်လာခဲ့တယ်။

လူသတ်မှုနဲ့ ပတ်သက်ပြီးကိုယ့်စိတ်ကို မယုံတာကြောင့် အဝေးကပဲ ချုံနဲ့ကွယ်ပြီး ကြည့်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ကျွန်တော်အဖမ်းခံလိုက်ရတယ်။

အဖမ်းခံရတဲ့အချိန်ကစပြီး ကျွန်တော့်စိတ်တွေ ယိမ်းယိုင်လာတယ်...၊

ဘာသက်သေအထောက်အထားမှ မရှိဘူး၊ ငြင်းရင်ရတယ်ဆိုတာသိပေမဲ့ ဖွင့်ဟဝန်ခံချင်တဲ့စိတ်တွေပဲ တဖွားဖွားပေါ်နေတယ်။

အမှုစစ်မယ်လုပ်တော့လည်း ကျွန်တော့်ကြောင့် မဆိုင်တဲ့သူတွေ ဒုက္ခရောက်မှာကိုတွေးပြီး စိတ်ဆင်းရဲခဲ့ရတယ်။

အဲ့ကြောင့် ကျွန်တော်သတ်တဲ့အကြောင်း ဖွင့်ပြောရတာပါ...''လို့ လူသတ်သမားက ဝန်ခံတယ်။

စာရေးဆရာလည်း သိပါတယ်၊ ဒီအမှုဟာ ဖော်ထုတ်ရခက်ခဲတဲ့အမှုတစ်မှုဆိုတာ....၊

ဒါပေမဲ့ လူသေအလောင်းကို လက်နဲ့သုံးချက်ပုတ်၊ အမိန့်ပြန်ပြီးတဲ့နောက်မှာ ကျွန်တော်အမိန့်ပြန်တဲ့အတိုင်း သေသူရဲ့ဝိညာဉ်က ကျွန်တော့်ကိုအကူအညီပေးခဲ့တယ်။

တရားခံကို ကျွန်တော့်ဆီဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာအောင် ပို့ပေးတယ်။

ကျွန်လင့်တကူ ဖွင့်ဟဝန်ခံတယ်၊



သက်သေခံများကို ထုတ်ပေးတယ်။

ဒါတွေအားလုံးဟာ အကြောင်းမဲ့ဖြစ်လာတာလို့ ကျွန်တော် မထင်ဘူး၊ သေချာပေါက် အသတ်ခံရသူရဲ့ဝိညာဉ်တကူညီနေတာပဲဖြစ်ပါတယ်။

စာရေးသူရဲ့မိတ်ဆွေက သူကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ ထူးခြားဖြစ်စဉ်တစ်ခုကို နိဂုံးချုပ်လိုက်ပြီဖြစ်ပါတယ်။

ဒါပေမဲ့ စာရေးသူမှာတော့ ရေးစရာအချို့ ကျန်ရှိနေပါသေးတယ်....၊

စာဖတ်သူလေ့လာကြည့်စေချင်ပါတယ်။

**"ဝိညာဉ်ဆိုသော ထုံအရာ"**

ဝိညာဉ်ဆိုတဲ့အရာကို စိတ်၊ အသက်၊ လိပ်ပြာလို့ မြန်မာအဘိဓာန်မှာ ဖွင့်ဆိုထားတယ်၊

ဝိညာဉ်ကို အများစုက နာမ်သဘာဝသက်သက်အရာတစ်ခုလို့ ထင်နေကြတယ်၊ ဒီထပ်မြင်ချက်ကို မှားယွင်းတယ်လို့ စာရေးသူထင်ပါတယ်....၊

ဘာကြောင့်လဲဆိုတော့ လူတစ်ယောက်သေဆုံးပြီဆိုတာနဲ့ သေခါနီးအာရုံဖြစ်တဲ့ အာသန္နကံဇောက ပြီးသွားအကျိုးပေး

www.burmeseclassic.com



ပြီး ဘဝသစ်ကို အကြားအလပ်မရှိကူးပြောင်းသွားခြင်းဖြစ်လို့ပါ။

အများစုထင်နေသလို အသက်ဝိညာဉ်ကောင်လေးက ခန္ဓာကိုယ်ကနေခွါပြီး လျှောက်သွားနေတာမဟုတ်ပါဘူး၊

လူသတ်မှုဖြစ်တဲ့အတွက် အသတ်ခံရသူဟာ လူသတ်သမားအပေါ် သေရတဲ့ဖြစ်စဉ်အပေါ်နဲ့ ကျန်ရစ်ခဲ့တဲ့ ချစ်ခင်သူတွေအပေါ်မှာ စွဲလမ်းစိတ် ဖြစ်ပေါ်သွားပါလိမ့်မယ်။

သူစွဲလမ်းတဲ့ ပတ်ဝန်းကျင်မှာ ပြိတ္တာ၊ နာနာဘာဝ၊ တစ္ဆေသရဲဘဝနဲ့ တည်မှီသွားတာဖြစ်ပါမယ်။

ဒါ့ကြောင့်သာ အကြောင်းတိုက်ဆိုင်တဲ့အခါ သက်ဆိုင်သူတွေကို အိပ်မက်ပေးခြင်း၊ ကိုယ်ထင်ပြခြင်း၊ အနံ့ပေးခြင်း၊ အသံပေးခြင်းတွေ ပြုလုပ်ပြီး လူသတ်မှုဖော်ထုတ်ရာမှာ ပါဝင်လာကြခြင်းဖြစ်တယ်လို့ ထင်မြင်မိကြောင်း တင်ပြအပ်ပါတယ်။

စာဖတ်သူအား ချစ်ခင်လေးစားလျက်

မောင်မိုင်းညို(ချောင်းဦး)
၁၅ .မတ် . ၂၀၁၆

❖ ❖ ❖ ❖ ❖

– စာရေးသူရေးသားထုတ်ဝေခဲ့သည့် ဖြစ်ရပ်မှန်ဇာတ်လမ်းများနှင့် ပတ်သက်ပြီး ဝေဖန်အကြံပြုလို၍ဖြစ်စေ၊

– စာဖတ်သူကိုယ်တိုင် ကြုံတွေ့ခဲ့သော/တစ်ဆင့်ကြားသိခဲ့သော အမှန်တကယ် ဖြစ်ပျက်ခဲ့သည့် ထူးခြားဆန်းကြယ် ဖြစ်ရပ်များကို ဖွင့်ဟလို၍ဖြစ်စေ၊

– စာရေးသူ၏ ဖုန်းနံပါတ် (၀၉. ၂၆၄၈၀၀၁၃၅) သို့ဆက်သွယ်ပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ထာဝရချစ်ခင်လေးစားလျက်

မောင်မိုင်းညို(ချောင်းဦး)

www.burmeseclassic.com